ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# မြန်မာသဒ္ဒါ
# အတွဲ(၁)၊ အခန်း(၄)
## အဌမတန်း

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# မြန်မာသဒ္ဒါ
# အတွဲ(၁)၊ အခန်း(၄)
## အဋ္ဌမတန်း

MCRS
Reference
Library

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ

၂၀၁၆-၁၇

၂၀၁၆-၁၇ ပညာသင်နှစ်

အခြေခံပညာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်

ကျောင်းသုံးစာအုပ်ကော်မတီ၏ မူပိုင်ဖြစ်သည်။

# အမှာစာ

မြန်မာစာ အခွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးကိုရည်သန်၍ မြန်မာစာအဖွဲ့ဦးစီးဌာနသည် မြန်မာသဒ္ဒါ အခြေပြုကျမ်းကို ရှေးဦးစွာပြုစုခဲ့ပါသည်။

ထိုမြန်မာသဒ္ဒါအခြေပြုကျမ်းကို အခြေခံလျက် ကျောင်းများတွင် မြန်မာသဒ္ဒါကို လွယ်ကူစွာ လေ့လာ သင်ယူနိုင်ရန်အတွက် ကျောင်းသူကျောင်းသားတို့၏ အသက်၊ ဉာဏ်ရည်နှင့် ဆီလျော်မည့် သဒ္ဒါကျမ်းများကို ဆက်လက်ပြုစုခဲ့ပါသည်။

မြန်မာသဒ္ဒါကို အတွဲ(၃)တွဲခွဲကာ ပြုစုပါသည်။ မြန်မာသဒ္ဒါအတွဲ(၁)ကို အခြေခံပညာအလယ်တန်း အတွက်၊ မြန်မာသဒ္ဒါအတွဲ(၂)ကို အခြေခံပညာအထက်တန်းအတွက်၊ မြန်မာသဒ္ဒါအတွဲ(၃)ကို တက္ကသိုလ် အတွက် ရည်ရွယ်ပါသည်။

မြန်မာသဒ္ဒါအတွဲ(၃)တွဲကို ပြုစုရခြင်း၏ ရည်ရွယ်ချက်မှာ ကျောင်းသူကျောင်းသားများနှင့် မြန်မာစာ လေ့လာသူများ မြန်မာသဒ္ဒါ၏ အခြေခံသဘောသဘာဝကို နားလည်၍ မြန်မာစာရေးသားရာ၌ မြန်မာသဒ္ဒါ နည်းနှင့်အညီ စည်းကမ်းတကျ ရေးသားတတ်စေရန်ပင်ဖြစ်ပါသည်။

ထိုရည်ရွယ်ချက်ကို အခြေခံလျက် ကျောင်းသူကျောင်းသားတို့ ဗျည်းသံများအကြောင်း ပိုမိုနားလည် စေရန်လည်းကောင်း၊ ဝါစင်္ဂများကို စိတ်ဖြာ၍ နားလည်စေရန်လည်းကောင်း၊ ဝါကျရိုးနှင့်ဝါကျရောအခြေခံကို နားလည်စေရန်လည်းကောင်း ဤမြန်မာသဒ္ဒါ အတွဲ(၁)၊ အခန်း(၄) ကိုပြုစုပါသည်။

မြန်မာသဒ္ဒါကျမ်းများကို ပြုစုရာတွင် ကျောင်းသူကျောင်းသားများ၏ အသက်နှင့်အတန်းကို ချင့်၍ ဉာဏ်ရည်နှင့်လိုက်အောင် အဆင့်ဆင့် ပိုင်းခြားပြုစုပါသည်။ အခန်းလိုက် အခန်းလိုက် ကျေညက်အောင် လေ့လာကြခြင်းဖြင့် မြန်မာသဒ္ဒါကို အခြေခံခိုင်ခိုင် တတ်မြောက်ကြမည်ဟု ယုံကြည်ပါသည်။

**မြန်မာစာအဖွဲ့**

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ဗျည်းအက္ခရာ (၄)မျိုး | ၁ |
| ၂။ | နာမ် | ၄ |
| ၃။ | နာမ်စား | ၁၃ |
| ၄။ | ကြိယာ | ၁၆ |
| ၅။ | နာမဝိသေသန | ၁၈ |
| ၆။ | အညွှန်းနာမဝိသေသနနှင့် အညွှန်းနာမ်စား | ၂၁ |
| ၇။ | ကြိယာဝိသေသန | ၂၃ |
| ၈။ | ဝိဘတ် | ၂၆ |
| ၉။ | သမ္ဗန္ဓ | ၃၁ |
| ၁၀။ | ဝါကျဆက်သမ္ဗန္ဓနှင့် နာမ်ဝိဘတ် | ၄၀ |
| ၁၁။ | နာမ်ပစ္စည်း | ၄၃ |
| ၁၂။ | ဝါကျ | ၄၈ |
| ၁၃။ | ဝါကျရိုးနှင့်ဝါကျရော | ၅၂ |
| ၁၄။ | စကားလုံးအညွှန်း | ၅၈ |

# ဗျည်းအက္ခရာ (၄)မျိုး

## ဗျည်းအက္ခရာ (၄)မျိုး

၁။ ဗျည်းအက္ခရာတို့ကို ပင်ကိုအသံ ပြင်းမှု၊ မပြင်းမှု၊ လျော့မှု၊ တင်းမှုကို အခြေခံ၍ ဗျည်းအက္ခရာတို့ကို (၄) မျိုးခွဲသည်။ ၎င်းတို့မှာ--

(က) **ဃောသအက္ခရာ** (သံပြင်းအက္ခရာ)
(ခ) **အဃောသအက္ခရာ** (သံညင်းအက္ခရာ)
(ဂ) **ဓနိတအက္ခရာ** (သံတင်းအက္ခရာ)
(ဃ) **သိထိလအက္ခရာ** (သံလျော့အက္ခရာ) တို့ဖြစ်ကြသည်။

၂။ (က) **ဃောသအက္ခရာ (သံပြင်းအက္ခရာ)**။ ယင်း(၄)မျိုးတွင် ပင်ကိုအားဖြင့် ပြင်းသောအသံ (သံပြင်း) ရှိသောအက္ခရာကို **ဃောသအက္ခရာ** ဟုခေါ်သည်။ ဃောသအက္ခရာ အလုံး (၂၀)ရှိသည်။ ၎င်းတို့မှာ-

(၁) တတိယအက္ခရာ (၅) လုံး (ဂ၊ ဇ၊ ဍ၊ ဒ၊ ဗ)
(၂) စတုတ္ထအက္ခရာ (၅) လုံး (ဃ၊ ဈ၊ ဎ၊ ဓ၊ ဘ)
(၃) ပဥ္စမအက္ခရာ (၅) လုံး (င၊ ည၊ ဏ၊ န၊ မ)
(၄) အဝဂ်အက္ခရာ (၅) လုံး (ယ၊ ရ၊ လ၊ ဝ၊ ဠ) တို့ဖြစ်ကြသည်။

(ထိုဗျည်းအက္ခရာ အလုံး (၂၀)တို့၌ ပင်ကိုအားဖြင့်ပြင်းသောအသံ (သံပြင်း) အသီးသီးရှိသောကြောင့် ရွတ်ဆိုသောအခါ အသံပြင်းပြင်း ထွက်ကုန်၏။ ထို့ကြောင့် ထိုဗျည်းအက္ခရာ အလုံး(၂၀)တို့ကို ဃောသအက္ခရာ ဟုခေါ်သည်။)

**မှတ်ချက်။ ရှေးဟောင်းသဒ္ဒါကျမ်းတို့၌မူ 'ဟ' ကို ဃောသ (သံပြင်းအက္ခရာ) တွင် ထည့်သွင်းရေတွက်၍ ဃောသအက္ခရာ(၂၀)လုံး ဟုပြသည်။**

(ခ) **အဃောသအက္ခရာ (သံညင်းအက္ခရာ)**။ ပင်ကိုအားဖြင့် **မပြင်းသောအသံ** (သံညင်း) ရှိသော အက္ခရာကို **အဃောသအက္ခရာ** ဟုခေါ်သည်။ **အဃောသအက္ခရာ** (၁၂)လုံး ရှိသည်။ ၎င်းတို့မှာ-

(၁) ပထမအက္ခရာ (၅)လုံး (က၊ စ၊ ဋ၊ တ၊ ပ)
(၂) ဒုတိယအက္ခရာ (၅)လုံး (ခ၊ ဆ၊ ဌ၊ ထ၊ ဖ)
(၃) အဝဂ်အက္ခရာ (၂)လုံး (သ၊ ဟ)တို့ ဖြစ်ကြသည်။

(ထိုဗျည်းအက္ခရာ (၁၂)လုံးတို့၌ ပင်ကိုအားဖြင့် **မပြင်းသောအသံ**(သံညင်း) ရှိကြသဖြင့် ရွတ်ဆိုသောအခါ အသံညင်းညင်းထွက်ကုန်၏။ ထို့ကြောင့် ထိုဗျည်းအက္ခရာ (၁၂)လုံးတို့ကို

**အဃောသအက္ခရာ** ဟုခေါ်သည်။

**မှတ်ချက်။ မြန်မာတို့နေ့စဉ် ပြောဆိုကြရာ၌ 'ဟ'အပါအဝင် သံညင်း အက္ခရာ (၁၂)လုံးကို နေရာဌာနလိုက်၍ သံညင်းဖြင့်လည်းကောင်း၊ သံပြင်းဖြင့်လည်းကောင်း ရွတ်ဆိုကြသည်။ ယင်းသို့ သံညင်း၊ သံပြင်း ရွတ်ဆိုနိုင်သော အက္ခရာ (၁၂) လုံးကို မြန်မာဘာသာ၌ သံညင်း အက္ခရာဟူ၍ ယေဘုယျနည်းအားဖြင့် ခေါ်ဆိုသည်။ ရှေးဟောင်းသဒ္ဒါကျမ်းတို့၌မူ 'ဟ'ကို ဃောသ (သံပြင်းအက္ခရာ) တွင် ထည့်သွင်းရေတွက်၍ အဃောသအက္ခရာ (၁၀)လုံးဟုပြသည်။**

(ဂ) **ဓနိတအက္ခရာ (သံတင်းအက္ခရာ)**။ အင်အားစိုက်ထုတ်၍ အသံတင်းတင်း ရွတ်ဆိုအပ်သော အက္ခရာကို **ဓနိတအက္ခရာ** ဟုခေါ်သည်။ **ဓနိတအက္ခရာ** (၅)လုံးရှိသည်။ ၎င်းတို့မှာ-

ဒုတိယအက္ခရာ (၅)လုံး (ခ၊ ဆ၊ ဌ၊ ထ၊ ဖ) တို့ဖြစ်ကြသည်။

(ထိုအက္ခရာ(၅)လုံးကို ရွတ်ဆိုသောအခါ အင်အားစိုက်ထုတ်၍ရွတ်ဆိုရ၏။ ထို့ကြောင့် ထိုအက္ခရာ (၅)လုံးကို **ဓနိတအက္ခရာ**ဟုခေါ်သည်။)

(ဃ) **သိထိလအက္ခရာ (သံလျော့အက္ခရာ)**။ အင်အားများများ မစိုက်ထုတ်ဘဲ အသံလျော့လျော့ ရွတ်ဆိုအပ်သော အက္ခရာကို **သိထိလအက္ခရာ** ဟုခေါ်သည်။ သိထိလအက္ခရာ (၁၅)လုံး ရှိသည်။ ၎င်းတို့မှာ-

(၁) ပထမအက္ခရာ (၅)လုံး (က၊ စ၊ ဋ၊ တ၊ ပ)

(၂) တတိယအက္ခရာ (၅)လုံး (ဂ၊ ဇ၊ ဍ၊ ဒ၊ ဗ)

(၃) စတုတ္ထအက္ခရာ (၅)လုံး (ဃ၊ ဈ၊ ဎ၊ ဓ၊ ဘ)

(ထိုအက္ခရာ (၁၅)လုံးကို ရွတ်ဆိုသောအခါ အင်အားများများ စိုက်ထုတ်ခြင်း မပြုဘဲ လျော့လျော့ ရွတ်ဆိုရ၏။ ထို့ကြောင့် ထိုအက္ခရာ(၁၅)လုံးကို **သိထိလအက္ခရာ** ဟုခေါ်သည်။)

**မှတ်ချက်။ 'ဃ၊ ဈ၊ ဎ၊ ဓ၊ ဘ' အက္ခရာတို့သည် ပါဠိဘာသာ၌ သံတင်း (ဓနိတ) များဖြစ်သော်လည်း မြန်မာတို့က 'ဂ၊ ဇ၊ ဍ၊ ဒ၊ ဗ' တို့နှင့်အတူ သံလျော့အနေထား၍ ရွတ်ဖတ်ပြောဆိုသဖြင့် သံလျော့အက္ခရာများ အဖြစ်ခွဲပြသည်။ ဗုဒ္ဓဘာသာ မြန်မာယဉ်ကျေးမှုအရ ရှင်ပြုရဟန်းခံ သာသနာကိစ္စများတွင်ကား ထို 'ဃ၊ ဈ၊ ဎ၊ ဓ၊ ဘ' တို့ကို သံတင်း (ဓနိတအက္ခရာ)များအဖြစ် အသံတင်းတင်းမာမာ ဖြစ်အောင်ရွတ်ဆိုကြသည်။**

**ဝဂ်ဗျည်းများ၏ အဃောသ၊ ဃောသ၊ သထိလ၊ ဓနိတ ပုံပြဇယား**

| အဃောသ(သံညင်း) | | ဃောသ(သံပြင်း) | | |
|---|---|---|---|---|
| သိထိလ (သံလျော့) | ဓနိတ (သံတင်း) | သိထိလ (သံလျော့) | သိထိလ (သံလျော့) | |
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |

**အဝဂ်ဗျည်းများ၏ အဃောသ၊ ဃောသ ပုံပြဇယား**

| ဃောသ(သံပြင်း) | | | | | အဃောသ(သံညင်း) | |
|---|---|---|---|---|---|---|
| ယ | ရ | လ | ဝ | ဠ | သ | ဟ |

မှတ်ချက်။ **အဝဂ်ဗျည်းများမှာ ဌာန်မတူသောကြောင့် သိထိလ၊ ဓနိတခွဲခြားရန်မလို။**

**နာမ်**

၃။ သက်ရှိသက်မဲ့၊ ဒြပ်ရှိဒြပ်မဲ့တို့၏ အမည်ဟူသမျှကို နာမ်ဟုခေါ်သည်။

သာဓက။ မောင်လှ၊ ကျောင်းသား၊ လူ၊ တိရစ္ဆာန်၊ သတ္တိ၊ အချစ်၊ အမုန်း၊ ခွန်အား။

၄။ နာမ်ကို-

(က) အနက်အဓိပ္ပာယ်အရ (၄)မျိုး

(ခ) ဖွဲ့စည်းတည်ဆောက်ပုံအရ (၄)မျိုး ခွဲသည်။

(အနက်အဓိပ္ပာယ်အရ နာမ်(၄)မျိုးအကြောင်းကို အတွဲ(၁)၊ အခန်း(၃)၌ ဖော်ပြခဲ့ပြီး။ ဤ အတွဲ(၁)၊ အခန်း(၄)၌ ဖွဲ့စည်းတည်ဆောက်ပုံအရ နာမ်(၄)မျိုးအကြောင်းကို ဆက်လက်ဖော်ပြမည်။)

၅။ နာမ်သည် ဖွဲ့စည်းတည်ဆောက်ပုံအရ (၄)မျိုးရှိသည်။ ၎င်းတို့မှာ--

(က) ပင်ကိုနာမ်

(ခ) ဂုဏ်ရည်ပြနာမ်

(ဂ) ကြိယာနာမ်

(ဃ) ပေါင်းစပ်နာမ်တို့ဖြစ်ကြသည်။

၆။ (က) **ပင်ကိုနာမ်။** မြန်မာသဒ္ဒါနည်းဖြင့် ခွဲစိတ်၍လည်းမရ၊ ပေါင်းစပ်ဖွဲ့စည်းထားခြင်းလည်းမဟုတ်၊ မူလအတိုင်းဖြစ်သော နာမ်ကို **ပင်ကိုနာမ်** ဟုခေါ်သည်။

သာဓက။ လူ၊ သား၊ ငါး၊ နေ၊ စပါး၊ သတင်း၊ ကြက်သွန်၊ ထမင်း၊ ပညာ၊ ကရုဏာ၊ သညာ၊ ဒုက္ခ၊ ဒရိုင်ဘာ၊ ဒါရိုက်တာ။

(စကားလုံးတစ်လုံး၊ သို့မဟုတ် ပုဒ်တစ်ခုကို ခွဲစိတ်လိုက်လျှင် ထိုစကားလုံး၏ မူလအနက်အဓိပ္ပာယ် ပျက်သွားသည်ကို 'ခွဲစိတ်၍မရ' ဟုဆိုလို ခြင်းဖြစ်သည်။)

(၁) လူ၊ ငါး၊ နေ အစရှိသည်တို့သည် ခွဲစိတ်၍လည်းမရ၊ ပေါင်းစပ်ဖွဲ့စည်းထားခြင်းလည်း မဟုတ်သော **ပင်ကိုနာမ်**များ ဖြစ်ကြသည်။

**စပါး** ဟူသော နာမ်သည် ခွဲစိတ်၍လည်းမရ၊ ပေါင်းစပ်ဖွဲ့စည်းထားခြင်းလည်း မဟုတ်သော နာမ်ဖြစ်သည်။ **စပါး** ၏ ဆိုလိုရင်း အနက်မှာ 'ပူအိုက်စွတ်စိုသော အရပ်တို့တွင် ဆန်အလို့ငှာ စိုက်ပျိုးရသော ကောက်ပင်' ဖြစ်သည်။

**စပါး**ကို ခွဲစိတ်လိုက်လျှင် **စ** နှင့် **ပါး** ဟူသော အစိတ်အပိုင်း (၂) ခုကိုရမည်။ သို့ရာတွင် **စ** သည်လည်းကောင်း၊ **ပါး** သည်လည်းကောင်း **စပါး**၏ ဆိုလိုရင်းအနက်ကိုမပေးနိုင်ချေ။

ခွဲစိတ်ခြင်းဖြင့် မူလအဓိပ္ပာယ်မှာ ပျက်သွားသည်။ ထို့ကြောင့် **ဇဝါး** သည် ခွဲစိတ်မရသော နာမ်ဖြစ်သည်။

ထို့ပြင် **ရေအိုး**၊ **ရေကန်**၊ **အိုးစည်** စသည်တို့ကဲ့သို့ ပုဒ်အချင်းချင်း ပေါင်းစပ်ဖွဲ့စည်း ထား၍သည့် ပေါင်းစပ်ပုဒ်လည်း မဟုတ်သောကြောင့် **ဇဝါး**သည် ပင်ကိုနာမ် ဖြစ်သည်။

(ထိုနည်းတူ **သတင်း**၊ **ကြက်သွန်**၊ **ထမင်း** ဟူသော နာမ်တို့သည်လည်း ခွဲစိတ်၍လည်းမရ၊ ပေါင်းစပ်ဖွဲ့စည်းထားခြင်းလည်း မဟုတ်သော **ပင်ကိုနာမ်** များ ဖြစ်ကြသည်။)

(၂) **ပညာ**၊ **ကရုဏာ**၊ **သညာ**၊ **ဒုက္ခ** အစရှိသော နာမ်ပုဒ်တို့မှာမူ မြန်မာဘာသာစကားတို့တွင် အသုံးတွင်ကျယ်နေပြီဖြစ်သည့် ပါဠိစကားလုံးများ ဖြစ်ကြသည်။ ထိုစကားလုံးများကို ပါဠိ ဘာသာစကားတွင် ခွဲခြမ်းစိတ်ဖြာနိုင်မည်ဖြစ်သော်လည်း မြန်မာသဒ္ဒါနည်းအားဖြင့် ခွဲခြမ်းစိတ်ဖြာ၍ မရနိုင်ခြင်းကြောင့် ၎င်းတို့သည်လည်း ပင်ကိုနာမ်များပင် ဖြစ်ကြသည်။ (ထိုနည်းတူ **ဒရိုင်ဘာ**၊ **ဒါရိုက်တာ** အစရှိသော နာမ်များသည် အင်္ဂလိပ်ဘာသာစကားမှ တိုက်ရိုက်မွေးစားထားသော စကားလုံးများဖြစ်ကြသည်။ ၎င်းတို့ကို အင်္ဂလိပ်ဘာသာစကား ၌ ခွဲခြမ်းစိတ်ဖြာနိုင်မည် ဖြစ်သော်လည်း မြန်မာဘာသာစကားတွင် **ဒရိုင်ဘာ**၊ **ဒါရိုက်တာ** စသည်ဖြင့် အသုံးတွင်ကျယ်နေပြီး မြန်မာသဒ္ဒါနည်းအားဖြင့် ခွဲခြမ်းစိတ်ဖြာ၍ မရနိုင် သဖြင့် ၎င်းတို့သည်လည်း **ပင်ကိုနာမ်**များပင်ဖြစ်ကြသည်။)

(ခ) **ဂုဏ်ရည်ပြနာမ်**။ ဂုဏ်အရည်အချင်းပြပုဒ်များ၏ ရှေ့၌ဖြစ်စေ၊ နောက်၌ဖြစ်စေ ပစ္စည်း ဆက်၍ ဖြစ်လာသော နာမ်ကို **ဂုဏ်ရည်ပြနာမ်** ဟုခေါ်သည်။

သာဓက။ အကောင်း၊ ကောင်းမှု၊ ကောင်းခြင်း၊ အလှ၊ လှခြင်း၊ အပျော်၊ ပျော်စရာ။

(**ကောင်း**၊ **လှ**၊ **ပျော်** တို့သည် ဂုဏ်အရည်အချင်းပြပုဒ်များ ဖြစ်ကြသည်။ ၎င်းတို့၏ ရှေ့၌ဖြစ်စေ၊ နောက်၌ဖြစ်စေ **အ**၊ **မှု**၊ **ခြင်း**၊ **ရာ**၊ **ဖွယ်** စသော ပစ္စည်းတို့ကို ဆက်လိုက်သောအခါ **အကောင်း**၊ **ကောင်းမှု**၊ **ကောင်းခြင်း**၊ **အလှ**၊ **လှခြင်း**၊ **အပျော်**၊ **ပျော်စရာ** ဟူသော ဂုဏ်ရည်ပြနာမ်များ ဖြစ်လာကြသည်။)

(၁) ဂုဏ်အရည်အချင်းပြပုဒ်များ၏ ရှေ့၌ ပစ္စည်းဆက်၍ ဖြစ်လာသော ဂုဏ်ရည်ပြနာမ်များ

**သာဓက**။

| **ရှေ့ဆက်ပစ္စည်း** | **+** | **ဂုဏ်ရည်ပြပုဒ်** | **=** | **ဂုဏ်ရည်ပြနာမ်** |
|---|---|---|---|---|
| အ | + | ဆိုး | = | အဆိုး |
| အ | + | ကောင်း | = | အကောင်း |
| အ | + | နီ | = | အနီ |
| အ | + | ဖြူ | = | အဖြူ |

| | | | | |
|---|---|---|---|---|
| အ | + | အေး | = | အအေး |
| အ | + | ပူ | = | အပူ |

(၂) ဂုဏ်အရည်အချင်းပြ ပုဒ်များ၏နောက်၌ ပစ္စည်းဆက်၍ ဖြစ်လာသော ဂုဏ်ရည်ပြနာမ်များ .

သာဓက။

| **ဂုဏ်ရည်ပြပုဒ်** | **+** | **နောက်ဆက်ပစ္စည်း** | **=** | **ဂုဏ်ရည်ပြနာမ်** |
|---|---|---|---|---|
| ကောင်း | + | မှု | = | ကောင်းမှု |
| သာယာ | + | မှု | = | သာယာမှု |
| ထူးခြား | + | ချက် | = | ထူးခြားချက် |
| ထင်ရှား | + | ခြင်း | = | ထင်ရှားခြင်း |
| ကျော်ကြား | + | ခြင်း | = | ကျော်ကြားခြင်း |
| ရဲရင့် | + | ခြင်း | = | ရဲရင့်ခြင်း |

(ဂ) **ကြိယာနာမ်။** ကြိယာပုဒ်၏ရှေ့၌ဖြစ်စေ၊ နောက်၌ဖြစ်စေ ပစ္စည်းဆက်၍ဖြစ်လာသော နာမ်ကို **ကြိယာနာမ်** ဟုခေါ်သည်။

**သာဓက။** အစား၊ စားဖွယ်၊ လုပ်ဆောင်ချက်၊ ကူညီမှု၊ နေစရာ။

(**စား**၊ **လုပ်ဆောင်**၊ **ကူညီ**၊ **နေ** တို့သည် ကြိယာပုဒ်များ ဖြစ်ကြသည်။ ၎င်းတို့၏ ရှေ့၌ဖြစ်စေ၊ နောက်၌ဖြစ်စေ **အ**၊ **ဖွယ်**၊ **ချက်**၊ **မှု**၊ **ခြင်း**၊ **စရာ** စသော ပစ္စည်းတို့ကို ဆက်လိုက်သောအခါ **အစား**၊ **စားဖွယ်**၊ **လုပ်ဆောင်ချက်**၊ **ကူညီမှု**၊ **နေစရာ** ဟူသော ကြိယာနာမ်များ ဖြစ်လာကြသည်။)

(၁) ကြိယာ၏ ရှေ့၌ ပစ္စည်းဆက်၍ ဖြစ်လာသော ကြိယာနာမ်များ

**သာဓက။**

| **ရှေ့ဆက်ပစ္စည်း** | **+** | **ကြိယာ** | **=** | **ကြိယာနာမ်** |
|---|---|---|---|---|
| အ | + | စား | = | အစား |
| အ | + | သွား | = | အသွား |
| အ | + | ပြော | = | အပြော |
| အ | + | မြင် | = | အမြင် |

(၂) ကြိယာ၏နောက်၌ပစ္စည်းဆက်၍ဖြစ်လာသော ကြိယာနာမ်များ

**သာဓက။**

| **ကြိယာ** | **+** | **နောက်ဆက်ပစ္စည်း** | **=** | **ကြိယာနာမ်** |
|---|---|---|---|---|
| ကဲ့ရဲ့ | + | ဖွယ် | = | ကဲ့ရဲ့ဖွယ် |

| | | | | |
|---|---|---|---|---|
| ပြန်ကြား | + | ချက် | = | ပြန်ကြားချက် |
| တီထွင် | + | မှု | = | တီထွင်မှု |
| ခွင့်ပြု | + | ခြင်း | = | ခွင့်ပြုခြင်း |
| ပေး | + | စရာ | = | ပေးစရာ |

(ဃ) **ပေါင်းစပ်နာမ်။** ဝိဘတ်၊ ပစ္စည်း၊ သမ္ဗန္ဓတို့ကို ကြား၌မခံဘဲ နာမ်၊ ကြိယာ၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာဝိသေသနတို့ကို ထိုက်သည့်အားလျော်စွာ ပူးတွဲထားသော နာမ်ကို **ပေါင်းစပ်နာမ်** ဟုခေါ်သည်။

သာဓက။ ရေအိုး၊ အိမ်ဟောင်း၊ မီးခြစ်၊ လက်ပတ်နာရီ၊ ပေါက်တူး၊ သောက်ရေ။

၇။ ဤသို့ ပေါင်းစပ်ရာတွင် ပါဝင်ပေါင်းစပ်သော ဝါစင်္ဂကိုလိုက်၍ အောက်ပါအတိုင်း အမျိုးမျိုးခွဲခြားလေ့လာနိုင်သည်--

(က) နာမ် + နာမ်
(ခ) နာမ် + နာမဝိသေသန
(ဂ) နာမ် + နာမဝိသေသန + နာမ်
(ဃ) နာမ် + နာမ် + နာမဝိသေသန
(င) နာမ် + ကြိယာ
(စ) နာမ် + နာမ် + ကြိယာ
(ဆ) နာမ် + ကြိယာ + နာမ်
(ဇ) ကြိယာ + ကြိယာ
(ဈ) ကြိယာ + နာမ်

၈။ (က) **နာမ် + နာမ်။** နာမ်ပုဒ်တစ်ခုနှင့် အခြားနာမ်ပုဒ်တစ်ခုကို ပေါင်းစပ်လိုက်ခြင်းဖြင့် **ပေါင်းစပ်နာမ်** ဖြစ်လာသည်။

သာဓက။

| **နာမ်** | + | **နာမ်** | = | **ပေါင်းစပ်နာမ်** |
|---|---|---|---|---|
| ရေ | + | အိုး | = | ရေအိုး |
| ရေ | + | ခွက် | = | ရေခွက် |
| မီး | + | ရထား | = | မီးရထား |
| ပင်လယ် | + | ငါး | = | ပင်လယ်ငါး |

(ခ) **နာမ် + နာမဝိသေသန။** နာမ်ပုဒ်တစ်ခုနှင့် နာမဝိသေသနပုဒ်တစ်ခုကို ပေါင်းစပ်လိုက်ခြင်းဖြင့် ပေါင်းစပ်နာမ်ဖြစ်လာသည်။

| သာဓက။ | **နာမ်** | **+** | **နာမဝိသေသန** | **=** | **ပေါင်းစပ်နာမ်** |
|---|---|---|---|---|---|
| | မီး | | ပူ | = | မီးပူ |
| | ရေ | + | နွေး | = | ရေနွေး |
| | အိမ် | + | ဟောင်း | = | အိမ်ဟောင်း |
| | တိုက် | | သစ် | = | တိုက်သစ် |

(ဂ) **နာမ် + နာမဝိသေသန + နာမ်။** နာမ်ပုဒ်တစ်ခု၊ နာမဝိသေသနပုဒ်တစ်ခုနှင့် နာမ်ပုဒ် တစ်ခုတို့ကို အစဉ်အတိုင်း ပေါင်းစပ်လိုက်ခြင်းဖြင့် ပေါင်းစပ်နာမ် ဖြစ်လာသည်။

| သာဓက။ | နာမ် | + | နာမဝိသေသန | + | နာမ် | = | ပေါင်းစပ်နာမ် |
|---|---|---|---|---|---|---|---|
| | ရေ | + | နွေး | + | အိုး | = | ရေနွေးအိုး |
| | ရေ | + | ပူ | + | စမ်း | = | ရေပူစမ်း |
| | ခြေ | + | လျင် | + | တပ် | = | ခြေလျင်တပ် |

(ဃ) **နာမ် + နာမ် +နာမဝိသေသန။** နာမ်ပုဒ်နှစ်ခုနှင့် နာမဝိသေသနပုဒ်ကို အစဉ်အတိုင်း ပေါင်းစပ်လိုက်ခြင်းဖြင့် ပေါင်းစပ်နာမ်ဖြစ်လာသည်။

| သာဓက။ | **နာမ်** | **+** | **နာမ်** | **+** | **နာမဝိသေသန** | **=** | **ပေါင်းစပ်နာမ်** |
|---|---|---|---|---|---|---|---|
| | ပင်လယ် | + | ရေ | + | တိမ် | = | ပင်လယ်ရေတိမ် |
| | ပင်လယ် | + | ရေ | + | ငန် | = | ပင်လယ်ရေငန် |

(င) **နာမ် + ကြိယာ။** နာမ်ပုဒ်တစ်ခုနှင့် ကြိယာပုဒ်တစ်ခုကို အစဉ်အတိုင်း ပေါင်းစပ်လိုက်ခြင်းဖြင့် ပေါင်းစပ်နာမ်ဖြစ်လာသည်။

| သာဓက။ | **နာမ်** | **+** | **ကြိယာ** | **=** | **ပေါင်းစပ်နာမ်** |
|---|---|---|---|---|---|
| | ခါး | + | ပတ် | = | ခါးပတ် |
| | ငါး | + | ကြော် | = | ငါးကြော် |
| | ပဲ | + | လှော် | = | ပဲလှော် |

(စ) **နာမ် + နာမ် +ကြိယာ။** နာမ်ပုဒ်နှစ်ခုနှင့် ကြိယာပုဒ်တစ်ခုကို ပေါင်းစပ်လိုက်ခြင်းဖြင့် ပေါင်းစပ်နာမ်ဖြစ်လာသည်။

| | | | | | | |
|---|---|---|---|---|---|---|
| သာဓက။ | **နာမ်** | + | **နာမ်** | + | **ကြိယာ** = | **ပေါင်းစပ်နာမ်** |
| | စိန် | + | ရင် | + | ထိုး = | စိန်ရင်ထိုး |
| | မြ | + | လည် | + | ဆွဲ = | မြလည်ဆွဲ |
| | ရွှေ | + | လက် | | စွပ် = | ရွှေလက်စွပ် |

(ဆ) **နာမ် + ကြိယာ + နာ[illegible]** နာမ်ပုဒ်တစ်ခု၊ ကြိယာပုဒ်တစ်ခုနှင့် နာမ်ပုဒ်တစ်ခုကို အစဉ်အတိုင်း ပေါင်[illegible]ခြင်းဖြင့် ပေါင်းစပ်နာမ်ဖြစ်လာသည်။

| | | | | | | |
|---|---|---|---|---|---|---|
| သာဓက။ | **[illegible]** | + | **ကြိယာ** + | **နာမ်** | = | **ပေါင်းစပ်နာမ်** |
| | [illegible] | + | ခံ + | အိမ် | = | တိုက်ခံအိမ် |
| | [illegible]ဉ် | + | ထောင် + | အိမ် | = | ပျဉ်ထောင်အိမ် |
| | လက် | + | ပတ် + | နာရီ | = | လက်ပတ်နာရီ |
| | ခြေ | + | သုတ် + | ပုဆိုး | = | ခြေသုတ်ပုဆိုး |

(ဇ) **ကြိယာ+ကြိယာ။** ကြိယာပုဒ်နှစ်ခုကို ပေါင်းစပ်လိုက်ခြင်းဖြင့် ပေါင်းစပ်နာမ်ဖြစ်လာသည်။

| | | | | | |
|---|---|---|---|---|---|
| သာဓက။ | **ကြိယာ** | + | **ကြိယာ** | = | **ပေါင်းစပ်နာမ်** |
| | ပေါက် | + | တူး | = | ပေါက်တူး |
| | ထွေး | + | ခံ | = | ထွေးခံ |
| | အုပ် | + | ဆောင်း | = | အုပ်ဆောင်း |

( ဈ ) **ကြိယာ + နာမ်။** ကြိယာပုဒ်တစ်ခုနှင့် နာမ်ပုဒ်တစ်ခုကို ပေါင်းစပ်လိုက်ခြင်းဖြင့် ပေါင်းစပ်နာမ် ဖြစ်လာသည်။

| | | | | | |
|---|---|---|---|---|---|
| သာဓက။ | **ကြိယာ** | + | **နာမ်** | = | **ပေါင်းစပ်နာမ်** |
| | သောက် | + | ရေ | = | သောက်ရေ |
| | ပြုတ် | + | ဆန် | = | ပြုတ်ဆန် |
| | လျှော် | + | အိမ် | = | လျှော်အိမ် |
| | လျက် | + | ဆား | = | လျက်ဆား |
| | ကြိတ် | + | ဆုံ | = | ကြိတ်ဆုံ |

## လေ့ကျင့်ခန်း

၁။ အောက်ပါဝါကျများရှိ မျဉ်းသားထားသောနာမ်တို့ကို ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့် နာမ်ဖြစ်သည်ကို ဖော်ပြပါ။

(က) ယနေ့နံနက်ကြားရသော သတင်းသည် မင်္ဂလာရှိပါပေသည်။

(ခ) စပါးသည် မြန်မာနိုင်ငံ၏ အဓိကထွက်ကုန်တစ်ခုဖြစ်သည်။

(ဂ) အဆိုး၊ အကောင်းကို ခွဲခွဲခြားခြား သိတတ်ပါစေ။

(ဃ) လုပ်ဆောင်ဖွယ်များကို ပြီးစီးအောင် ကြိုးစားဆောင်ရွက်သင့်သည်။

(င) ရာသီဥတုကိုလိုက်၍ အနေအထိုင်၊ အစားအသောက်ကို ဆင်ခြင်ရမည်။

(စ) မန္တလေးသို့ အမြန်ရထားဖြင့် သွားမည်။

(ဆ) သတ္တမတန်း စာမေးပွဲ၌ ထူးချွန်စွာအောင်သော မောင်မောင်အား လက်ပတ်နာရီ တစ်လုံး ဆုချသည်။

(ဇ) စည်းလုံးခြင်းသည် ခွန်အားဖြစ်သည်။

(ဈ) ပညာကို ငယ်စဉ်ကပင် ကြိုးစားဆည်းပူးကြရမည်။

(ည) သမပိုင်းဒေသသီးနှံများအနက် လက်ဖက်၊ လိမ္မော်တို့သည် ထင်ရှားသော သီးနှံများဖြစ်ကြသည်။

၂။ အောက်ပါ နာမ်တို့ကို ဖွဲ့စည်းတည်ဆောက်ပုံအရ အမျိုးအစားခွဲပြီး အမျိုးတူရာအလိုက် အစုခွဲပြပါ။

ကောင်းကင်၊ လှုခြင်း၊ ပျော်စရာ၊ လောဘ၊ ဒါရိုက်တာ၊ ဒုက္ခ၊ အောက်ဆီဂျင်၊ သောက်ရေအိုး၊ အမြန်ရထား၊ မြလည်ဆွဲ၊ မီးသွေး၊ ကျောက်မီးသွေး၊ ချစ်ခြင်း၊ မုန်းခြင်း၊ ပညာ၊ ဒေါသ၊ ပျိုမျစ်ခြင်း၊ အိုမင်းခြင်း၊ ဆောင်ရွက်ခြင်း၊ သာယာရေး၊ စည်းလုံးရေး၊ ညီညွတ်မှု၊ ရဲရင့်ခြင်း၊ ကျော်ကြားခြင်း၊ ခံစားမှု။

၃။ မျဉ်းသားထားသော နာမ်များသည် ပင်ကိုနာမ်များဖြစ်လျှင် အမှန် (✓)ပြ၍ မဖြစ်လျှင် အမှား(✗) ပြပါ။

(က) အနေအထိုင် အစားအသောက်ကို ဆင်ခြင်ခြင်းသည် ကျန်းမာခြင်း၏ အကြောင်းရင်းဖြစ်သည်။ (   ) (   )

(ခ) လူတိုင်း သန့်ရှင်းသော လေကို အမြဲရှူရှိုက်ရန်လိုသည်။ (   ) (   )

(ဂ) မြန်မာပြည်တွင် သစ်အမျိုးမျိုးရှိသည့်အနက် ကျွန်းသစ်သည် အဖိုးအတန်ဆုံးဖြစ်သည်။ (   ) (   )

(ဃ) ထမင်းအသက်ခုနစ်ရက်၊ ရေအသက်တစ်မနက် ဟုဆိုရိုးရှိသည်။ (   ) (   )

(င) ဒရိုင်ဘာဟူသော နာမ်သည် အင်္ဂလိပ်ဘာသာစကားမှ တိုက်ရိုက်မွေးစားထားသော စကားလုံးဖြစ်သည်။ ( ) ( )

(စ) ကောင်းမှုပြုလျှင် ကောင်းကျိုးကို ခံစားရသည်။ ( ) ( )

(ဆ) ချိပ်ကို ချိပ်ပိုးများမှ ရသည်။ ( ) ( )

(ဇ) နိုက်ထရိုဂျင်သည် ပင်ပေါက်ခြင်းကို အားပေးသော ဓာတ်မဟုတ်ချေ။ ( ) ( )

(ဈ) 'ပညာရှေ့ထိုး လူမထိုး' ဟုရှေးလူကြီးများ ဆိုကြသည်။ ( ) ( )

၄။ မျဉ်းသားထားသော နာမ်များသည် ဂုဏ်ရည်ပြနာမ်များဖြစ်လျှင် အမှန် (✓) ပြ၍ မဖြစ်လျှင် အမှား (✗) ပြပါ။

(က) မမှုံက သဘာဝအလှကိုသာ မက်မောသည်။ ( )

(ခ) ဤဆေး၏ ထူးခြားချက်မှာ ပန်းနာရင်ကျပ်ရောဂါကို အမြစ်ပြတ်စေခြင်း ဖြစ်ပါသည်။ ( )

(ဂ) ထိုစေတီသည် ရွာသားများ၏ ကောင်းမှု ဖြစ်သည်။ ( )

(ဃ) နေရောင်ခြည် သည် လူ၊ တိရစ္ဆာန်နှင့် သစ်ပင်များအတွက် အလွန်အသုံးဝင်သည်။ ( )

(င) သန့်ရှင်းရေးသည် ထိုကျောင်းရှိ ကျောင်းသူကျောင်းသားတို့၏ တာဝန်ဖြစ်သည်။ ( )

(စ) မောင်မောင်သည် အပြောကောင်းသော ကျောင်းသားတစ်ယောက် ဖြစ်သည်။ ( )

(ဆ) သောက်ရေအိုးကို နေ့စဉ်ဆေး၍ ရေသစ်လဲသင့်သည်။ ( )

(ဇ) ရန်ကုန်မြို့သည် ပင်လယ်ဆိပ်ကမ်း မြို့ကြီးဖြစ်၏။ ( )

(ဈ) ပင်လယ်နှင့်နီးသော ဒေသများ၌ အပူ အအေးမျှတသည်။ ( )

၅။ ပေးထားသော နာမ်များမှ ကြိယာနာမ်တို့ကို ရွေး၍ မျဉ်းသားပြပါ။

| | | | | | |
|---|---|---|---|---|---|
| (က) | သာယာခြင်း | (ဇ) | ကြိုးစားမှု | (ဏ) | ထူးခြားမှု |
| (ခ) | တိုးတက်ခြင်း | (ည) | အဖြူ | (တ) | တိုးတက်ရေး |
| (ဂ) | ဆိုးသွမ်းမှု | (ဈ) | အောင်မြင်ခြင်း | (ထ) | ဆိုလိုချက် |
| (ဃ) | စားစရာ | (ဋ) | ရဲရင့်ခြင်း | (ဒ) | မီးခြစ် |
| (င) | မြင့်မြတ်ခြင်း | (ဌ) | အားစိုက်ခြင်း | (ဓ) | လုပ်ဆောင်ဖွယ် |
| (စ) | အနေအထိုင် | (ဍ) | ရေးသားချက် | (န) | ပေါက်တူး |
| (ဆ) | သွားလာရေး | (ဎ) | စိတ်ကူး | | |

၆။ ပေးထားသော ပေါင်းစပ်နာမ်တို့ကို ဝါစင် ခွဲပြပါ။

နမူနာ။ မီးရထား မီး (နာမ်) + ရထား (နာမ်)

| | | | |
|---|---|---|---|
| (က) | ခြေလျင်တပ် | (စ) | ပဲလှော် |
| (ခ) | တိုက်သစ် | (ဆ) | ခြေသုတ်ပုဆိုး |
| (ဂ) | ရေခွက် | (ဇ) | ကြော်ချက် |
| (ဃ) | ပင်လယ်ရေငန် | (ဈ) | လှောင်အိမ် |
| (င) | ခါးပတ် | (ည) | ပြုတ်ဆန် |

၇။ ပေးထားသော နာမ်အမည်များမှ သင့်လျော်ရာ နာမ်အမည်များကိုရွေး၍ ကွက်လပ်တွင်ဖြည့်ပါ။

(က) မြန်မာသဒ္ဒါနည်းဖြင့် ခွဲစိတ်၍လည်းမရ၊ ပေါင်းစပ်ဖွဲ့စည်းထားခြင်းလည်းမဟုတ်၊ မူလအတိုင်းဖြစ်သော နာမ်ကို --------------- ဟု ခေါ်သည်။

(ပင်ကိုနာမ်၊ ဂုဏ်ရည်ပြနာမ်၊ ပေါင်းစပ်နာမ်)

(ခ) ဂုဏ်အရည်အချင်းပြပုဒ်များ၏ ရှေ့၌ဖြစ်စေ၊ နောက်၌ဖြစ်စေ ပစ္စည်းဆက်၍ ဖြစ်လာသော နာမ်ကို ------------- ဟု ခေါ်သည်။

(ပင်ကိုနာမ်၊ ကြိယာနာမ်၊ ဂုဏ်ရည်ပြနာမ်)

(ဂ) ကြိယာပုဒ်၏ ရှေ့၌ဖြစ်စေ၊ နောက်၌ဖြစ်စေ၊ ရှေ့နှင့်ကြား၌ဖြစ်စေ၊ ကြားနှင့်နောက်၌ဖြစ်စေ ပစ္စည်းဆက်၍ ဖြစ်လာသော နာမ်ကို --------- ဟု ခေါ်သည်။

(ကြိယာနာမ်၊ ပင်ကိုနာမ်၊ ဂုဏ်ရည်ပြနာမ်)

(ဃ) ဝိဘတ်၊ ပစ္စည်း၊ သမ္ဗန္ဓတို့ကို ကြား၌မခံဘဲ နာမ်၊ ကြိယာ၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာဝိသေသန တို့ကို ထိုက်သည့်အားလျော်စွာ ပူးတွဲထားသော နာမ်ကို -----------ဟုခေါ်သည်။

(ဂုဏ်ရည်ပြနာမ်၊ ပေါင်းစပ်နာမ်၊ ပင်ကိုနာမ်)

## နာမ်စား

၉။ **နာမ်၏အစား** သုံးသော ပုဒ်ကို **နာမ်စား** ဟုခေါ်သည်။

သာဓက။ ငါ၊ ကျွန်တော်၊ ကျွန်မ၊ ကျွန်ုပ်၊ ကျုပ်၊ သင်၊ မင်း၊ ခင်ဗျား၊ ရှင်၊ နင်၊ ညည်း၊ သူ၊ သင်း၊ ဤ၊ သည်၊ ထို၊ ၎င်း၊ ယင်း၊ အဘယ်၊ ဘယ်၊ အချို့၊ အားလုံး၊

၁၀။ **နာမ်စား** (၄)မျိုးရှိသည့် ၎င်းတို့မှာ-

(က) ပုဂ္ဂလကနာမ်စား

(ခ) အညွှန်းနာမ်စား

(ဂ) အမေးနာမ်စား

(ဃ) သင်္ချာနာမ်စား တို့ဖြစ်ကြသည်။

(အဆိုပါ **နာမ်စား** (၄)မျိုးအနက် **ပုဂ္ဂလကနာမ်စား** အကြောင်းကို အတွဲ(၁)၊ အခန်း(၃)၌ ဖော်ပြခဲ့ပြီ။ ဤအတွဲ(၁)၊ အခန်း(၄)၌ **အညွှန်းနာမ်စား** နှင့် **အမေးနာမ်စား** အကြောင်းတို့ကို ဖော်ပြမည်။ **သင်္ချာနာမ်စား** အကြောင်းကိုမူ အတွဲ(၂)၊ အခန်း(၅) တွင် ဆက်လက်ဖော်ပြမည်။)

၁၁။ **အညွှန်းနာမ်စား**။ နာမ်ပုဒ်တစ်ခုကို ညွှန်ပြသည့်နာမ်စားကို **အညွှန်းနာမ်စား** ဟုခေါ်သည်။

သာဓက။ ဤ၊ သည်၊ ထို၊ ၎င်း၊ ယင်း။

(က) (၁) 'ပညာရွှေအိုး၊ လူမခိုး' ဟူသော **စကား**ရှိသည်။

(၂) **ဤ**စကား ရှေးပညာရှိတို့၏ အဆိုအမိန့်တည်း။

(အထက်ဖော်ပြပါ ဝါကျ(၂)ခုတွင် ဒုတိယဝါကျရှိ **ဤ** သည် ပထမဝါကျရှိ **စကား** ဟူသော နာမ်၏အစားသုံးသော နာမ်စားဖြစ်သည်။ ထို့ကြောင့် **ဤ** သည် **အညွှန်းနာမ်စား** ဖြစ်သည်။)

(ခ) (၁) မြက်ခင်းပေါ်မှာ ထိုင်ပါ။

(၂) သည်မှာ ထိုင်ပါ။

(ဂ) (၁) သူတို့အိမ်မှာ မနေပါနှင့်။

(၂) သည်မှာ နေပါ။

(ဃ) (၁) ရွှေတိဂုံဘုရားသို့ သွားကြမည်။

(၂) ထိုမှတစ်ဆင့် တိရစ္ဆာန်ဥယျာဉ်သို့ သွားကြမည်။

(င) (၁) မဟာမြိုင်တောဌ် ကျားရဲ ပေါ၏။

(၂) ထိုသို့ သွားလိုလျှင် သတိဝီရိယရှိပါ။

(စ) (၁) မောင်မောင်အေးသည် စာတော်၏။

(၂) ၎င်းထက် မောင်မောင်ထွေးက ပိုတော်၏။

(ဆ) (၁) ခွေးရူးတစ်ကောင် ပြေးလာသည်။

(၂) ၎င်းကို လူအများက ရိုက်သတ်လိုက်ကြသည်။

(ဇ) (၁) လေးနှစ်စီမံကိန်းကို ရေးဆွဲပြီးပြီ။

(၂) ယင်းကို ဆက်လက် အကောင်အထည်ဖော်ကြရမည်။

(ဈ) (၁) လူတိုင်း လက်ကိုင်ပြုသင့်သော တရားတစ်ပါးသည် ရှိ၏။

(၂) ယင်းကား ကိုယ်ချင်းစာတရားပင် ဖြစ်သည်။

(**သည်**၊ **ထို**၊ **၎င်း**၊ **ယင်း** တို့သည်လည်း နာမ်ပုဒ်တစ်ခုကိုညွှန်ပြသောအညွှန်း နာမ်စားများ ဖြစ်ကြသည်ကို အထက်ပါဝါကျများတွင် လေ့လာနိုင်သည်။)

၁၂။ **အမေးနာမ်စား။** အမေးသဘောဖြင့် နာမ်ပုဒ်၏အစား သုံးသောနာမ်စားကို **အမေးနာမ်စား** ဟုခေါ်သည်။

သာဓက။ ဘယ်၊ အဘယ်၊ မည်သူ၊ ဘယ်သူ။

(က) **ဆရာဘယ်မှာ နေပါသနည်း။**

(ဤဝါကျ၌ **ဘယ်** သည် အမေးသဘောဖြင့် ဆရာနေထိုင်ရာ **အရပ်ဒေသ** (နာမ်)၏ အစားသုံးသော နာမ်စားဖြစ်သည်။ ထို့ကြောင့် **ဘယ်** သည် **အမေးနာမ်စား** ဖြစ်သည်။)

(ခ) ဤအိမ်ရှိ လူများသည် အဘယ် သို့သွားကြလေကုန်သနည်း။

(ဂ) သူနေမကောင်းဖြစ်ရခြင်း၏ အကြောင်းရင်းကား အဘယ်နည်း။

(ဃ) အမေဈေးက ဘာ ဝယ်လာသလဲ။

(င) ဆရာက သူ့ကို ဘာ ပြောသနည်း။

(စ) ဤစာအုပ်သည် မည်သူ၏ စာအုပ်နည်း။

(ဆ) ဘုရားသို့ မည်သူနှင့် သွားမည်နည်း။

(ဇ) ဒီစာအုပ်ဟာ ဘယ်သူ့ရဲ့ စာအုပ်လဲ။

(ဈ) ဘုရားကို ဘယ်သူနဲ့ သွားမလဲ။

(**အဘယ်**၊ **ဘာ**၊ **မည်သူ**၊ **ဘယ်သူ** တို့သည် အမေးသဘောဖြင့် နာမ်ပုဒ်၏ အစား သုံးသော အမေးနာမ်စား များ ဖြစ်ကြသည်ကို အထက်ပါဝါကျများတွင် လေ့လာနိုင်သည်။)

၁။ အညွှန်းနာမ်စားဆိုသည်မှာ အဘယ်နည်း။ အညွှန်းနာမ်စား (၃)ခုကို ဖော်ပြ၍ ဝါကျတစ်ခုစီ၌ သုံးပြပါ။

၂။ အမေးနာမ်စားဆိုသည်မှာ အဘယ်နည်း။ အမေးနာမ်စား (၃)ခုကို ဖော်ပြ၍ ဝါကျတစ်ခုစီ၌ သုံးပြပါ။

၃။ အောက်ပါဝါကျများရှိ မျဉ်းသားထားသော နာမ်စားတို့သည် အညွှန်းနာမ်စားလော၊ အမေးနာမ်စားလော ခွဲခြားပြပါ။

(က) နွေရာသီကျောင်းပိတ်ရက်တွင် အညာသို့ ဘုရားဖူးသွားမည်။ ထို မှ တစ်ဆင့် ရှမ်းပြည်သို့ သွားမည်။

(ခ) ရှမ်းပြည်မှ ရန်ကုန်သို့ ဘာ နှင့် ပြန်လာမည်နည်း။

(ဂ) ဆရာ မနေ့က ဘာ သင်သလဲ။

(ဃ) မော်လမြိုင်သည် မိုးရေချိန်များသော မြို့ဖြစ်သည်။ ၎င်းထက် စစ်တွေမြို့က ပိုများသည်။

(င) ယခုလာနေသောသူသည် မည်သူနည်း။

(စ) သင် အဘယ်မှာ နေသနည်း။

(ဆ) ဈေးဝယ်လာသူများသည် ထိုမှ ဤမှ သွားလာဝင်ထွက်ကြသည်။

(ဇ) မည်သူ့ကို စာအုပ်ပေးခဲ့သနည်း။

(ဈ) တနင်္ဂနွေနေ့၌ ဘယ်ကို သွားရန် စီစဉ်ထားသနည်း။

(ည) အစားအစာများတွင် သင် ဘာကို အနှစ်ခြိုက်ဆုံးနည်း။

၄။ ကွက်လပ်များကိုဖြည့်ပါ။

(က) နာမ်၏အစား သုံးသော ပုဒ်ကို -------- ဟုခေါ်သည်။

(ခ) -------- -------- တို့သည် နာမ်စားများဖြစ်ကြသည်။

(ဂ) နာမ်ပုဒ်တစ်ခုကို ညွှန်ပြသည့် နာမ်စားကို --------ခေါ်သည်။

(ဃ) -------- -------- တို့သည် အညွှန်းနာမ်စားများဖြစ်ကြသည်။

(င) အမေးသဘောအားဖြင့် နာမ်ပုဒ်၏အစား သုံးသော နာမ်စားကို -------- ဟု ခေါ်သည်။

(စ) -------- -------- တို့သည် အမေးနာမ်စားများ ဖြစ်ကြသည်။

(ဆ) '၎င်းကို အဘယ်မှာထားရမည်မသိပါ' ဟူသော ဝါကျရှိ ၎င်း သည် -------- နာမ်စား ဖြစ်သည်။

(ဇ) 'သူတို့ ဘယ်မှာ နေသည်ကို မသိပါ' ဟူသော ဝါကျရှိ ဘယ် သည် ------ နာမ်စား ဖြစ်သည်။

၅။ အညွှန်းနာမ်စားနှင့် အမေးနာမ်စားတို့သည် မည်သို့ကွာခြားသနည်း။ သာဓက ဝါကျတစ်ခုစီ ဖြင့် ရှင်းပြပါ။

## ကြိယာ

၁၃။ ပြုခြင်းကိုဖြစ်စေ၊ ဖြစ်ခြင်းကိုဖြစ်စေ၊ ရှိခြင်းကိုဖြစ်စေ ပြသော ပုဒ်ကို **ကြိယာ** ဟုခေါ်သည်။

သာဓက။ ပြေး၊ ရိုက်၊ ကျက်၊ ရှိ။

၁၄။ ကြိယာကို-

(က) **အနက်အဓိပ္ပာယ်အရ (၃)မျိုး**

(ခ) **ဖွဲ့စည်းတည်ဆောက်ပုံအရ (၃)မျိုးခွဲသည်။**

(အနက်အဓိပ္ပာယ်အရခွဲသော **ပြုခြင်းပြကြိယာ၊ ဖြစ်ခြင်းပြကြိယာ၊ ရှိခြင်းပြကြိယာ** ကြိယာ (၃) မျိုး အကြောင်းကို အတွဲ(၁)၊ အခန်း(၂)၌ လည်းကောင်း၊ ဖွဲ့စည်းတည်ဆောက်ပုံအရခွဲသော **ပင်ကိုကြိယာ၊ ဂုဏ်ရည်ပြကြိယာ၊ ပေါင်းစပ်ကြိယာ** ကြိယာ(၃)မျိုး အကြောင်းကို အတွဲ(၁)၊ အခန်း(၃)၌ လည်းကောင်းဖော်ပြခဲ့ပြီ။ ဤအတွဲ(၁)၊ အခန်း (၄) ၌မူ ဖွဲ့စည်းတည်ဆောက်ပုံအရ ကြိယာ(၃)မျိုး ရှိသည့်အနက်မှ **ဂုဏ်ရည်ပြကြိယာ** ကို **ဂုဏ်ရည်ပြနာမဝိသေသန** နှင့် နှိုင်းယှဉ် ဖော်ပြမည်။)

၁၅။ **ဂုဏ်ရည်ပြကြိယာနှင့်ဂုဏ်ရည်ပြနာမဝိသေသန။** အချို့သောပုဒ်တို့သည် ဝါကျအတွင်း၌ အခြားပုဒ်တို့နှင့် ပေါင်းစပ်ဖွဲ့စည်းပုံကိုလိုက်၍ **ဂုဏ်ရည်ပြကြိယာ** လည်းဖြစ်နိုင်သည်။ **ဂုဏ်ရည်ပြနာမဝိသေသန** လည်းဖြစ်နိုင်သည်။

သာဓက။ (က) (၁) အောင်နက်သည် လိမ္မာ၏။

(၂) အောင်နက်သည် လိမ္မာသော ခွေးဖြစ်၏။

(၃) အောင်နက်သည် ခွေးလိမ္မာ ဖြစ်၏။

(ဖော်ပြပါ ဝါကျတို့တွင် -

ဝါကျ (က) (၁)၌ **လိမ္မာ၏** သည် **လိမ္မာ** ဟူသော ဂုဏ်အရည်အချင်းပြပုဒ် နောက်တွင် **ကြိယာဝိဘတ် ၏** ဆက်ထားသည့် ဂုဏ်ရည်ပြကြိယာ ဖြစ်သည်။

ဝါကျ (က) (၂) ၌ **လိမ္မာသော** သည် **လိမ္မာ** ဟူသော ဂုဏ်အရည် အချင်းပြပုဒ်နောက်တွင် **သော ပစ္စည်း** ဆက်၍ **ခွေး** ဟူသည့်နာမ်ကို အထူးပြုသော **ဂုဏ်ရည်ပြနာမဝိသေသန** ဖြစ်သည်။

ဝါကျ (က) (၃)၌ **လိမ္မာ** သည် **ခွေး** ဟူသော နာမ်နှင့် တိုက်ရိုက် ပေါင်းစပ်၍ ယင်း **ခွေး** ကို အထူးပြုသော **ဂုဏ်ရည်ပြနာမဝိသေသန** ဖြစ်သည်။)

(ခ) (၁) ဖိုးမောင်သည် **ဆိုး**၏။

(၂) ဖိုးမောင်သည် **ဆိုးသော လူ** ဖြစ်၏။

(၃) ဖိုးမောင်သည် **လူဆိုး** ဖြစ်၏။

(ဂ) (၁) ဤဓားသည် **ရှည်**၏။

(၂) ဤဓားသည် **ရှည်သော ဓား** ဖြစ်၏။

(၃) ဤဓားသည် **ဓားရှည်** ဖြစ်၏။

(ဃ) (၁) ဤရေသည် **အေး**၏။

(၂) ဤရေသည် **အေးသော ရေ** ဖြစ်၏။

(၃) ဤရေသည် **ရေအေး** ဖြစ်၏။

(ဤသို့ ဝါကျအတွင်း၌ အခြားပုဒ်တို့နှင့် ပေါင်းစပ်ဖွဲ့စည်းပုံကို လိုက်၍ **ဂုဏ်ရည်ပြကြိယာ**၊ **ဂုဏ်ရည်ပြနာမဝိသေသန** ဖြစ်နိုင်ပုံကို အထက်ပါ ဝါကျများတွင်လည်း လေ့လာနိုင်သည်။)

## လေ့ကျင့်ခန်း

၁။ ဂုဏ်ရည်ပြကြိယာနှင့် ဂုဏ်ရည်ပြနာမဝိသေသနတို့သည် မည်သို့ခြားနားကြသနည်း။ သာဓက(၃) ခု ဖြင့်ရှင်းပြပါ။

၂။ အောက်ပါတို့ကို ဂုဏ်ရည်ပြကြိယာအဖြစ်လည်းကောင်း၊ ဂုဏ်ရည်ပြနာမဝိသေသနအဖြစ် လည်းကောင်း ဝါကျတွင်သုံးပြပါ။

သာယာ၊ ဆွေးမြည့်၊ မှန်မြတ်၊ ခမ်းနား၊ ကြီးကျယ်၊ မြင့်မား၊

၃။ ဂုဏ်ရည်ပြနာမဝိသေသနပါရှိသော အောက်ပါဝါကျများကို ဂုဏ်ရည်ပြကြိယာပါရှိသော ဝါကျများ ဖြစ်အောင် ပြင်ရေးပါ။

နမူနာ။ စံပယ်ပန်းသည် မွှေးသော ပန်းဖြစ်သည်။ (ဂုဏ်ရည်ပြနာမဝိသေသန)

စံပယ်ပန်းသည် မွှေးသည်။ (ဂုဏ်ရည်ပြကြိယာ)

(က) မပိုင်းသည် ဆရာမိဘကို ရိုသေသော မိန်းကလေးဖြစ်သည်။

(ခ) ကြက်ဟင်းခါးသီးတွင် ခါးသော အရသာရှိသည်။

(ဂ) မဟာဗန္ဓုလသည် ရဲရင့်သော စစ်သူကြီး ဖြစ်သည်။

(ဃ) ကြက်ဆူဆီသည် ပျစ်ချွဲသော အရည်တစ်မျိုးဖြစ်သည်။

(င) စလေဦးပုညသည် ထင်ရှားသော စာဆိုဖြစ်သည်။

(စ) လကွယ်ညသည် မှောင်မိုက်သော ည ဖြစ်သည်။

(ဆ) မောင်အောင်သည် အားကစား၌ ထူးချွန်သော လူငယ်တစ်ဦး ဖြစ်သည်။

(ဇ) သွေးလှူခြင်းသည် မွန်မြတ်သော ဒါနဖြစ်သည်။

(ဈ) ရွာဝန်းကျင်၌ စိမ်းလန်းသော လယ်ကွင်းများ ရှိကြသည်။

## နာမဝိသေသန

**နာမဝိသေသန**

၁၆။ နာမ်ကို အထူးပြုသော ပုဒ်ကို **နာမဝိသေသန** ဟုခေါ်သည်။

၁၇။ နာမဝိသေသနသည် အနက်အဓိပ္ပာယ်အရ (၄)မျိုးရှိသည်။ ၎င်းတို့မှာ-

(က) ဂုဏ်ရည်ပြနာမဝိသေသန

(ခ) အညွှန်းနာမဝိသေသန

(ဂ) သင်္ချာနာမဝိသေသန

(ဃ) အမေးနာမဝိသေသနတို့ ဖြစ်ကြသည်။

(ထိုနာမဝိသေသန (၄)မျိုးအကြောင်းကို အတွဲ(၁)၊ အခန်း(၂)၌ အကျဉ်းမျှဖော်ပြခဲ့သည်။ အတွဲ(၁)၊ အခန်း (၃) ၌မူ **ဂုဏ်ရည်ပြနာမဝိသေသန**အကြောင်းကို အကျယ်ဖော်ပြခဲ့ပြီ။ ဤအတွဲ(၁)၊ အခန်း (၄) ၌ **အညွှန်းနာမဝိသေသန**အကြောင်းကို ဆက်လက်ဖော်ပြမည်။)

၁၈။ **အညွှန်းနာမဝိသေသန။** နာမ်ကိုညွှန်ပြခြင်းဖြင့် အထူးပြုသည့်ပုဒ်ကို **အညွှန်းနာမဝိသေသန** ဟုခေါ်သည်။

သာဓက။ ဤ၊ သည်၊ ထို၊ ၎င်း၊ ယင်း၊ ဤသို့သော၊ ထိုသို့သော၊ ၎င်းကဲ့သို့သော၊ တစ်ပါးသော၊ တစ်စုံတစ်ရာသော၊ အကြင်၊ တစ်နေ့သော။

(က) **ဤ၊ သည်** တို့သည် အနီးတွင်ရှိသော တစ်စုံတစ်ခုကို ညွှန်ပြသော **အညွှန်းနာမဝိသေသန**များ ဖြစ်ကြသည်။

သာဓက။ (၁) **ဤ** သစ်ပင်သည် ဆေးဖက်ဝင်သည်။

(၂) **သည်** လှေသည် အညာသို့ဆန်လိမ့်မည်။

(ခ) **ထို** သည် အဝေးတွင်ရှိသော တစ်စုံတစ်ခုကို ညွှန်ပြသည်။

သာဓက။ (၁) **ထို** အိမ် ကို ဝယ်လိုသည်။

(၂) **ထို** ရေကန် အနီးမှာ ကျောင်းရှိသည်။

(ဂ) **ထို၊ ၎င်း၊ ယင်း၊ ဤသို့သော၊ ထိုသို့သော** တို့သည် ဖော်ပြခဲ့ပြီးသော နာမ်ကိုညွှန်ပြသည်။

သာဓက။ (၁) သိဝရာဇ်မင်းကြီးသည် မင်းပြု၏။

**ထို သိဝရာဇ်မင်းကြီး**၏ သားတော်ကား သိဋ္ဌည်းအမည်ရှိ၏။

(၂) ဖေဖေသည် ဖောင်တိန်တစ်ချောင်းကို ဝယ်လာသည်။

**၎င်း ဖောင်တိန်** ကို ကျွန်တော် ကြိုက်ပါသည်။

(၃) ကျောင်းခေါ်ချိန် မပြည့်သော ကျောင်းသားများ ရှိသည်။
**ယင်း ကျောင်းသား**တို့သည် ကျောင်းအုပ်ကြီးနှင့် တွေ့ကြရမည်။

(၄) ဘွားဘွားသည် ထူးဆန်းသော ပုံပြင်များကို ပြောပြတတ်ပါသည်။
**ဤသို့သော ပုံပြင်များ**ကို ကျွန်တော်တို့ ကြိုက်ပါသည်။

(ဃ) **အခြားသော၊ တစ်ပါးသော၊ တစ်စုံသော၊ တစ်စုံတစ်ခုသော၊ တစ်စုံတစ်ယောက်သော၊ တစ်စုံတစ်ရာသော၊ အကြင်** စသည်တို့သည် တစ်စုံတစ်ခုကို တိတိကျကျ မရည်ညွှန်းဘဲ နာမ်ကို အထူးပြုသည်။

သာဓက။ (၁) **အခြားသော ကိစ္စ**ရှိလျှင် ပြောပါဦး။

(၂) **တစ်ပါးသောအရပ်**သို့ သွားကြကုန်အံ့။

(၃) ရှေးအခါ၌ **တစ်ခုသော တောအုပ်**ဝယ် **ကြီးစွာသောရေအိုင်**ကြီး တစ်အိုင်ရှိ၏။

(၄) **တစ်စုံတစ်ခုသော အမှုကိစ္စ** ပေါ်ပေါက်ခဲ့လျှင် ကျွန်ုပ် ကူညီပါမည်။

(၅) **တစ်စုံတစ်ယောက်သောသူ**က ဤသတင်းကို ပြောလာပါလျှင် ဆိတ် ဆိတ်သာနေပါလေ။

(၆) **တစ်စုံတစ်ရာသောအကြောင်း**ကြောင့် နောက်ကျရသည် ထင်၏။

(၇) **အကြင်သူသည်** ကြိုးစားအားထုတ်အံ့၊ ထိုသူသည် အောင်ပွဲရ လတ္တံ့။

**လေ့ကျင့်ခန်း**

၁။ နာမဝိသေသနဆိုသည်မှာ အဘယ်နည်း။

၂။ အောက်ပါဝါကျများရှိ ကွက်လပ်တို့၌ ဆီလျော်သော နာမဝိသေသနများကိုဖြည့်၍ မည်သည့် နာမဝိသေသနဖြစ်သည်ကို ဖော်ပြပါ။

(က) -------- စာအုပ်သည် အလွန်ရှားပါးသော စာအုပ်ဖြစ်သည်။

(ခ) -------- သူသည် ဤကျောင်းကမဟုတ်၊ -------- သော ကျောင်းမှ ပြောင်းရွှေ့လာသူ ဖြစ်သည်။

(ဂ) -------- သော အကြောင်းကြောင့် -------- နေ့က ကျင်းပမည်ဖြစ်သော ကပွဲကို ရပ်ဆိုင်းထားသည်။

(ဃ) -------- နေရာ၊ --------အချိန်၌ -------- သူကို ဆက်ဆက်လာကြိုပါ။

(င) -------- သော သူများသည် -------- သူကဲ့သို့ပင် ကြိုးစားကြကုန်သည်။

၃။ အောက်ပါဝါကျများရှိ မျဉ်းသားထားသော နာမဝိသေသနတို့သည် နာမ်ကို မည်သို့အထူး ပြုကြသနည်း။

(က) အကြင်မိန်းမသည် အဆင်းလှသော်လည်း အချင်းမလှ၊ ထိုမိန်းမသည် တန်ဖိုးမရှိ ဖြစ်ချေ၏။

(ခ) ထိုသို့သော အကြောင်းတရားလည်း ဤအကျိုးတရားကို ဖြစ်စေ၏။

(ဂ) အခြားတစ်ပါးသော သူတို့ကိုမကဲ့ရဲ့ဘဲ မိမိကိုယ်ကိုသာ ကောင်းအောင် ကြိုးစားပါ။

(ဃ) သည်နေရာသည် သူတော်ကောင်းတို့ မှီတင်းနေထိုင်ရာအရပ် ဖြစ်ပေသည်။

(င) ထိုကျောင်းသား ရောက်လာသောအချိန်တွင် အတန်းထဲ၌ အခြားသော ကျောင်းသားများ မရောက်လာသေးချေ။

## အညွှန်းနာမဝိသေသနနှင့်အညွှန်းနာမ်စား

**အညွှန်းနာမဝိသေသနနှင့်အညွှန်းနာမ်စား**

၁၉။ အချို့သောပုဒ်တို့သည် ဝါကျအတွင်း အသုံးကိုလိုက်၍ **အညွှန်းနာမဝိသေသန**လည်း ဖြစ်နိုင်သည်။ **အညွှန်းနာမ်စား**လည်းဖြစ်နိုင်သည်။ ဤသို့ ဝါကျအတွင်းအသုံးကိုလိုက်၍ ဝါစင်္ဂ ကွဲပြားပုံကို အောက်ပါဥပမာများဖြင့် ရှင်းပြမည်။

(က) (၁) 'ပညာရွှေအိုး၊ လူမခိုး' ဟူသော စကားရှိသည်။

(၂) ဤကား ရှေးပညာရှိတို့၏ အဆိုအမိန့်တည်း။

(၃) ဤ စကားသည် ရှေးပညာရှိတို့၏ အဆိုအမိန့်တည်း။

ဝါကျ (က) (၂)၌ရှိသော **ဤ** သည် **စကား** ဟူသော နာမ်ကိုညွှန်ပြပြီး ထိုနာမ်၏အစားသုံးသော နာမ်စားဖြစ်ခြင်းကြောင့် **အညွှန်းနာမ်စား** ဖြစ်သည်။

ဝါကျ (က) (၃)၌မူ **ဤ** သည် စကား ဟူသော နာမ်ကိုညွှန်ပြပြီး ထိုနာမ်ကို အထူးပြုသောကြောင့် **အညွှန်းနာမဝိသေသန** ဖြစ်သည်။

(ခ) (၁) **နံ**ပေါ်မှာ ထိုင်ပါ။

(၂) **သည်**မှာ ထိုင်ပါ။

(၃) **သည်နံ**ပေါ်မှာ ထိုင်ပါ။

ဝါကျ (ခ) (၂)၌ရှိသော **သည်** သည် **နံ** ဟူသော နာမ်ကိုညွှန်ပြပြီး ထိုနာမ်၏ အစားသုံးသော နာမ်စားဖြစ်ခြင်းကြောင့် **အညွှန်းနာမ်စား** ဖြစ်သည်။

ဝါကျ (ခ) (၃)၌မူ **သည်** သည် **နံ** ဟူသော နာမ်ကိုညွှန်ပြပြီး ထိုနာမ်ကို အထူးပြုသောကြောင့် **အညွှန်းနာမဝိသေသန** ဖြစ်သည်။

ထိုနည်းတူ **ထို**၊ **၎င်း**၊ **ယင်း** တို့သည်လည်း အသုံးကိုလိုက်၍ ဘစ်နေရာတွင် **အညွှန်းနာမ်စား** ဖြစ်ပြီး၊ တစ်နေရာ၌မူ **အညွှန်းနာမဝိသေသန** ဖြစ်သည်ကို အောက်ပါဝါကျများ၌ လေ့လာနိုင်သည်။

(ဂ) (၁) မဟာမြိုင်**တော**၌ ကျားရဲ ပေါ်၏။

(၂) **ထို**သို့သွားလျှင် သတိဝီရိယရှိပါ။

(၃) **ထိုတော**သို့သွားလျှင် သတိဝီရိယရှိပါ။

(ဃ) (၁) **ခွေးရူး** တစ်ကောင် ပြေးလာသည်။

(၂) **၎င်း**ကို လူများက ရိုက်သတ်လိုက်ကြသည်။

(၃) **၎င်းခွေးရူး**ကို လူများက ရိုက်သတ်လိုက်ကြသည်။

(င) (၁) လူတိုင်း လက်ကိုင်ပြုသင့်သည့် **တရား**တစ်ပါး ရှိသည်။

(၂) **ယင်း**ကား ကိုယ်ချင်းစာတရားပင်ဖြစ်သည်။

(၃) **ယင်းတရား**ကား ကိုယ်ချင်းစာတရားပင် ဖြစ်သည်။

**အညွှန်းနာမ်စား**

၂၀။ နာမ်ပုဒ်ကိုညွှန်ပြလျက် ထိုနာမ်ပုဒ်၏အစား သုံးထားသော ပုဒ်သည် **အညွှန်းနာမ်စား** ဖြစ်သည်။

**အညွှန်းနာမဝိသေသန**

၂၁။ နာမ်ပုဒ်ကိုညွှန်ပြလျက် ထိုနာမ်ပုဒ်ကို အထူးပြုသော ပုဒ်မှာမူ **အညွှန်းနာမဝိသေသန** ဖြစ်သည်။

**လေ့ကျင့်ခန်း**

၁။ အောက်ပါဝါကျများရှိ မျဉ်းသားထားသော ပုဒ်တို့သည် အညွှန်းနာမဝိသေသနလော၊ အညွှန်းနာမ်စားလော ခွဲပြပါ။

(က) ဤကား အနက်အဓိပ္ပာယ်ရှင်းလင်းချက် ဖြစ်သည်။
ဤစာပိုဒ်ကား အနက်အဓိပ္ပာယ်ရှင်းလင်းချက် ဖြစ်သည်။

(ခ) သည်မှာ အိပ်ပါ။ သည်အိမ်မှာ အိပ်ပါ။

(ဂ) ထိုအရပ်သို့ မသွားနှင့်။ ထိုသို့ မသွားနှင့်။

(ဃ) ၎င်းအဖြစ်အပျက်သည် အလွန် စိတ်ဝင်စားဖွယ် ကောင်းပါသည်။
၎င်းကို နားထောင်လိုလျှင် ပြန်ပြောပြပါမည်။

(င) 'ဇွဲရှိလျှင် အောင်မြင်ရာ၏' ဟူသော စကားရှိသည်။
ယင်းစကားသည် စိတ်ဓာတ်ကို မြှင့်တင်ပေးသော စကားပင်ဖြစ်သည်။
ယင်းကား စိတ်ဓာတ်ကို မြှင့်တင်ပေးသော စကားတစ်ရပ်ဖြစ်သည်။

၂။ အောက်ပါတို့ကို အညွှန်းနာမ်စားအဖြစ်လည်းကောင်း၊ အညွှန်းနာမဝိသေသန အဖြစ်လည်းကောင်း ဝါကျတွင် သုံးပြပါ။

ဤ၊ သည်၊ ထို၊ ၎င်း၊ ယင်း။

၃။ ကွက်လပ်များကိုဖြည့်ပါ။

(က) နာမ်ပုဒ်တစ်ခုခုကို ညွှန်ပြသည့် နာမ်စားကို -------- ဟုခေါ်သည်။

(ခ) နာမ်ကိုညွှန်ပြခြင်းဖြင့် အထူးပြုသည့်ပုဒ်ကို -------- ဟုခေါ်သည်။

(ဂ) 'ထိုပညာရှိမျိုးကိုချဉ်းကပ်သင့်သည်' ဟူသောဝါကျ၌ ထိုသည် -------- ဖြစ်သည်။

(ဃ) 'ဤသို့လာ၊ ထိုသို့သွားနှင့် အငှားခန္ဓာ မြှောင်ရတယ်'ဟူသော စာသား၌ ဤ နှင့် ထို တို့သည် -------- ဖြစ်သည်။

(င) 'ဤ၊ သည်၊ ထို၊ ၎င်း၊ ယင်း' တို့၏ နောက်၌ နာမ်၊ နာမ်စားပုဒ် တစ်ခုခုပါလျှင် အဆိုပါ ဤ၊ သည်၊ ထို၊ ၎င်း၊ ယင်းတို့သည် -------- ဖြစ်သည်။ နောက်၌ နာမ်၊ နာမ်စားပုဒ် တစ်ခုခုမပါလျှင် ယင်းတို့သည် -------- ဖြစ်သည်။

## ကြိယာဝိသေသန

၂၂။ ကြိယာကို အထူးပြုသော ပုဒ်ကို **ကြိယာဝိသေသန** ဟုခေါ်သည်။

(အနက်အဓိပ္ပာယ်အရ ကြိယာဝိသေသန ၂မျိုးရှိသည့်အနက် **အချိန်ပြကြိယာဝိသေသန** နှင့် **အမှုအရာပြကြိယာဝိသေသန**တို့အကြောင်းကို အတွဲ(၁)၊ အခန်း(၃)၌ဖော်ပြခဲ့ပြီ။ ဤအတွဲ(၁)၊ အခန်း(၄)၌မူ ကျန်ရှိသောကြိယာဝိသေသန (၃)မျိုး အကြောင်းကို ဆက်လက် ဖော်ပြမည်။)

၂၃။ ကျန်ရှိသော ကြိယာဝိသေသန(၃)မျိုးတို့မှာ-

(က) အခြေအနေပြကြိယာဝိသေသန

(ခ) ပမာဏပြကြိယာဝိသေသန

(ဂ) အမေးကြိယာဝိသေသနတို့ ဖြစ်ကြသည်။

၂၄။ **အခြေအနေပြကြိယာဝိသေသန။** အခြေအနေကိုပြခြင်းဖြင့် ကြိယာကိုအထူးပြုသော ကြိယာဝိသေသနကို **အခြေအနေပြကြိယာဝိသေသန** ဟုခေါ်သည်။

သာဓက။ ကန့်လန့်၊ သည်းထန်စွာ၊ သပ်သပ်ရပ်ရပ်၊ အသေအချာ၊ ဧကန်၊ အမှန်၊ စင်စစ်၊ မုချ။

(က) သစ်ပင်ကြီးတစ်ပင်သည် လမ်းပေါ်၌ ကန့်လန့်လဲကျနေသည်။

(ဤဝါကျ၌ သစ်ပင်ကြီးသည် လမ်းမပေါ်၌ မည်သို့လဲကျနေသည်ကို **ကန့်လန့်**ဟူသော ပုဒ်က ပြသည်။ **ကန့်လန့်** ဟူသောပုဒ်သည် သစ်ပင်ကြီးလဲကျပုံ အခြေအနေကို ဖော်ပြခြင်းဖြင့် **လဲကျ** ဟူသော ကြိယာကို အထူးပြုသည်။ ထို့ကြောင့် **ကန့်လန့်** သည် **အခြေအနေပြကြိယာဝိသေသန** ဖြစ်သည်။)

(ခ) ယနေ့နံနက် မိုး**သည်းထန်စွာ** ရွာသည်။

(ဂ) စာအုပ်များကို စားပွဲပေါ်တွင် **သပ်သပ်ရပ်ရပ်** စီထားပါ။

(ဃ) ကြိုးစားလျှင် **မုချ**အောင်မြင်မည်။

(င) သူ့အကြောင်းကို ကျွန်တော် **အသေအချာ**သိပါသည်။

(**သည်းထန်စွာ၊ သပ်သပ်ရပ်ရပ်၊ မုချ၊ အသေအချာ** စသော အခြေအနေပြ ကြိယာဝိသေသနတို့၏ အသုံးကို အထက်ပါ ဝါကျများတွင် လေ့လာနိုင်သည်။)

၂၅။ **ပမာဏပြကြိယာဝိသေသန။** မည်ရွေ့မည်မျှပမာဏကို ပြခြင်းဖြင့် ကြိယာကို အထူးပြုသော ကြိယာဝိသေသနကို **ပမာဏပြကြိယာဝိသေသန** ဟုခေါ်သည်။

သာဓက။ များများ၊ လုံးဝ၊ အကုန်၊ အလွန်၊ များစွာ၊ နည်းနည်း၊ အနည်းငယ်၊ အဆမတန်။

(က)　　အစာကို **များများ** စားလျှင် ဘေးဖြစ်တတ်သည်။

(ဤဝါကျ၌ အစားများလျှင် ဘေး ဖြစ်တတ်သည်ကို **များများ** ဟူသော ပုဒ်ကပြသည်။ **များများ** ဟူသော ပုဒ်သည် အစာကို **မည်ရွေ့မည်မျှ** စားကြောင်းကို ဖော်ပြခြင်းဖြင့် **စား** ဟူသော ကြိယာကို အထူးပြုသည်။ ထို့ကြောင့် **များများ** သည် **ပမာဏပြကြိယာဝိသေသန** ဖြစ်သည်။)

(ခ)　　စကားကို **နည်းနည်း**ပြော၍ အလုပ်များကို **များများ**လုပ်ပါ။

(ဂ)　　အစားကို **အကုန်**စား၊ စကားကို **အကုန်**မပြောနှင့်။

(ဃ)　　မူးယစ်ဆေးဝါး သုံးစွဲခြင်းကို **လုံးဝ** ရှောင်ကြဉ်သင့်သည်။

(င)　　ရွှေတိဂုံစေတီတော်ကြီးသည် **အလွန်**သပ္ပာယ်သည်။

(**နည်းနည်း**၊ **အကုန်**၊ **လုံးဝ**၊ **အလွန်** စသော ပမာဏပြကြိယာဝိသေသနတို့၏ အသုံးကို အထက်ပါဝါကျများတွင် လေ့လာနိုင်သည်။)

၂၆။　**အမေးကြိယာဝိသေသန။**　မေးမြန်းခြင်းဖြင့် ကြိယာကို အထူးပြုသော ကြိယာဝိသေသနကို **အမေးကြိယာဝိသေသန** ဟုခေါ်သည်။

သာဓက။　　မည်သို့၊ မည်မျှ၊ မည်ကဲ့သို့၊ ဘယ်လောက်၊ ဘယ်လို။

(က)　　အစာကို ကြေညက်အောင် **မည်သို့** စားရမည်နည်း။

(ဤဝါကျ၌ **မည်သို့** ဟူသော ပုဒ်သည် အစာမည်သို့ စားသင့်ကြောင်းကို မေးမြန်းခြင်းဖြင့် **စား** ဟူသောကြိယာကို အထူးပြုသည်။ ထို့ကြောင့် **မည်သို့**သည် မေးမြန်းခြင်းသဘော သက်ရောက်သော အမေးကြိယာဝိသေသန ဖြစ်သည်။)

(ခ)　　ကျောင်းသင်ခန်းစာများကို **မည်ကဲ့သို့** ကျက်သင့်သနည်း။

(ဂ)　　ဤသရက်သီးသည် **မည်မျှ** ချိုသနည်း။

(ဃ)　　သူ့အကြောင်းကို မင်း **ဘယ်လောက်** သိသလဲ။

(င)　　လူချစ်လူခင်များလိုလျှင် စကားကို **ဘယ်လို** ပြောသင့်သလဲ။

(**မည်ကဲ့သို့**၊ **မည်မျှ**၊ **ဘယ်လောက်**၊ **ဘယ်လို** စသော အမေးကြိယာဝိသေသနတို့၏ အသုံးကို အထက်ပါဝါကျများတွင် လေ့လာနိုင်သည်။)

## လေ့ကျင့်ခန်း

၁။ ကြိယာဝိသေသနဆိုသည်မှာ အဘယ်နည်း။ ကြိယာဝိသေသန မည်မျှရှိသနည်း။

၂။ အခြေအနေပြ ကြိယာဝိသေသနဆိုသည်မှာ အဘယ်နည်း။ အခြေအနေပြ ကြိယာဝိသေသန (၃) ခုကို ဖော်ပြ၍ ဝါကျတစ်ခုစီ၌ သုံးပြပါ။

၃။ ပမာဏပြကြိယာဝိသေသနဆိုသည်မှာ အဘယ်နည်း။ ပမာဏပြကြိယာဝိသေသန (၃)ခုကို ဖော်ပြ၍ ဝါကျတစ်ခုစီ၌ သုံးပြပါ။

၄။ အမေးကြိယာဝိသေသနဆိုသည်မှာ အဘယ်နည်း။ အမေးကြိယာဝိသေသန (၃) ခုကိုဖော်ပြ၍ ဝါကျတစ်ခုစီ၌ သုံးပြပါ။

၅။ ကွက်လပ်များကိုဖြည့်ပါ။

(က) ကြိယာကို အထူးပြုသော ပုဒ်ကို -------- ဟု ခေါ်သည်။

(ခ) အခြေအနေကို ပြခြင်းဖြင့် ကြိယာကို အထူးပြုသော ပုဒ်ကို -------- ဟုခေါ်သည်။

(ဂ) ပမာဏကို ပြခြင်းဖြင့် ကြိယာကို အထူးပြုသောပုဒ်ကို -------- ဟု ခေါ်သည်။

(ဃ) မေးမြန်းခြင်းဖြင့် ကြိယာကို အထူးပြုသောပုဒ်ကို -------- ဟု ခေါ်သည်။

(င) အဟုန်ပြင်းစွာ၊ မတ်တတ်၊ တွဲလောင်း၊ အမှန်၊ စင်စစ် တို့သည် -------- ကြိယာဝိသေသနများ ဖြစ်ကြသည်။

(စ) အချို့၊ အဆမတန်၊ လုံးဝ၊ နည်းနည်း၊ များများ တို့သည် -------- ကြိယာဝိသေသနများ ဖြစ်ကြသည်။

၆။ အောက်ပါဝါကျများရှိ ကြိယာဝိသေသနတို့ကို မျဉ်းသားပါ။ ၎င်းတို့သည် အနက်အဓိပ္ပာယ် အရမည်သည့် ကြိယာဝိသေသနဖြစ်သည်ကိုလည်း ဖော်ပြပါ။

(က) ဤစာပိုဒ်၏ ဆိုလိုရင်းကို အနည်းငယ် ရှင်းပြပါ။

(ခ) စာအုပ်များကို စားပွဲပေါ်မှာ သပ်သပ်ရပ်ရပ် စီထားပါ။

(ဂ) ငါတို့အဖွဲ့သည် ပြိုင်ပွဲတွင် မုချ အောင်နိုင်ရမည်။

(ဃ) တပေါင်းလတွင် နေသည် အလွန် ပူပြင်း၏။

(င) ဤပုဆိုးကို သင် မည်ကဲ့သို့ တွက်မည်နည်း။

(စ) ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်တော် အတော်အတန် သိထားပြီး ဖြစ်ပါသည်။

(ဆ) လွန်ခဲ့သော ညက မိုးသည်းထန်စွာ ရွာသည်။

(ဇ) ဤအဆိုကို လုံးဝ သဘောမတူပါ။

(ဈ) ကျောင်းသို့ သင်မည်သို့သွားမည်နည်း။

(ည) ဇူဇကာပုဏ္ဏားသည် အစာကို အဆမတန် စားသဖြင့် အသက်ဆုံးရှုံးရလေသည်။

## ဝိဘတ်

၂၇။ နာမ်၊ နာမ်စားတို့၏ နောက်၌ တည်၍ ၎င်းတို့သည် ကတ္တားဖြစ်သည်၊ ကံဖြစ်သည် စသည်ကို လည်းကောင်း၊ ကြိယာ၏ နောက်၌ တည်၍ ၎င်းကြိယာ၏ ကာလနှင့် အမျိုးအစားကို လည်းကောင်း ဝေဖန်ပိုင်းခြားပြသော စကားလုံးကို **ဝိဘတ်** ဟုခေါ်သည်။

၂၈။ ဝိဘတ် (၂)မျိုးရှိသည်။ ယင်းဝိဘတ် (၂)မျိုးတို့မှာ -

(က) နာမ်ဝိဘတ်

(ခ) ကြိယာဝိဘတ် တို့ဖြစ်ကြသည်။

(နာမ်ဝိဘတ်(၉)မျိုးအကြောင်းကို အတွဲ(၁)၊ အခန်း(၂)၌လည်းကောင်း၊ ကျန်ရှိသော နာမ်ဝိဘတ် (၈) မျိုးအကြောင်းကို အတွဲ(၁)၊ အခန်း(၃)၌ လည်းကောင်းဖော်ပြခဲ့ပြီ။ ဤအတွဲ(၁)၊ အခန်း(၄)၌မူ ကြိယာဝိဘတ် အကြောင်းကို ဆက်လက်ဖော်ပြမည်။)

၂၉။ **ကြိယာဝိဘတ်။** ကြိယာ၏နောက်၌ တည်၍ ၎င်းကြိယာ၏ ကာလနှင့် အမျိုးအစားကို ဝေဖန်ပိုင်းခြားပြသောဝိဘတ်ကို **ကြိယာဝိဘတ်** ဟုခေါ်သည်။

၃၀။ ကြိယာဝိဘတ် (၂)မျိုးရှိသည်။ ယင်းဝိဘတ် (၂)မျိုးတို့မှာ-

(က) ကာလပြကြိယာဝိဘတ်

(ခ) အမျိုးအစားပြကြိယာဝိဘတ်တို့ဖြစ်ကြသည်။

၃၁။ **ကာလပြကြိယာဝိဘတ်။** ကြိယာ၏ ပြုခြင်း၊ ဖြစ်ခြင်း၊ ရှိခြင်းနှင့် စပ်ဆိုင်သည့် အချိန်ကာလကို ပြသော ဝိဘတ်ကို **ကာလပြကြိယာဝိဘတ်** ဟုခေါ်သည်။

၃၂။ ကာလပြကြိယာဝိဘတ်(၃)မျိုးရှိသည်။ ယင်းဝိဘတ် (၃)မျိုးတို့မှာ-

(က) ပစ္စုပ္ပန်ကာလပြကြိယာဝိဘတ်

(ခ) အတိတ်ကာလပြကြိယာဝိဘတ်

(ဂ) အနာဂတ်ကာလပြကြိယာဝိဘတ် တို့ဖြစ်ကြသည်။

၃၃။ (က) **ပစ္စုပ္ပန်ကာလပြကြိယာဝိဘတ်။** ကြိယာ၏ ပြုဆဲ၊ ဖြစ်ဆဲ၊ ရှိဆဲကာလကို ဖော်ပြသော ဝိဘတ်ကို **ပစ္စုပ္ပန်ကာလပြကြိယာဝိဘတ်** ဟုခေါ်သည်။ ပစ္စုပ္ပန်ကာလပြကြိယာဝိဘတ်တို့မှာ **သည်**၊ **၏**၊ **ပြီ** တို့ ဖြစ်ကြသည်။

သာဓက။

(၁) ယနေ့ ရာသီတု သာယာ**သည်/၏**။

(၂) မောင်သံချောင်းသည် ရန်ကုန်မြို့၌ နေ**သည်/၏**။

(၃) လကမ္ဘာသို့ လူသားများ ရောက်ပြီ။

(၄) မီးရထားသည် ဘူတာရုံသို့ ဝင်လာ**ပြီ**။

(၅) ကျွန်တော့်တွင် ငွေငါးရာ ရှိ**သည်**။

(ခ) **အတိတ်ကာလပြကြိယာဝိဘတ်။** ကြိယာ၏ပြုပြီး၊ ဖြစ်ပြီး၊ ရှိပြီး ကာလကို ဖော်ပြသော ဝိဘတ်ကို အတိတ်ကာလပြကြိယာဝိဘတ် ဟုခေါ်သည်။ အတိတ်ကာလပြကြိယာဝိဘတ်တို့မှာ **သည်**၊ **၏**၊ **ပြီ** တို့ဖြစ်ကြသည်။

သာဓက။

(၁) မနေ့က ရာသီဥတု သာယာ**သည်/၏**။

(၂) လွန်ခဲ့သော ငါးနှစ်က မောင်သံချောင်းသည် ရန်ကုန်မြို့၌ နေ**သည်/၏**။

(၃) စောစောကပင် မီးရထားဝင်သွား**ပြီ**။

(၄) ဦးဘသည် စစ်အတွင်းက ကျောင်းဆရာလုပ်**သည်/၏**။

(၅) သူ ပြန်သွား**ပြီ**။

(ဂ) **အနာဂတ်ကာလပြကြိယာဝိဘတ်။** ကြိယာ၏ ပြုလတ္တံ့၊ ဖြစ်လတ္တံ့၊ ရှိလတ္တံ့ ကာလကို ဖော်ပြသော ဝိဘတ်ကို **အနာဂတ်ကာလပြကြိယာဝိဘတ်** ဟုခေါ်သည်။ **အနာဂတ်ကာလပြကြိယာဝိဘတ်**တို့မှာ **မည်**၊ **လိမ့်မည်**၊ **အံ့**၊ **လတ္တံ့** တို့ဖြစ်ကြသည်။

သာဓက။

(၁) မနက်ဖြန် မောင်ရေခဲ ပြန်လာ**မည်/လိမ့်မည်**။

(၂) မန္တလေး-ရန်ကုန်အစုန်အမြန်ရထားသည် မကြာမီ ဆိုက်**မည်/လိမ့်မည်**။

(၃) မိုးကောင်းသောကြောင့် စပါးအောင်**အံ့/လတ္တံ့**။

(၄) ဤအမှုကို ဆောင်ရွက်လျှင် အများက ချီးမွမ်းကြ**အံ့/လတ္တံ့**။

(၅) မူးယစ်ဆေးဝါးကို သုံးလျှင် လူမျိုးပါ ပြုန်း**မည်/လိမ့်မည်**။

၃၄။ **အမျိုးအစားပြကြိယာဝိဘတ်။** ကြိယာ၏အမျိုးအစားကိုဖော်ပြသော ဝိဘတ်ကို **အမျိုးအစားပြကြိယာဝိဘတ်** ဟုခေါ်သည်။

၃၅။ အမျိုးအစားပြကြိယာဝိဘတ် (၄)မျိုးရှိသည်။ ယင်းဝိဘတ် (၄)မျိုးတို့မှာ-

(က) စေခိုင်းဝိဘတ်

(ခ) ညှိနှိုင်းဝိဘတ်

(ဂ) ဆန္ဒညွှန်ဝိဘတ်

(ဃ) အမိန့်ချဝိဘတ် တို့ဖြစ်ကြသည်။

၃၆။ (က) **စေခိုင်းဝိဘတ်။** စေခိုင်းခြင်းကိုပြသည့် ဝိဘတ်ကို **စေခိုင်းဝိဘတ်** ဟုခေါ်သည်။ စေခိုင်းဝိဘတ်မှာ **လော့** ဖြစ်သည်။

သာဓက။

(၁) ဤအကြောင်းကို ချက်ချင်းပြောကြားပါလော့။

(၂) ငါ့အား အမှန်အတိုင်း ပြောကြားလော့။

(၃) သွေးစည်းညီညွတ်ကြလော့။

(ခ) **ညှိနှိုင်းဝိဘတ်။** ဆောင်ရွက်သူအချင်းချင်း ညှိနှိုင်းခြင်းကိုပြသည့် ဝိဘတ်ကို **ညှိနှိုင်းဝိဘတ်** ဟုခေါ်သည်။ ညှိနှိုင်းဝိဘတ်တို့မှာ **စို့**၊ **ရအောင်** တို့ဖြစ်သည်။

သာဓက။

(၁) အချိန်တန်ပြီမို့ အိမ်ပြန်စို့။

(၂) ယနေ့ကစ၍ အကျိုးများအောင် ကြိုးစားစို့။

(၃) ကျောင်းပိတ်ရက်မှာ သင်တန်းတက်ရအောင်။

(ဂ) **ဆန္ဒညွှန်ဝိဘတ်။** ခွင့်တောင်းခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်း၊ ကျိန်ဆဲခြင်း စသော အလိုဆန္ဒတို့ကို ဖော်ပြသည့်ဝိဘတ်ကို **ဆန္ဒညွှန်ဝိဘတ်** ဟုခေါ်သည်။ ဆန္ဒညွှန်ဝိဘတ်တို့မှာ **ပါရစေ**၊ **ပါစေ** တို့ဖြစ်ကြသည်။

သာဓက။

(၁) ကျွန်တော်ကြည့်ပါရစေ။

(၂) ကျန်းမာချမ်းသာကြပါစေ။

(၃) သွားလေရာ ဘေးတွေ့ပါစေ။

(ဃ) **အမိန့်ချဝိဘတ်။** အမိန့်ပေးခြင်းကို ဖော်ပြသည့် ဝိဘတ်ကို **အမိန့်ချဝိဘတ်** ဟုခေါ်သည်။ အမိန့်ချဝိဘတ်မှာ **စေ** ဖြစ်သည်။

သာဓက။

(၁) အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ် ကျခံစေ။

(၂) ဤအမှုမှ တရားသေ လွတ်စေ။

## လေ့ကျင့်ခန်း

၁။ နာမ်ဝိဘတ်ဆိုသည်မှာ အဘယ်နည်း။

၂။ ကြိယာဝိဘတ်ဆိုသည်မှာ အဘယ်နည်း။

၃။ ကာလပြကြိယာဝိဘတ်ဆိုသည်မှာ အဘယ်နည်း။ ကာလပြကြိယာဝိဘတ် (၃)မျိုး၏ အမည်ကို သာဓက ဝါကျတစ်ခုစီနှင့်တကွ ဖော်ပြပါ။

၄။ အမျိုးအစားပြကြိယာဝိဘတ်ဆိုသည်မှာ အဘယ်နည်း။ အမျိုးအစားပြကြိယာဝိဘတ် (၄)မျိုး၏ အမည်ကို သာဓကဝါကျတစ်ခုစီနှင့်တကွ ဖော်ပြပါ။

၅။ စေခိုင်းဝိဘတ်ဆိုသည်မှာ အဘယ်နည်း။ စေခိုင်းဝိဘတ်ဖြင့် ဝါကျ (၃)ခု ဖွဲ့ပါ။

၆။ ညွှန်းဝိဘတ်ဆိုသည်မှာ အဘယ်နည်း။ ညွှန်းဝိဘတ်ဖြင့် ဝါကျ (၃)ခု ဖွဲ့ပါ။

၇။ ဆန္ဒညွှန်ဝိဘတ်ဆိုသည်မှာ အဘယ်နည်း။ ဆန္ဒညွှန်ဝိဘတ်ဖြင့် ဝါကျ (၃)ခု ဖွဲ့ပါ။

၈။ အမိန့်ချဝိဘတ်ဆိုသည်မှာ အဘယ်နည်း။ အမိန့်ချဝိဘတ်ဖြင့် ဝါကျ (၃)ခုဖွဲ့ပါ။

၉။ ပေးထားသောဝါကျများရှိ ဝိဘတ်တို့ကို မျဉ်းသား၍ နာမ်ဝိဘတ်ဖြစ်သည်၊ ကြိယာဝိဘတ်ဖြစ်သည်ကို ခွဲခြားပြပါ။ ၎င်းတို့၏ အမျိုးအမည်များကိုလည်း ဖော်ပြပါ။

(က) ကျန်းမာရေးအတွက် သန့်ရှင်းသောအစားအစာများကို နေ့စဉ်စားသင့်၏။

(ခ) နွေရာသီကျောင်းပိတ်ရက်တွင် ဆရာနှင့် သူ၏တပည့်များသည် လေ့လာရေးခရီး ထွက်ကြမည်။

(ဂ) ပညာရေးဆွေးနွေးပွဲပြီးပြီ။

(ဃ) အောင်ပွဲရ မြန်မာ့လက်ရွေးစင်အားကစားသမားများသည် နက်ဖြန်နံနက်တွင် မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိကြမည်။

(င) စစ်တောင်းမြစ်ရေသည် နောက်နှစ်ဆယ့်လေးနာရီအတွင်း စိုးရိမ်ရေမှတ်သို့ရောက်မည်။

(စ) ဤအမှုကို ပလပ်စေဟု တရားသူကြီးက အမိန့်ချပြီးပြီ။

(ဆ) လုံ့လဝီရိယရှိသူသည် တစ်နေ့တွင် မုချအောင်မြင်ရမည်။

(ဇ) စောစောအိပ်လို့၊ စောစောထလို့၊ စောစောလမ်းလျှောက်ကြပါစို့။

(ဈ) ကျန်စစ်သားမင်းကြီးသည် အာနန္ဒာစေတီကို တည်ထားကိုးကွယ်တော်မူသည်။

(ည) ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်။

(ဋ) ရွာလမ်းဖောက်ရာမှာ လုပ်အားပေးကြရအောင်။

(ဌ) ကျန်းမာ ချမ်းသာကြပါစေ။

(ဍ) ချစ်စကိုရှည်စေ၊ မုန်းစကို တိုစေ။

(ဎ) အဖေအမေတို့စိတ်ပူနေကြမည်၊ အိမ်ပြန်စို့။

(ဏ) ကြိုးစားခြင်းသည် အောင်မြင်ခြင်း၏ လမ်းစဖြစ်သည်။

၁၀။ ပေးထားသော ဝါကျများရှိ ကွက်လပ်တို့တွင် ဆီလျော်သော နာမ်ဝိဘတ်နှင့် ကြိယာဝိဘတ်များကို ဖြည့်ပါ။

(က) မကြာမီ အမေ ပြန်ရောက်စော့ ----------။

(ခ) ကျွန်တော်တို့ ---------- လွန်ခဲ့သော လ ---------- လပတ်စာမေးပွဲဖြေကြရ ----------။

(ဂ) တိုင်းရင်းသားအချင်းချင်း ရိုင်းပင်းကူညီကြ ----------။

(ဃ) လာမည့် တနင်္ဂနွေနေ့ ---------- ကျွန်တော်တို့ သူငယ်ချင်းတစ်စု ပျော်ပွဲစား သွားကြ ----------။

(င) ကျောင်းဆင်းလျှင် ငါတို့ ကစားကြ ----------။

(စ) ကျောင်းပိတ်ရက် ---------- မိဘ ---------- ကူပါ။

(ဆ) တရားသူကြီး ---------- မောင်ပု ---------- အမှု ---------- တရားသေလွှတ် ---------- ဟု စီရင်ချက်ချလိုက် ----------။

(ဇ) အောက်ဆီဂျင် ---------- လေထက်ပေါ့ ----------။

(ဈ) လာမည့်ဘေး၊ ဝေး ----------။

(ည) တပို့တွဲလ ---------- ထမနဲ ထိုးကြ ----------။

**သမ္ဗန္ဓ**

၃၇။ ပုဒ်အချင်းချင်းကို ဖြစ်စေ၊ ဝါကျအချင်းချင်းကိုဖြစ်စေ၊ အဓိပ္ပာယ်အချင်းချင်းကိုဖြစ်စေ ဆက်စပ်ပေးသော စကားလုံးကို **သမ္ဗန္ဓ** ဟုခေါ်သည်။

၃၈။ သမ္ဗန္ဓ (၃)မျိုးရှိသည်။ ၎င်းတို့မှာ-

(က) ပုဒ်ဆက် သမ္ဗန္ဓ

(ခ) ဝါကျဆက် သမ္ဗန္ဓ

(ဂ) အဓိပ္ပာယ်ဆက် သမ္ဗန္ဓ တို့ဖြစ်ကြသည်။

(ပုဒ်ဆက်သမ္ဗန္ဓအကြောင်းကို အတွဲ(၁)၊ အခန်း(၃)၌ ဖော်ပြခဲ့ပြီးဖြစ်သည်။ ဤအတွဲ (၁)၊ အခန်း (၄) ၌မူ **ဝါကျဆက်သမ္ဗန္ဓ** နှင့် **အဓိပ္ပာယ်ဆက်သမ္ဗန္ဓ** တို့အကြောင်းကို ဖော်ပြမည်။)

၃၉။ **ဝါကျဆက်သမ္ဗန္ဓ။** ဝါကျအချင်းချင်း ဆက်စပ်ပေးသော သမ္ဗန္ဓကို **ဝါကျဆက်သမ္ဗန္ဓ** ဟုခေါ်သည်။

သာဓက။ နှင့်တစ်ပြိုင်နက်၊ သကဲ့သို့၊ စေရန်၊ လျှင်၊ ၍၊ လျက်၊ သော်လည်း။

(က) **နှင့်တစ်ပြိုင်နက်။** အချိန်ပြခြင်းအနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော သမ္ဗန္ဓဖြစ်သည်။

(၁) မိုးသံကိုကြားရသည်။

(၂) လယ်သမားတို့သည် ထွန်တုံးကို ပြင်ကြပြီ။

(၃) မိုးသံကိုကြားသည် **နှင့်တစ်ပြိုင်နက်** လယ်သမားတို့သည် ထွန်တုံးကိုပြင်ကြပြီ။

ဝါကျ(၁)နှင့်(၂)တို့သည် သီးခြားဝါကျများဖြစ်ကြသည်။ ထိုဝါကျများကို **နှင့်တစ်ပြိုင်နက်** ဟူသော သမ္ဗန္ဓဖြင့် ဆက်လိုက်သောအခါ တတိယဝါကျ ဖြစ်လာသည်။

မိုးဦးကျအခါ၌ လယ်သမားတို့ ထွန်တုံးပြင်ကြကြောင်းကို **နှင့်တစ်ပြိုင်နက်** ဟူသော သမ္ဗန္ဓက ပြသည်။ ထို့ကြောင့် **နှင့်တစ်ပြိုင်နက်**သည် အချိန်ပြခြင်းအနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော **ဝါကျဆက်သမ္ဗန္ဓ** ဖြစ်သည်။

(ထိုနည်းတူ **နှင့်**၊ **သောအခါ**၊ **လျက်**၊ **စဉ်**၊ **ပတ်လုံး**၊ **အတွင်း** စသည်တို့သည်လည်း အချိန်ပြခြင်းအနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော ဝါကျဆက်သမ္ဗန္ဓများ ဖြစ်ကြသည်။)

(ခ) **သကဲ့သို့။** နှိုင်းယှဉ်ခြင်းအနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော **သမ္ဗန္ဓ** ဖြစ်သည်။

(၁) ထူးချွန်သော ကျောင်းသားများသည် စာကြိုးစားကြသည်။

(၂) ကျွန်ုပ်တို့လည်း စာကြိုးစားကြသည်။

(၃) ထူးချွန်သော ကျောင်းသားများ စာကြိုးစား**သကဲ့သို့** ကျွန်ုပ်တို့လည်း စာကြိုးစားကြသည်။

ဝါကျ(၁)နှင့် (၂)တို့သည် သီးခြားဝါကျရိုးများ ဖြစ်ကြသည်။ ထိုဝါကျများကို **သကဲ့သို့** ဟူသော သမ္ဗန္ဓဖြင့် ဆက်လိုက်သောအခါ တတိယဝါကျ ဖြစ်လာသည်။

ထူးချွန်သော ကျောင်းသားများ၏ စာကြိုးစားမှုနှင့် ကျွန်ုပ်တို့၏ စာကြိုးစားမှုကို **သကဲ့သို့** ဟူသော သမ္ဗန္ဓက နှိုင်းယှဉ်ပြသည်။ ထို့ကြောင့် **သကဲ့သို့**သည် နှိုင်းယှဉ်ခြင်းအနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော **ဝါကျဆက်သမ္ဗန္ဓ** ဖြစ်သည်။

(ထိုနည်းအတူ **ထက်၊ နည်းတူ၊ သလောက်၊ အတိုင်း** စသည် တို့သည်လည်း နှိုင်းယှဉ်ခြင်းအနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော **ဝါကျဆက်သမ္ဗန္ဓ** များဖြစ်ကြသည်။)

(ဂ) **စေရန်။** အကျိုးတစ်စုံတစ်ရာကို မျှော်လင့်ခြင်းအနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော သမ္ဗန္ဓဖြစ်သည်။

(၁) နိုင်ငံ၏စီးပွားရေး တိုးတက်သည်။

(၂) ကုန်များကို အဆင့်မီ ထုတ်လုပ်ရမည်။

(၃) နိုင်ငံ၏ စီးပွားရေးတိုးတက်**စေရန်** ကုန်များကို အဆင့်မီ ထုတ်လုပ်ရမည်။

ဝါကျ(၁)နှင့် (၂)တို့သည် သီးခြားဝါကျရိုးများ ဖြစ်ကြသည်။ ထိုဝါကျများကို **စေရန်** ဟူသော သမ္ဗန္ဓဖြင့် ဆက်လိုက်သောအခါ တတိယဝါကျ ဖြစ်လာသည်။

နိုင်ငံ၏ စီးပွားတိုးတက်မှုကို ရည်မှန်း၍ ကုန်များကို အဆင့်မီထုတ်လုပ်သင့်ကြောင်းကို **စေရန်** ဟူသော သမ္ဗန္ဓကပြသည်။ ထို့ကြောင့် **စေရန်**သည် အကျိုးမျှော်လင့်ခြင်း အနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော **ဝါကျဆက်သမ္ဗန္ဓ** ဖြစ်သည်။

(ထိုနည်းအတူ **အောင်၊ အံ့သောငှာ၊ ရန်၊ အတွက်** စသည်တို့သည်လည်း အကျိုးမျှော်လင့်ခြင်း အနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော **ဝါကျဆက်သမ္ဗန္ဓ**များဖြစ်ကြသည်။)

(ဃ) **လျှင်။** ကန့်သတ်ခြင်းအနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော သမ္ဗန္ဓ ဖြစ်သည်။

(၁) စာမေးပွဲအောင်သည်။

(၂) အတန်းတက်ရမည်။

(၃) စာမေးပွဲအောင်**လျှင်** အတန်းတက်ရမည်။

ဝါကျ(၁)နှင့် (၂)တို့သည် သီးခြားဝါကျရိုးများ ဖြစ်ကြသည်။ ထိုဝါကျများကို **လျှင်** ဟူသော သမ္ဗန္ဓဖြင့် ဆက်လိုက်သောအခါ တတိယဝါကျဖြစ်လာသည်။
အတန်းတက်ရန်အတွက် စာမေးပွဲအောင်ရမည်ဖြစ်ကြောင်းကို **လျှင်**ဟူသော သမ္ဗန္ဓက ကန့်သတ်ပြသည်။ ထို့ကြောင့် **လျှင်**သည် ကန့်သတ်ခြင်း အနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော **ဝါကျဆက်သမ္ဗန္ဓ** ဖြစ်သည်။
(ထိုနည်းအတူ **မှ**၊ **က**၊ **သော်** စသည်တို့သည်လည်း ကန့်သတ်ခြင်း အနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော **ဝါကျဆက်သမ္ဗန္ဓ**များ ဖြစ်ကြသည်။)

(င) **၍**။ အကြောင်းပြခြင်းအနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော သမ္ဗန္ဓ ဖြစ်သည်။
(၁) မိုးလေဝသ မှန်ကန်သည်။
(၂) စပါး အထွက်တိုးသည်။
(၃) မိုးလေဝသ မှန်ကန်**၍** စပါးအထွက်တိုးသည်။
ဝါကျ(၁)နှင့် (၂)တို့သည် သီးခြား ဝါကျရိုးများ ဖြစ်ကြသည်။ ထိုဝါကျများကို **၍** ဟူသော သမ္ဗန္ဓဖြင့် ဆက်လိုက်သောအခါ တတိယဝါကျဖြစ်လာသည်။
စပါး အထွက်တိုးရခြင်း၏ အကြောင်းရင်းသည် မိုးလေဝသမှန်ကန်ခြင်းဖြစ်ကြောင်းကို **၍** ဟူသော သမ္ဗန္ဓကပြသည်။ ထို့ကြောင့် **၍**သည် အကြောင်းပြခြင်းအနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော **ဝါကျဆက်သမ္ဗန္ဓ** ဖြစ်သည်။
(ထိုနည်းအတူ **သောကြောင့်**၊ **ရကား**၊ **သည့်အတွက်**၊ **သဖြင့်** စသည်တို့ သည်လည်း အကြောင်းပြခြင်းအနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော **ဝါကျဆက်သမ္ဗန္ဓ** များဖြစ်ကြသည်။)

(စ) **၍**။ တစ်ခုပြီးတစ်ခုဆောင်ရွက်ခြင်း၊ ဖြစ်ပေါ်ခြင်းအနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော သမ္ဗန္ဓဖြစ်သည်။
(၁) ခွေးသည် အမဲကင်ကို ပစ်ချသည်။
(၂) ခွေးသည် လွတ်ရာသို့ ပြေးလေ၏။
(၃) ခွေးသည် အမဲကင်ကို ပစ်ချ**၍** လွတ်ရာသို့ ပြေးလေ၏။
ဝါကျ(၁)နှင့် (၂)တို့သည် သီးခြားဝါကျရိုးများ ဖြစ်ကြသည်။ ထိုဝါကျများကို **၍** ဟူသော သမ္ဗန္ဓဖြင့် ဆက်လိုက်သောအခါ တတိယဝါကျ ဖြစ်လာသည်။
ခွေးသည် အမဲကင်ကို ပစ်ချခြင်း၊ လွတ်ရာသို့ ပြေးခြင်းဟူသည့် ဆောင်ရွက်မှု (၂)ခုကို တစ်ခုပြီး တစ်ခု ပြုလုပ်ခြင်းဖြစ်ကြောင်း **၍**ဟူသော သမ္ဗန္ဓကပြသည်။ ထို့ကြောင့် **၍**သည် တစ်ခုပြီးတစ်ခု

ဆောင်ရွက်ခြင်းအနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော **ဝါကျဆက်သမ္ဗန္ဓ** ဖြစ်သည်။
(ထိုနည်းအတူ **ကာ၊ ပြီး** စသည်တို့သည်လည်း တစ်ခုပြီးတစ်ခု ဆောင်ရွက်ခြင်း၊ ဖြစ်ပေါ်ခြင်း အနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော **ဝါကျဆက်သမ္ဗန္ဓ** များဖြစ်ကြသည်။)

(ဆ) **လျက်။** တစ်ပြိုင်နက်ဆောင်ရွက်ခြင်း၊ ဖြစ်ပေါ်ခြင်းအနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော သမ္ဗန္ဓဖြစ်သည်။

(၁) တောသူလုံမေတို့သည် ရေအိုးကိုယ်စီ ရွက်လာကြသည်။

(၂) တောသူလုံမေတို့သည် ရွာလယ်ရေကန်မှ ပြန်လာကြသည်။

(၃) တောသူလုံမေတို့သည် ရေအိုးကိုယ်စီရွက်**လျက်** ရွာလယ်ရေကန်မှ ပြန်လာကြသည်။

ဝါကျ(၁)နှင့် (၂)တို့သည် သီးခြား ဝါကျရိုးများ ဖြစ်ကြသည်။ ထိုဝါကျများကို **လျက်** ဟူသော သမ္ဗန္ဓဖြင့် ဆက်လိုက်သောအခါ တတိယဝါကျ ဖြစ်လာသည်။
တောသူလုံမေတို့သည် ရေအိုးရွက်ခြင်း၊ ရေကန်မှ ပြန်လာခြင်းဟူသည့် ဆောင်ရွက်မှု (၂)ခုကို တစ်ပြိုင်နက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း **လျက်**ဟူသော သမ္ဗန္ဓကပြသည်။ ထို့ကြောင့် **လျက်**သည် တစ်ပြိုင်နက် ဆောင်ရွက်ခြင်းအနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော **ဝါကျဆက်သမ္ဗန္ဓ** ဖြစ်သည်။
(ထိုနည်းအတူ **ကာ၊ စဉ်၊ တုန်း** စသည်တို့သည်လည်း တစ်ပြိုင်နက် ဆောင်ရွက်ခြင်း၊ ဖြစ်ပေါ်ခြင်းအနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော **ဝါကျဆက်သမ္ဗန္ဓ**များဖြစ်ကြသည်။)

(ဇ) **သော်လည်း။** ဆန့်ကျင်အနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော သမ္ဗန္ဓဖြစ်သည်။

(၁) သူ အမြန်ပြေးသွားသည်။

(၂) သူ မီးရထား မမီလိုက်ပါ။

(၃) သူ အမြန်ပြေးသွား**သော်လည်း** မီးရထား မမီလိုက်ပါ။

ဝါကျ(၁)နှင့် (၂)တို့သည် သီးခြားဝါကျရိုးများ ဖြစ်ကြသည်။ ထိုဝါကျများကို **သော်လည်း** ဟူသော သမ္ဗန္ဓဖြင့် ဆက်လိုက်သောအခါ တတိယဝါကျ ဖြစ်လာသည်။
မီးရထားမထွက်ခင် အချိန်မီရောက်ရှိရေးအတွက် ကြိုးစားအားထုတ်မှုသည် အချည်းနှီးဖြစ်ရပုံကို **သော်လည်း** ဟူသော သမ္ဗန္ဓကပြသည်။ ထို့ကြောင့် **သော်လည်း**သည် ဆန့်ကျင်ခြင်းအနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော **ဝါကျဆက်သမ္ဗန္ဓ**ဖြစ်သည်။
(ထိုနည်းအတူ **ဘဲ၊ ဘဲနှင့်၊ လျက်၊ ဘဲလျက်နှင့်၊ စေကာမူ** စသည်တို့သည်လည်း ဆန့်ကျင်ခြင်း အနက်ဖြင့် ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော **ဝါကျဆက်သမ္ဗန္ဓ**များဖြစ်ကြသည်။)

၄၀။ **အစိပ္ပာယ်ဆက်သမ္ဗန္ဓ။** သီးခြားဝါကျတို့၌ပါရှိသော အဓိပ္ပာယ်အချင်းချင်းကို ဆက်စပ်ပေးသည့် သမ္ဗန္ဓကို **အစိပ္ပာယ်ဆက်သမ္ဗန္ဓ** ဟုခေါ်သည်။

သာဓက။ ထို့ကြောင့်၊ အဘယ်ကြောင့်ဆိုသော်၊ အကြောင်းမူကား၊ ထို့ပြင်၊ ထို့နောက်၊ သို့ရာတွင်၊ ထိုအခါ။

(က) **ထို့ကြောင့်။** အကြောင်းပြခြင်းအနက်ဖြင့် အဓိပ္ပာယ်ကို ဆက်စပ်ပေးသော သမ္ဗန္ဓဖြစ်သည်။

(၁) အင်းဝဘုရင် ဒုတိယမင်းခေါင်သည် စာဆိုတော်များကို အားပေးချီးမြှောက်တော်မူသည်။

(၂) အင်းဝခေတ်၌ စာပေထွန်းကားသည်။

(၃) အင်းဝဘုရင် ဒုတိယမင်းခေါင်သည် စာဆိုတော်များကို အားပေးချီးမြှောက်တော်မူသည်။ **ထို့ကြောင့်** အင်းဝခေတ်၌ စာပေထွန်းကားသည်။

ဝါကျ(၁)နှင့် (၂)တို့သည် သီးခြား ဝါကျရိုးများ ဖြစ်ကြသည်။ ထိုဝါကျ နှစ်ခုကို အမှတ်(၃)အတိုင်း ထို့ကြောင့် နှင့် ဆက်နိုင်သည်။

အင်းဝခေတ်၌ စာပေထွန်းကားရခြင်းမှာ အကျိုးဖြစ်၍ အင်းဝဘုရင်ဒုတိယမင်းခေါင်က စာဆိုတော်များကို အားပေးချီးမြှောက်ခြင်းမှာ အကြောင်းဖြစ်သည်။ ဤသို့ အကြောင်းအကျိုးဆက်စပ်မှုကို **ထို့ကြောင့်**ဟူသော **အစိပ္ပာယ်ဆက်သမ္ဗန္ဓ**က ဖော်ပြသည်။

(ဤကဲ့သို့ အကြောင်းအကျိုးဆက်စပ်မှုကို ဖော်ပြသော အခြား အဓိပ္ပာယ်ဆက်သမ္ဗန္ဓများမှာ **သို့ဖြစ်၍၊ သို့ဖြစ်သောကြောင့်** စသည်တို့ဖြစ်ကြသည်။)

(ခ) **အဘယ်ကြောင့်ဆိုသော်။** အကြောင်းပြခြင်းအနက်ဖြင့် အဓိပ္ပာယ်ကို ဆက်စပ်ပေးသော သမ္ဗန္ဓဖြစ်သည်။

(၁) အင်းဝခေတ်၌ စာပေထွန်းကားသည်။

(၂) အင်းဝဘုရင် ဒုတိယမင်းခေါင်သည် စာဆိုတော်များကို အားပေးချီးမြှောက်တော်မူသည်။

(၃) အင်းဝခေတ်၌ စာပေထွန်းကားသည်။ **အဘယ်ကြောင့်ဆိုသော်** အင်းဝဘုရင် ဒုတိယမင်းခေါင်သည် စာဆိုတော်များကို အားပေးချီးမြှောက်တော်မူသည်။

ဝါကျ(၁)နှင့် (၂)တို့သည် သီးခြားဝါကျရိုးများ ဖြစ်ကြသည်။ ထိုဝါကျ နှစ်ခုကို အမှတ်(၃)အတိုင်း **အဘယ်ကြောင့်ဆိုသော်**နှင့် ဆက်နိုင်သည်။

အင်းဝခေတ်၌ စာပေထွန်းကားရခြင်း၏ အကြောင်းမှာ ဒုတိယမင်းခေါင်၏ အားပေးမှုကြောင့်ဖြစ်သည်ဟူသော အကြောင်းအကျိုးဆက်စပ်မှုကို **အဘယ်ကြောင့်ဆိုသော်** ဟူသော **အစိပ္ပာယ်ဆက်သမ္ဗန္ဓက** ဖော်ပြသည်။

(ဤကဲ့သို့ အကြောင်းအကျိုးဆက်စပ်မှုကို ဖော်ပြသော အခြားအဓိပ္ပာယ်ဆက် သမ္ဗန္ဓများမှာ **အကြောင်းမူကား၊ အကြောင်းမှာကား၊ အကြောင်းမှာမူ၊ အကြောင်းသော်ကား** စသည်တို့ဖြစ်ကြသည်။)

(ဂ) **ထို့ပြင်။** ပေါင်းစည်းခြင်းအနက်ဖြင့် အဓိပ္ပာယ်ကို ဆက်စပ်ပေးသောသမ္ဗန္ဓဖြစ်သည်။

(၁) သတင်းစာထဲ၌ ပြည်တွင်းပြည်ပသတင်းများပါသည်။

(၂) သတင်းစာထဲ၌ ပြည်တွင်းပြည်ပဆောင်းပါးများပါသည်။

(၃) သတင်းစာထဲ၌ပြည်တွင်းပြည်ပသတင်းများပါသည်။ **ထို့ပြင်** ဆောင်းပါးများလည်းပါသည်။

ဝါကျ(၁)နှင့်(၂)တို့သည် သီးခြားဝါကျရိုးများဖြစ်ကြသည်။ ထိုဝါကျနှစ်ခုကို အမှတ် (၃)အတိုင်း **ထို့ပြင်** နှင့် ဆက်နိုင်သည်။

ရှေ့ကဖော်ပြခဲ့သည့် အကြောင်းအရာ၊ အချက်အလက်နှင့် နောက်၌ဖော်ပြမည့် အကြောင်းအရာ၊ အချက်အလက်ကို **ထို့ပြင်**ဟူသော **အဓိပ္ပာယ်ဆက်သမ္ဗန္ဓ**က ပေါင်းစည်းဖော်ပြသည်။

(ဤကဲ့သို့ ပေါင်းစည်းမှုကိုပြသော အခြားအဓိပ္ပာယ်ဆက်သမ္ဗန္ဓများမှာ **၎င်းပြင်၊ သည့်ပြင်** စသည် တို့ ဖြစ်ကြသည်။)

(ဃ) **ထို့နောက်။** တစ်ခုပြီးလျှင် တစ်ခုဆောင်ရွက်ခြင်းအနက်ဖြင့် အဓိပ္ပာယ်ကို ဆက်စပ်ပေးသော သမ္ဗန္ဓဖြစ်သည်။

(၁) ဦးကြီးသည် လယ်ကို ထွန်သည်။

(၂) သူသည် ပျိုးကြဲသည်။

(၃) ဦးကြီးသည် လယ်ကိုထွန်သည်။ ထို့နောက် သူသည်ပျိုးကြဲသည်။

ဝါကျ(၁)နှင့် (၂)တို့သည် သီးခြားဝါကျရိုးများ ဖြစ်ကြသည်။ ထိုဝါကျ နှစ်ခုကို အမှတ်(၃)အတိုင်း **ထို့နောက်** နှင့် ဆက်နိုင်သည်။

ဦးကြီး၏ ပထမဆောင်ရွက်မှုမှာ လယ်ထွန်ခြင်းဖြစ်၍ ဒုတိယဆောင်ရွက်မှုမှာ ပျိုးကြဲခြင်းဖြစ်သည်။ ဆောင်ရွက်မှုတစ်ခုပြီး၍ နောက်တစ်ခုဆက်လက် ဆောင်ရွက်ကြောင်းကို **ထို့နောက်** ဟူသော သမ္ဗန္ဓက ဖော်ပြသည်။

(ဤကဲ့သို့ တစ်ခုပြီးလျှင်တစ်ခု ဆောင်ရွက်ကြောင်းဖော်ပြသော အခြားအဓိပ္ပာယ်ဆက်သမ္ဗန္ဓများ မှာ **၎င်းနောက်၊ သည့်နောက်** စသည်တို့ဖြစ်ကြသည်။)

(င) **သို့ရာတွင်။** ဆန့်ကျင်ခြင်းအနက်ဖြင့် အဓိပ္ပာယ်ကို ဆက်စပ်ပေးသော သမ္ဗန္ဓဖြစ် သည်။

(၁) သူသည်ကြမ်းတမ်းစွာ ပြောဆိုတတ်သည်။

(၂) သူသည် စိတ်သဘောထား ကောင်းသည်။

(၃) သူသည် ကြမ်းတမ်းစွာ ပြောဆိုတတ်သည်။ သို့ရာတွင်သူသည် စိတ်သဘောထား ကောင်းသည်။

ဝါကျ (၁)နှင့်(၂)တို့သည် သီးခြားဝါကျရိုးများဖြစ်ကြသည်။ ထိုဝါကျနှစ်ခုကို အမှတ်(၃)အတိုင်း **သို့ရာတွင်**နှင့် ဆက်နိုင်သည်။

လူတစ်ဦး၏အမူအရာနှင့် စိတ်ရင်းသဘောထားတို့သည် ရံဖန်ရံခါ၌ ဆန့်ကျင်ဘက် ဖြစ်တတ်သည်။ ထိုသို့ ဆန့်ကျင်ဘက်ဖြစ်တတ်ကြောင်းကို **သို့ရာတွင်**ဟူသော **အဓိပ္ပာယ်ဆက်သမ္ဗန္ဓ**က ဖော်ပြသည်။

(ဤကဲ့သို့ ဆန့်ကျင်အနက်ကို ဖော်ပြသော အခြားသမ္ဗန္ဓများမှာ **သို့သော်လည်း၊ သို့ဖြစ်သော်လည်း၊ သို့တစေ၊ သို့ပေမည့်၊ သို့ပေမင့်၊ သို့ဖြစ်စေကာမူ** စသည်တို့ ဖြစ်ကြသည်။)

(စ) **ထိုအခါ။** အချိန်ပြခြင်း အနက်ဖြင့် အဓိပ္ပာယ်ကို ဆက်စပ်ပေးသော သမ္ဗန္ဓဖြစ်သည်။

(၁) တန်ခူးလ၌ သင်္ကြန်ပွဲတော်ကို ကျင်းပလေ့ရှိသည်။

(၂) လူငယ်လူရွယ်များသည် အတာရေသဘင်ကို ပျော်ပျော်ပါးပါး ဆင်နွှဲကြသည်။

(၃) တန်ခူးလ၌ သင်္ကြန်ပွဲတော်ကို ကျင်းပလေ့ရှိသည်။ **ထိုအခါ** လူငယ်လူရွယ်များသည် အတာရေသဘင်ကို ပျော်ပျော်ပါးပါး ဆင်နွှဲကြသည်။

ဝါကျ (၁) နှင့် (၂) တို့သည် သီးခြားဝါကျရိုးများ ဖြစ်ကြသည်။ ထိုဝါကျ နှစ်ခုကို အမှတ်(၃) အတိုင်း **ထိုအခါ**နှင့် ဆက်နိုင်သည်။

သင်္ကြန်ပွဲတော်ကျင်းပချိန်၌ လူငယ်များနွှဲပျော်ကြပုံကို **ထိုအခါ**ဟူသော **အဓိပ္ပာယ်ဆက်သမ္ဗန္ဓ**က ဖော်ပြသည်။

## လေ့ကျင့်ခန်း

၁။ သမ္ဗန္ဓဆိုသည်မှာ အဘယ်နည်း။

၂။ ဝါကျဆက်သမ္ဗန္ဓဆိုသည်မှာ အဘယ်နည်း။ ဝါကျဆက်သမ္ဗန္ဓနှင့် ပုဒ်ဆက်သမ္ဗန္ဓတို့ ခြားနားပုံကို သာဓကဝါကျ တစ်ခုစီဖြင့် ရှင်းပြပါ။

၃။ အဓိပ္ပာယ်ဆက်သမ္ဗန္ဓဆိုသည်မှာဘယ်နည်း။ ဝါကျဆက်သမ္ဗန္ဓနှင့် အဓိပ္ပာယ်ဆက်သမ္ဗန္ဓတို့ခြားနားပုံကို သာဓကတစ်ခုစီဖြင့် ရှင်းပြပါ။

၄။ အဓိပ္ပာယ်ဆက်သမ္ဗန္ဓ (၅)ခုကို ဖော်ပြ၍ ဝါကျတစ်ခုစီ၌ သုံးပြပါ။

၅။ ကွက်လပ်များကို ဖြည့်ပါ။

(က) ------ အချင်းချင်းကိုဖြစ်စေ၊ ------ အချင်းချင်းကိုဖြစ်စေ၊ ------ အချင်းချင်း ကိုဖြစ်စေ ဆက်စပ်ပေးသော စကားလုံးကို သမ္ဗန္ဓဟု ခေါ်သည်။

(ခ) ဝါကျအချင်းချင်းဆက်စပ်ပေးသော သမ္ဗန္ဓကို ------ သမ္ဗန္ဓဟုခေါ်သည်။

(ဂ) ------ သမ္ဗန္ဓသည် ပုဒ်အချင်းချင်းကို ဆက်စပ်ပေး၍ ------ သမ္ဗန္ဓသည် သီးခြားဝါကျ နှစ်ခု၌ ပါရှိသော အဓိပ္ပာယ်ကို ဆက်စပ်ပေးသည်။

၆။ ပေးထားသောဝါကျများရှိ ကွက်လပ်တို့တွင် ဆီလျော်သော ဝါကျဆက်သမ္ဗန္ဓတို့ကိုဖြည့်ပါ။

(က) မူးယစ်ဆေးဝါးကို သုံး ------ လူညွန့်တုံးမည်။

(ခ) မောင်ကံကောင်းသည် စာကြိုးစား ------ ဂုဏ်ထူးလေးဘာသာရသည်။

(ဂ) နွေရာသီကျောင်းပိတ်ရက် ------ စက်ရုံအလုပ်ရုံများ၌ လုပ်အားပေး ကြမည်။

(ဃ) ကြိုးစား ------ မုချ အောင်မြင်မည်။

(င) မိုးရွာ ------ ပျိုးသာမည်။

(စ) ညီညာ ------ ပြည်သာမည်။

(ဆ) ဘကြီးဖြိုးသည် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင် ------ စာဖတ်နေသည်။

(ဇ) မနက်ဖြန် ရောက် ------ ဆက်ဆက်လာခဲ့ပါ။

(ဈ) အမေ နံနက်စောစော ဈေးသွား ------ အဖေ အိပ်နေသည်။

(ည) သူတို့လို လူရည်ချွန် လူရည်မွန်များဖြစ် ------ ကြိုးစားသင့်ကြသည်။

(ဋ) ကြောင်မကြီးသည် ကြောင်ကလေးများကို ချီ ------ ပြေးလာသည်။

(ဌ) ကျန်းမာ ------ ခွန်အားဖြစ်မည့် အစားအစာများကို သင့်တင့်မျှတ ------ စားသင့်သည်။

(ဍ) နွေရာသီ၌ ရေမပြတ် ------ ရေကို ချွေတာသုံးစွဲသင့်ကြ၏။

(ဎ) ဆရာ စာသင်နေ ------ စကားမပြောရ။

(ဏ) အဆင်းလှ ------ အချင်းမလှ ------ အချည်းနှီးသာတည်း။

(တ) မိုးများ ------ စပါးများပျက်သည်။

(ထ) ရေကြီး ------ ရထားလမ်းများ ပျက်သည်။

(ဒ) သူသည် ခေါင်းမူး ------ အိပ်နေသည်။

(ဓ) သူခိုးသည် ခိုးရာပါပစ္စည်းများကို ပစ်ချ ------ ထွက်ပြေးသွားသည်။

(န) နိုင်ငံတော်အလံကို အလေးပြု ------ အစည်းအဝေးကို ဖွင့်လှစ်လိုက်သည်။

(ပ) ကျော်ကျော် စာကြိုးစားသည် ------ ဇော်ဇော်က ပိုကြိုးစားသည်။

(ဖ) သူပြန်ပြော ------ အလုံးစုံ သိရပါပြီ။

(ဗ) သူသည်နေကောင်း ------ နေမကောင်းချင်ယောင် ဆောင်နေသည်။

(ဘ) မိုးလေဝသကောင်း ------ စပါးအထွက်တိုးသည်။

(မ) ကျောင်းစည်းကမ်းများကို မလိုက်နာပါ ------ အရေးယူခြင်း ခံရမည်။

(ယ) ဘဟာဒူးသည် ခေါင်းနှင့်တိုက် ------ ဂိုးသွင်းလိုက်သည်။

၇။ ပေးထားသော ဝါကျအစုံများကို ဝါကျဆက်သမ္ဗန္ဓ၊ သို့မဟုတ် အဓိပ္ပာယ်ဆက်သမ္ဗန္ဓတို့ဖြင့် ဆီလျော်အောင် ဆက်စပ်ပါ။

(က) (၁) ဤအရပ်သည် ရာသီဥတု ပူပြင်းသည်။
(၂) သစ်ပင်ဝါးပင် နည်းပါးသောကြောင့် ဖြစ်သည်။

(ခ) (၁) မြဝတီမင်းကြီးဦးစသည် လက်ရုံးရည်နှင့် ပြည့်စုံသည်။
(၂) မြဝတီမင်းကြီးဦးစသည် နှလုံးရည်နှင့် ပြည့်စုံသည်။

(ဂ) (၁) ဆာလဖြူရစ်အက်စစ်သည် အသားကို လောင်ကျွမ်းစေနိုင်၏။
(၂) မထိမိစေရန် သတိပြုရမည်။

(ဃ) (၁) အဘိုးချော်လဲသည်။
(၂) အဘိုးခြေကျိုးသွားသည်။

(င) (၁) ကျောင်းသူများက ကျောင်းဝင်းထဲ၌ တံမြက်လှည်းကြသည်။
(၂) ကျောင်းသားများက အမှိုက်ကျုံးကြသည်။

(စ) (၁) ကျွန်တော်ကျောင်းနောက်ကျမှာ စိုးပါသည်။
(၂) ကျွန်တော်လျင်မြန်စွာပြေးသွားသည်။

(ဆ) (၁) ၈ နာရီထိုးပြီ။
(၂) ညီလေးသည် အိပ်ရာက မထသေးပါ။

(ဇ) (၁) သူသည် ရိုးသားဖြောင့်မတ်သည်။
(၂) တစ်ရပ်ကွက်လုံးက သူ့ကို ချစ်ခင်လေးစားကြ၏။

(ဈ) (၁) မန္တလေးသို့ မီးရထားဖြင့် သွားမည်။
(၂) မန္တလေးသို့ လေယာဉ်ပျံဖြင့် သွားမည်။

(ည) (၁) ကောက်စိုက်သမတစ်သိုက်သည် သီချင်းတကြော်ကြော်ဆိုနေကြသည်။
(၂) ကောက်စိုက်သမတစ်သိုက်သည် ကောက်စိုက်နေကြသည်။

## ဝါကျဆက်သမ္ဗန္ဓနှင့် နာမ်ဝိဘတ်

၄၁။ အချို့သော စကားလုံးတို့သည် ဝါကျအတွင်းရှိ အသုံးကိုလိုက်၍ **ဝါကျဆက်သမ္ဗန္ဓ**လည်း ဖြစ်နိုင်သည်။ **နာမ်ဝိဘတ်**လည်း ဖြစ်နိုင်သည်။ ဤသို့ ဝါကျအတွင်း အသုံးကိုလိုက်၍ ဝါစင်္ကွဲပြားပုံကို သာဓကများဖြင့် ရှင်းပြမည်။

(က) သဘာပတိကြီး**က** မိန့်ခွန်းပြောသည်။

(ခ) သင်္ဘောသည် ကမ်း**က** ခွာသည်။

(ဂ) မီးရထားလက်မှတ်မရပါ**က** ကားဖြင့် သွားကြမည်။

ဝါကျ(က)၌ က သည် မိန့်ခွန်းပြောသူမှာ မည်သူဖြစ်ကြောင်းကို ပြသော **နာမ်ဝိဘတ်**ဖြစ်သည်။

ဝါကျ(ခ)၌ က သည် သင်္ဘောထွက်ခွာရာနေရာကို ပြသော **နာမ်ဝိဘတ်**ဖြစ်သည်။

ဝါကျ(ဂ)၌မူ က သည် ဝါကျရိုး (၂)ခုကို ဆက်စပ်ပေးသော **ဝါကျဆက်သမ္ဗန္ဓ** ဖြစ်သည်။

ဝါကျအတွင်း၌ အသုံးကိုလိုက်၍ ဝါစင်္ကွဲပြားပုံကို အောက်ပါဝါကျများတွင်လည်း လေ့လာနိုင်သည်-

သာဓက။

(က) **အနက်**

**ဝါကျဆက်သမ္ဗန္ဓ**။ မြန်မာပြည်တွင် မြစ်ကြီးများရှိသည့် **အနက်** သံလွင်မြစ်သည်အရှည်ဆုံးဖြစ်သည်။

**နာမ်ဝိဘတ်**။ မြန်မာပြည်ရှိ မြစ်ကြီးများ **အနက်** သံလွင်မြစ်သည် အရှည်ဆုံးဖြစ်သည်။

(ခ) **ဖို့**

**ဝါကျဆက်သမ္ဗန္ဓ**။ အတွေးအခေါ် ရင့်သန်**ဖို့** စာများများဖတ်သင့်သည်။

**နာမ်ဝိဘတ်**။ အမေသည် သားကြီး**ဖို့** သရက်သီးဝယ်လာသည်။

(ဂ) **အတွက်**

**ဝါကျဆက်သမ္ဗန္ဓ**။ ဆီထွက်သီးနှံများ အောင်မြင်သည့်**အတွက်** ဆီဈေးကျမည်။

**နာမ်ဝိဘတ်**။ ကျွန်ုပ်တို့သည် တိုင်းပြည်**အတွက်** ကျရာနေရာမှ တာဝန်ထမ်းဆောင်ကြရမည်။

(ဃ) **က**

**ဝါကျဆက်သမ္ဗန္ဓ**။ ကြိုးစား**က** ဘုရားပင် ဖြစ်နိုင်သည်။

**နာမ်ဝိဘတ်**။ ဆရာကြီး**က** ထူးချွန်သောကျောင်းသားကို ဆုပေးသည်။

(င) **တိုင်အောင်**

**ဝါကျဆက်သမ္ဗန္ဓ**။ သူရောက်သည့်**တိုင်အောင်** ကျွန်တော် စောင့်ပါမည်။

**နာမ်ဝိဘတ်**။ မန္တလေးမှ မြစ်ကြီးနား**တိုင်အောင်** ခရီးဆက်ကြမည်။

(စ) မှ

**ဝါကျဆက်သမ္ဗန္ဓ**။ သူသွားသည်မှ ပြန်ရောက်သည်အထိ နာရီဝက်တိတိ ကြာသည်။

**နာမ်ဝိဘတ်**။ အောင်ဇေယျသင်္ဘောသည် ရန်ကုန်မှ စစ်တွေသို့ မကြာမီထွက်ပါမည်။

(ဆ) **အတိုင်း**

**ဝါကျဆက်သမ္ဗန္ဓ**။ သားငယ်သည် မိခင်ကဇာန်းမကြီးသွားသည့်**အတိုင်း** ဘေးတိုက်သွားသည်။

**နာမ်ဝိဘတ်**။ သားငယ်သည် မိခင်ကဇာန်းမကြီး**အတိုင်း** ဘေးတိုက်သွားသည်။

**ဝါကျဆက်သမ္ဗန္ဓ**

၄၂။ ဝါကျအချင်းချင်းကို ဆက်စပ်ပေးသော စကားလုံးသည် **ဝါကျဆက်သမ္ဗန္ဓ**ဖြစ်သည်။

**နာမ်ဝိဘတ်**

၄၃။ နာမ်၊ နာမ်စားတို့၏နောက်၌တည်၍ ၎င်းတို့သည် ကတ္တားဖြစ်သည်၊ ကံဖြစ်သည် စသည်ဖြင့် ဝေဖန်ပိုင်းခြားပိုင်းပြသော စကားလုံးသည် **နာမ်ဝိဘတ်** ဖြစ်သည်။

**လေ့ကျင့်ခန်း**

၁။ ဝိဘတ်၏ အဓိပ္ပာယ်ကိုရေးပါ။

၂။ နာမ်ဝိဘတ်ဆိုသည်မှာ အဘယ်နည်း။

၃။ အောက်ပါကွက်လပ်အသီးသီး၌ သက်ဆိုင်ရာ နာမ်ဝိဘတ်အမည်တို့ကို ဖြည့်ပါ။

(က) အကြောင်းကိုပြသော ဝိဘတ်ကို ------ ဝိဘတ်ဟု ခေါ်သည်။

(ခ) အစုအပေါင်းမှ တစ်စုံတစ်ရာ၊ တစ်စုံတစ်ခု၊ တစ်စုံတစ်ယောက်စသည့် တစ်စိတ်တစ်ဒေသကို ခွဲထုတ်ပြသော ဝိဘတ်ကို ------ ဝိဘတ်ဟု ခေါ်သည်။

(ဂ) တစ်စုံတစ်ဦး၊ တစ်စုံတစ်ရာကို ရည်စူးကြောင်း ဖော်ပြသော ဝိဘတ်ကို ------ ဝိဘတ်ဟု ခေါ်သည်။

(ဃ) နေရာအဆက်မပြတ်ဖြစ်ခြင်းကိုပြသော ဝိဘတ်ကို ------ ဝိဘတ်ဟုခေါ်သည်။

(င) အချိန်အဆက်မပြတ်ဖြစ်ခြင်းကို ပြသော ဝိဘတ်ကို ------ ဝိဘတ်ဟုခေါ်သည်။

၄။ အောက်ပါဝါကျများရှိ မျဉ်းသားထားသော ဝိဘတ်များ၏ အမည်ကို ရေးပါ။

(က) သဘာပတိကြီးက မိန့်ခွန်းပြောသည်။

(ခ) နိုင်ငံတော်အလံကို ညီညီညာညာ အလေးပြုကြသည်။

(ဂ) ဆရာကြီးသည် တပည့်များအား ပညာအမွေပေးခဲ့သည်။

(ဃ) ဦးဘသည် မန္တလေးသို့ မီးရထားဖြင့် သွားသည်။

(င) မနှစ်က စပါးအထွက် ကောင်းသည်။

(စ) သင်္ဘောသည် ကမ်းမှ ခွာပြီ။

(ဆ) ဆရာ၊ဆရာမများ၏ စေတနာကို အစဉ်လေးစားကြရမည်။

(ဇ) ဘာသာရပ်အားလုံးတွင် ဂုဏ်ထူးရအောင် ကြိုးစားရမည်။

(ဈ) နိုင်ငံတော်အလံသည် လေဝယ် တလူလူလွင့်နေသည်။

(ည) ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်သည်။

(ဋ) အမေသည် သားစိတ်ဖြင့် ဆုံးရှာပြီ။

(ဌ) ယနေ့ မိုးလေဝသတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းတစ်ခု ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

(ဍ) တိမ်များတွင် လေနှင့်အတူ ရေငွေ့များ ရောနေသည်။

(ဎ) သက်ရှိသတ္တဝါတို့တွင် လူသည် အသိဉာဏ်အရှိဆုံးဖြစ်သည်။

(ဏ) မိုးသည် (၇)ရက်တိုင်တိုင် မပြတ်ရွာသည်။

(တ) ကျန်းမာရေးအတွက် လေကောင်းလေသန့်ရရန် လိုသည်။

(ထ) ကျင့်ဝတ်နှင့်လျော်ညီစွာ နေထိုင်ပါ။

(ဒ) မြန်မာမုန့်များအနက် မုန့်စိမ်းပေါင်းကို အလွန်ကြိုက်ပါသည်။

၅။ အောက်ပါတို့ကိုနာမ်ဝိဘတ်အဖြစ်လည်းကောင်း၊ သမ္ဗန္ဓအဖြစ်လည်းကောင်း ဝါကျတွင်သုံးပြပါ။
က၊ တွင်၊ အရ၊ မှ၊ ဖို့။

၆။ အောက်ပါဝါကျများရှိ မျဉ်းသားထားသော စကားလုံးတို့သည် ဝိဘတ်လော၊ သမ္ဗန္ဓလော ခွဲပြပါ။

(က) ကျွန်ုပ်တို့သည် တိုင်းပြည်အတွက် ကျရာတာဝန်ကို ထမ်းဆောင်ကြရမည်။

(ခ) မိုးဦးကောင်းသည့်အတွက် လယ်ယာဦးကြီးများ ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။

(ဂ) အပြစ်ရှိသူသည် အပြစ်အလျောက် ပြစ်ဒဏ်ကို ကျခံရမည်။

(ဃ) ကြိုးစားသူမှာ ကြိုးစားသည့်အလျောက် အကျိုးခံစားရမည်။

(င) တရားသူကြီးသည် တရားဥပဒေအတိုင်း အမှုကို စီရင်သည်။

(စ) တရားသူကြီးသည် တရားဥပဒေရှိသည့်အတိုင်း အမှုကို စီရင်သည်။

(ဆ) ကျွန်ုပ်တို့သည် ရွာလမ်းမကြီးပြီးသည်အထိ လုပ်အားပေးကြမည်။

(ဇ) သူသည် ည(၁၂)နာရီအထိ စာကျက်လေ့ရှိသည်။

(ဈ) ရန်ကုန်-မန္တလေးအမြန်ရထားသည် ရန်ကုန်ဘူတာကြီးမှ စတင်ထွက်ခွာသည်။

(ည) မိုး ရွာမှ ပျိုး သာမည်။

# နာမ်ပစ္စည်း

**ပစ္စည်း။** နာမ်၊နာမ်စား၊နာမဝိသေသန၊ကြိယာ၊ကြိယာဝိသေသနတို့၏ အဓိပ္ပာယ်ကို ထူးခြားလေးနက်အောင် ကူညီထောက်ပံ့သော စကားလုံး သည် **ပစ္စည်း** ဖြစ်သည်။

## နာမ်ပစ္စည်း

၄၄။ နာမ်၊ နာမ်စားတို့၏ အဓိပ္ပာယ်ကို ထူးခြားလေးနက်အောင် ကူညီထောက်ပံ့သော ပစ္စည်းကို **နာမ်ပစ္စည်း** ဟုခေါ်သည်။

(နာမ်ပစ္စည်း (၉)မျိုးရှိသည်။ ၎င်းတို့အနက် **မျိုးပြပစ္စည်း၊ လိင်ညွှန်းပစ္စည်း**နှင့် **ကိန်းညွှန်းပစ္စည်း** တို့အကြောင်းကို အတွဲ(၁)၊ အခန်း(၂)၌လည်းကောင်း၊ **သရုပ်ပစ္စည်း** အကြောင်းကို အတွဲ(၁)၊ အခန်း(၃) ၌လည်းကောင်း ဖော်ပြခဲ့ပြီ။ ဤအတွဲ (၁)၊ အခန်း (၄) ၌မူ ကျန်ရှိသော နာမ်ပစ္စည်း (၅)မျိုးအကြောင်းကို ဆက်လက်ဖော်ပြမည်။)

၄၅။ ထိုကျန်ရှိသော နာမ်ပစ္စည်း (၅)မျိုးမှာ--

(က) နာမ်ထောက်ပစ္စည်း

(ခ) ဥပမာပစ္စည်း

(ဂ) ရူပကပစ္စည်း

(ဃ) အာလုပ်ပစ္စည်း

(င) ဝိစ္ဆာပစ္စည်း တို့ဖြစ်ကြသည်။

၄၆။ (က) **နာမ်ထောက်ပစ္စည်း။** နာမ်၊ နာမ်စားတို့၏အဓိပ္ပာယ်ကို ထူးခြားလေးနက်အောင် ကူညီထောက်ပံ့သော ပစ္စည်းကို **နာမ်ထောက်ပစ္စည်း** ဟုခေါ်သည်။

သာဓက။ သာ၊ သာလျှင်၊ ချည်း၊ တော့၊ ပါ၊ ရော၊ လည်း၊ ပင်၊ တောင်၊ များ။

(၁) **သာ**၊ **သာလျှင်**၊ **ချည်း**၊ **တော့** တို့သည် ပိုင်းခြားကန့်သတ်ခြင်းကိုပြသည်။

သာဓက။

(ကက) သူ**သာ** အတော်ဆုံးဟု ကျွန်တော်ထင်သည်။

(ခခ) သူသည် ကြက်သားဟင်းကို**သာ** စားသည်။

(ဂဂ) အသင်းသားများ**သာ** အမှုဆောင်အဖြစ် အရွေးခံနိုင်ခွင့်ရှိသည်။

(ဃဃ) သူ**သာလျှင်** အတော်ဆုံးဖြစ်သည်။

(ငင) မိမိကိုယ်ကိုသာလျှင် အားကိုးပါ။

(စစ) သူသည် ကြက်သားဟင်းကို**ချည်း** စားသည်။

(ဆဆ) သူသည် စာမေးပွဲကို**တော့** အောင်ချင်သည်။ စာကို**တော့** မကြိုးစားပါ။

(ဇဇ) အဖေကတော့ သဘောတူပါသည်။ အမေက**တော့** သဘောမတူပါ။

(၂) **ပါ၊ ရော၊ လည်း** တို့သည် ပေါင်းစည်းခြင်းကိုပြသည်။

သာဓက။

(ကက) မောင်လှ**ပါ** လိုက်မည်။

(ခခ) သူ့ကို**ရော** မုန့်တစ်ခု ပေးလိုက်ပါ။

(ဂဂ) ကျန်းမာရေးကို**လည်း** ဂရုစိုက်ပါ။

(၃) **ပင်၊ တောင်** တို့သည် လေးနက်ခြင်း ကိုပြသည်။

သာဓက။

(ကက) သူ့ကို**ပင်** ဥက္ကဋ္ဌမြှောက်ကြသည်။

(ခခ) ဦးဘကို တစ်ရပ်ကွက်လုံးက**ပင်** ချစ်ခင်ကြသည်။

(ဂဂ) မျက်နှာ**တောင်** မပြဝံ့ပါ။

(ဃဃ) အဖေအမေကို**တောင်** ခံပြောသည်။

(၄) **များ** သည် သံသယနှင့် စိတ်ကူးစိတ်သန်းကိုပြသည်။

သာဓက။

(ကက) ငါ့စာအုပ်ကို**များ** သူယူသွားလေသလား။

(ခခ) သူ**များ** နက်ဖြန်ရောက်လျှင် ကောင်းမှာပဲ။

(ဂဂ) သိန်းထီ**များ** ပေါက်လျှင် ဘယ်လောက်ကောင်းလိုက်မလဲ။

(ခ) **ဥပမာပစ္စည်း။** သိလွယ်စေရန် ဥပမာဆောင်၍ ပြောဆိုရာ၌ အသုံးပြုသော ပစ္စည်းကို ဥပမာပစ္စည်း ဟုခေါ်သည်။

သာဓက။ ကဲ့သို့၊ လို၊ နှယ်၊ အတိုင်း။

(၁) ဇနကမင်းသား**ကဲ့သို့** ဇွဲရှိရမည်။

(၂) မလှသည် ယမင်းရုပ်ကလေး**လို** လှ၏။

(၃) ပန်း**နှယ်** မွှေး၍ စမ်း**နှယ်** အေးမြပါစေ။

(၄) အစ်ကိုကြီး**အတိုင်း** ညီလေးတို့သည် လိမ္မာကြသည်။

(ဂ) **ရူပကပစ္စည်း။** ဂုဏ်ရည်တူသော နာမ်နှစ်ခုကို ထပ်တူပြု၍ ပြောဆိုရာ၌ အသုံးပြုသည့် ပစ္စည်းကို ရူပကပစ္စည်းဟု ခေါ်သည်။

သာဓက။ တည်းဟူသော၊

(၁) ကောင်းမှု**တည်းဟူသော** မျိုးစေ့ကို စိုက်ပျိုးကြကုန်အံ့။

(၂) ဒေါသ**တည်းဟူသော** စိတ်ဆင်ရိုင်းကို **ပညာတည်း**ဟူသော ချွန်းဖြင့် ထိန်းချုပ်ရာ၏။

(ဃ) **အာလုပ်ပစ္စည်း**။ ခေါ်ရာထူးရာတွင် အသုံးပြုသောပစ္စည်းကို အာလုပ်ပစ္စည်းဟု ခေါ်သည်။

သာဓက။ အို၊ ဟယ်၊ ရှင်၊ ရေ၊ ဗျို့၊ ခင်ဗျာ၊ ဗျာ၊ ဟေ့။

(၁) **အို** မိခင်

(၂) **ဟယ်** သူယုတ်

(၃) စိတ်ချပါ**ရှင်**

(၄) မောင်ထူး**ရေ**

(၅) လာကြပါ**ဗျို့**

(၆) တော်ပါပြီ**ခင်ဗျာ**

(၇) ဟုတ်ကဲ့**ဗျာ**

(၈) **ဟေ့**ရွှေမိ

(င) **ဝိစ္ဆာပစ္စည်း**။ အမျိုးအစားတူညီသော အရာအားလုံးကိုပျံ့နှံ့စေရန် တစ်ကြိမ်တည်းဖြစ်စေ၊ ခွန်းချင်းထပ် (၂)ကြိမ်ဖြစ်စေ ပြောဆိုသောစကားလုံးကို ဝိစ္ဆာပစ္စည်း ဟုခေါ်သည်။

သာဓက။ တိုင်း၊ တကာ၊ အ။

(နာမ်တစ်ခု၏ နောက်တွင် **တိုင်း**ပစ္စည်း၊ **တကာ**ပစ္စည်းဆက်၍ဖြစ်စေ၊ မျိုးတူနာမ်(၂)ခု၏ ရှေ့တွင် **အ**ပစ္စည်း ဆက်၍ ဖြစ်စေသုံးသည်။)

သာဓက။

(၁) လူ**တိုင်း** စာတတ်မြောက်ရမည်။

(၂) ရွာ**တိုင်း**၊ ရွာ**တိုင်း**မှာ ရေတွင်းရှိ၏။

(၃) သစ်ပင်**တိုင်း**၊ သစ်ပင်**တိုင်း** ရေရှိမှ ရှင်သန်သည်။

(၄) ရပ်**တကာ**၊ ရွာ**တကာ**လှည့်၍ အလှူခံသည်။

(၅) **အ**တိုင်းတိုင်း၊ **အ**ပြည်ပြည်နှင့် ချစ်ကြည်ရင်းနှီးသည်။

MCRS
Reference
Library

## လေ့ကျင့်ခန်း

၁။ ပစ္စည်း၏ အဓိပ္ပာယ်ကို ရေးပါ။

၂။ နာမ်ပစ္စည်းဆိုသည်မှာ အဘယ်နည်း။

၃။ ကွက်လပ်များကို ဖြည့်ပါ။

(က) ကျွန်ုပ်တို့ကျောင်းသည် နွေရာသီ၌ တစ်လ ------ ပိတ်သည်။

(ခ) ကလေးများကို ငှက်ပျောသီး တစ်ယောက်တစ်လုံး ------ ဝေပေးပါ။

(ဂ) ယနေ့ တစ်နေ့ ------ မိုးရွာသည်။

(ဃ) ဦးဘ၏ သားနှစ်ယောက် ------ လိမ္မာကြသည်။

(င) ကျွန်တော် တစ်ယောက် ------ သွားဝံ့ပါသည်။

(စ) ဤတောင်သည် ပေသုံးထောင် ------ မြင့်သည်။

(ဆ) အိမ်ပြင်ရန်အတွက် ငွေနှစ်ရာ ------ ကုန်မည်။

(ဇ) မန္တလေးမြို့သို့ သုံး ------ ရောက်ဖူးသည်။

(ဈ) ဆရာက မောင်မောင်ကို သုံး ------ မြောက် သတိပေးသည်။

(ည) ဖေဖေ မေမေတို့၏ (၂၅)နှစ် ------ မင်္ဂလာနေ့၌ ဘုန်းတော်ကြီးများကို ဆွမ်းကပ်ပါသည်။

၄။ အောက်ပါ ဝါကျများရှိ မျဉ်းသားထားသော နာမ်ပစ္စည်းများသည် နာမ်၊ နာမ်စားတို့ကို မည်သို့ ကူညီထောက်ပံ့သနည်း။ ရှင်းပြပါ။

(က) သူသည် ထမင်းကိုမစားဘဲ ဟင်းကိုချည်း စားပစ်သည်။

(ခ) ညီအစ်မသုံးယောက်တွင် သူသာ အလှဆုံးဟု မိအေးက ပြောသည်။

(ဂ) လူကိုတော့ ခင်ပါသည်၊ ငွေကိုတော့ မချေးဝံ့ပါ။

(ဃ) ဘုရားပွဲသွားလျှင် ကျွန်တော်လည်း လိုက်မည်။

(င) သူ့ကိုပါ ခေါ်မည်။

(စ) ဆရာကြီးဦးဘကို တစ်မြို့လုံးကပင် လေးစားချစ်ခင်ကြသည်။

(ဆ) သူ မပြန်ခင် ငါ့ကိုတောင် လာပြီး နှုတ်ဆက်သွားသေးတယ်။

(ဇ) ဆရာမက မင်းကိုရော ရိုက်သေးသလားဟု အဖေကမေးသည်။

(ဈ) မဟာဇနကမင်းသားကဲ့သို့ ဇွဲရှိရမည်။

(ည) ထိများပေါက်ရင် ငါ့မြေးတွေကို ရှင်ပြုအုံးမယ်ဟု ဘကြီးသာဒွန်းက ကြုံးဝါးလိုက်သည်။

(ဋ) အိုလုလင်၊ သင်သည် ရဲစွမ်းသတ္တိနှင့် ပြည့်စုံပါပေသည်။

(ဌ) ဟယ်ကျီးမိုက်၊ သင်သည် အယောင်ဆောင်သောကြောင့် ပျက်စီးရချေပြီ။

(ဍ) လူတိုင်း မျိုးချစ်စိတ်ရှိရမည်။

(ဎ) မြန်မာနိုင်ငံကို နိုင်ငံတကာက လေးစားကြသည်။

(ဏ) ဒေါသတည်းဟူသော စိတ်ဆင်ရိုင်းကို ပညာတည်းဟူသော ချွန်းဖြင့်ထိန်းချုပ်ရသည်။

၅။ နာမ်ထောက်ပစ္စည်းဆိုသည်မှာ အဘယ်နည်း။ သာဓကဝါကျ (၃)ခုဖြင့် ရှင်းပြပါ။

၆။ ဥပမာပစ္စည်းဆိုသည်မှာ အဘယ်နည်း။ သာဓကဝါကျ (၃)ခုဖြင့် ရှင်းပြပါ။

၇။ အာလုပ်ပစ္စည်းဆိုသည်မှာ အဘယ်နည်း။ သာဓကဝါကျ (၃)ခုဖြင့် ရှင်းပြပါ။

၈။ ဝိစ္ဆာပစ္စည်းဆိုသည်မှာ အဘယ်နည်း။ သာဓကဝါကျ (၃)ခုဖြင့် ရှင်းပြပါ။

၉။ ရူပကပစ္စည်းဆိုသည်မှာ အဘယ်နည်း။ သာဓကဝါကျ (၃)ခုဖြင့် ရှင်းပြပါ။

## ဝါကျ

၄၇။ ဆိုလိုသည့်အဓိပ္ပာယ်ရောက်အောင် စနစ်တကျ စီစဉ်ထားသော ပုဒ်အစုအပေါင်းကို **ဝါကျ**ဟု ခေါ်သည်။

၄၈။ ဝါကျကို အနက်အဓိပ္ပာယ်အရ (၅)မျိုး၊ ဖွဲ့စည်းတည်ဆောက်ပုံအရ (၂)မျိုးခွဲသည်။ အနက်အဓိပ္ပာယ်အရ ဝါကျ (၅) မျိုးရှိသည်။ ၎င်းတို့မှာ-

(က) ထုတ်ဖော်ဝါကျ

(ခ) မေးခွန်းဝါကျ

(ဂ) ငြင်းပယ်ဝါကျ

(ဃ) တိုက်တွန်းဝါကျ

(င) ဆန္ဒဝါကျ တို့ဖြစ်ကြသည်။

၄၉။ (က) **ထုတ်ဖော်ဝါကျ။** တစ်စုံတစ်ရာပြုခြင်း၊ ဖြစ်ခြင်း၊ ရှိခြင်းကိုပြသော ဝါကျကို **ထုတ်ဖော်ဝါကျ** ဟုခေါ်သည်။

သာဓက။

(၁) တပ်မတော်သားတို့သည် နိုင်ငံအတွက် အသက်ကို ပေးလှူကြသည်။

(၂) ဆန်စပါးသည် မြန်မာ့ထွက်ကုန်များအနက် အဓိကထွက်ကုန်ဖြစ်သည်။

(၃) မန္တလေးမြို့၌ မြို့ရိုးနှင့် ကျုံးရှိသည်။

(ခ) **မေးခွန်းဝါကျ။** တစ်စုံတစ်ရာကို မေးမြန်းသော ဝါကျကို **မေးခွန်းဝါကျ**ဟုခေါ်သည်။

သာဓက။

(၁) ဘုရားပွဲကို သွားမလား။

(၂) ဘုရားပွဲကို မသွားဘူးလား။

(၃) ဘုရားပွဲကို ဘယ်သူ လိုက်မလဲ။

(၄) ဘုရားပွဲကို မည်သူ လိုက်မည်နည်း။

(၅) စာမေးပွဲ အောင်သလား။

(၆) စာမေးပွဲ မအောင်ဘူးလား။

(၇) ဘယ်နှယောက် စာမေးပွဲအောင်သလဲ။

(၈) စာမေးပွဲအောင်သူ မည်မျှ ရှိသနည်း။

(၉) အဖေ ပြန်ရောက်ပြီလား။

(၁၀) အဖေ ပြန်မရောက်သေးဘူးလား။

(၁၁) အဖေ ဘယ်တော့ ပြန်ရောက်မလဲ။

(၁၂) အဖေ မည်သည့် အချိန်တွင် ပြန်ရောက်မည်နည်း။

(ဂ) **ငြင်းပယ်ဝါကျ**။ တစ်စုံတစ်ရာမပြုခြင်း၊ မဖြစ်ခြင်း၊ မရှိခြင်းကိုပြသော ဝါကျကို **ငြင်းပယ်ဝါကျ** ဟုခေါ်သည်။

သာဓက။

(၁) မောင်မောင်ကျောင်းမှ ပြန်မလာပါ။

(၂) မောင်မောင်ကို ဘယ်မှာမှ ရှာမတွေ့ဘူး။

(၃) မောင်မောင်ကို မည်သည့် နေရာတွင်မျှ ရှာမတွေ့ချေ။

(၄) မောင်မောင်သည် လူဆိုးမဟုတ်ပါ။

(ဃ) **တိုက်တွန်းဝါကျ**။ အမိန့်ပေးခြင်း၊ စေခိုင်းခြင်း၊ နှိုးဆော်ခြင်း၊ တောင်းပန်ခြင်း၊ တောင်းဆိုခြင်း စသည်တို့ကိုပြသောဝါကျကို **တိုက်တွန်းဝါကျ** ဟုခေါ်သည်။

သာဓက။

(၁) ခုံပေါ်မှာ မတ်တတ်ရပ်ပါ။

(၂) ဤစာပိုဒ်၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

(၃) တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်ကြလော့။

(၄) အသက်ကို ချမ်းသာပေးပါ။

(၅) ကျွန်တော်တို့ သွားပါရစေ။

(၆) အဖိုးနည်းလည်း မဝယ်နှင့်၊ အမျိုးနည်းလည်း မကျယ်နှင့်။

(င) **ဆန္ဒဝါကျ**။ ဆုတောင်းခြင်း၊ ဆုပေးခြင်း၊ ကျိန်ဆဲခြင်း၊ ကျိန်ဆိုခြင်း တို့ကိုပြသော ဝါကျကို **ဆန္ဒဝါကျ** ဟုခေါ်သည်။

သာဓက။

(၁) လာမည့်ဘေး ဝေးပါစေသော်။

(၂) လိုအင်ဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်ပါစေ။

(၃) ဘုရားစူးရစေရဲ့။

(၄) ဤမှန်သော သစ္စာစကားကြောင့် ငါ့သားသုဝဏ္ဏသာမသည် မြားဆိပ်ပျောက်စေသတည်း။

## လေ့ကျင့်ခန်း

၁။ ထုတ်ဖော်ဝါကျဆိုသည်မှာ အဘယ်နည်း။ ထုတ်ဖော်ဝါကျ (၃)ခု ရေးပါ။

၂။ မေးခွန်းဝါကျဆိုသည်မှာ အဘယ်နည်း။ မေးခွန်းဝါကျ (၃)ခု ရေးပါ။

၃။ ငြင်းပယ်ဝါကျဆိုသည်မှာ အဘယ်နည်း။ ငြင်းပယ်ဝါကျ (၃)ခု ရေးပါ။

၄။ တိုက်တွန်းဝါကျဆိုသည်မှာ အဘယ်နည်း။ တိုက်တွန်းဝါကျ (၃)ခု ရေးပါ။

၅။ ဆန္ဒဝါကျဆိုသည်မှာ အဘယ်နည်း။ ဆန္ဒဝါကျ (၃)ခု ရေးပါ။

၆။ အောက်ပါဝါကျများကို အနက်အဓိပ္ပာယ်အရ ဝါကျအမျိုးအစားခွဲပါ။

(က) လူတိုင်းလက်ကိုင်ပြုသင့်သော တရားသည်ကား ကိုယ်ချင်းစာတရားပင်တည်း။
(ခ) ပန်းနှယ်မွှေး၍ စမ်းနှယ် အေးမြပါစေ။
(ဂ) ကြိုးစားက ဘုရားပင် ဖြစ်နိုင်သည်။
(ဃ) အမေ ဈေးက ဘာ ဝယ်လာသလဲ။
(င) ဆေးလိပ်မသောက်ရ။
(စ) ဒီစာအုပ်ဟာ ဘယ်သူ့ရဲ့ စာအုပ်လဲ။
(ဆ) ရှေ့မှာ လမ်းပြင်နေသည်။
(ဇ) မည်သူက ပြောသနည်း။
(ဈ) ငါ့ကို မုန်းသွားပြီလား။
(ည) သွေးစည်းညီညွတ်ကြလော့။
(ဋ) သူ ပြောတတ်သလို ပြောပါစေ။
(ဌ) ကျန်းမာချမ်းသာကြပါစေ။
(ဍ) ပရိတ်တရားတော်နာ ကြွတော်မူပါ။
(ဎ) တံတားအို မှောင်ကို မလျှောက်နှင့်၊ စကားကို တောင်လိုမမောက်နှင့်။
(ဏ) လှိုက်လှဲစွာ ကြိုဆိုပါ၏။
(တ) ဆင်းရဲခပ်သိမ်း ကင်းရပါလို၏။
(ထ) အတန်းထဲ၌ စကားကျယ်ကျယ် မပြောရ။
(ဒ) စာကို မှန်မှန် ကြိုးစားပါ။
(ဓ) ကောင်းသော အလေ့ကို အတုခိုးပါ။
(န) လူမိုက်နှင့်ငွေ အတူမနေ။
(ပ) အဆင်းကောင်းလျက် အချင်းဖျက်သည်။
(ဖ) သူ့အကျိုးဆောင်လျှင် ကိုယ့်အကျိုးအောင်သည်။
(ဗ) နေ ထွက်ပြီ။

(ဘ) မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်။

(မ) ကိုယ်ချင်းစာတရား ထားပါ။

(ယ) ကံကိုယုံ၍ ဆူးပုံမနင်းလေနှင့်။

(ရ) ချောင်းကို ပစ်၍ မြစ်ကိုရှာ၊ ရေသာ များ၍ ငါးမတွေ့။

(လ) ကြိုးစားခြင်းသည် အောင်မြင်မှု၏ လမ်းစဖြစ်သည်။

(ဝ) တံခါးပိတ်လိုက်စမ်း။

(သ) ကြော်ငြာ မကပ်ရ။

(ဟ) ဘယ်နှနာရီ ထိုးပြီလဲ။

(ဠ) အခန်းထဲမှာ ဘယ်သူမျှ မရှိဘူး။

# ဝါကျရိုးနှင့် ဝါကျရော

**ဝါကျ။** ဆိုလိုသည့် အဓိပ္ပာယ်ရောက်အောင် စနစ်တကျ စီစဉ်ထားသော ပုဒ်အစုအပေါင်းကို **ဝါကျ** ဟု ခေါ်သည်။

**ဝါကျရိုးနှင့်ဝါကျရော**

၅၀။ ဖွဲ့စည်း တည်ဆောက်ပုံအရ ဝါကျ (၂)မျိုးရှိသည်။ ၎င်းတို့မှာ--

(က) ဝါကျရိုး

(ခ) ဝါကျရော တို့ဖြစ်ကြသည်။

**ဝါကျရိုး**

၅၁။ ကတ္တားတစ်ခု နှင့် ကြိယာတစ်ခုသာ ပါဝင်သောဝါကျကို **ဝါကျရိုး**ဟုခေါ်သည်။

သာဓက။

(က) မောင်မောင်ပြန်လာသည်။

(ခ) မောင်မောင် ကျောင်းမှ ပြန်လာသည်။

(ဂ) မောင်မောင်ကို ကျွန်တော်တွေ့သည်။

(ဃ) မောင်မောင်ဂုဏ်ထူးရသည်။

(င) ဆရာဝင်လာသည်။

(စ) ဆရာက တပည့်များကို ပြောသည်။

(ဆ) ကျောင်းသားများ မတ်တတ်ရပ်ကြသည်။

**ဝါကျရော**

၅၂။ ဝါကျရိုးနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ဝါကျရိုးများကို ဝါကျတစ်ခုတည်း ဖြစ်စေရန် ဝိဘတ်၊ ပစ္စည်း၊ သမ္ဗန္ဓ တစ်ခုခုနှင့် ဆက်၍ရေးသော ဝါကျကို **ဝါကျရော**ဟုခေါ်သည်။

(က) **ဝိဘတ်နှင့်ဆက်ခြင်း။** ဝါကျရိုးနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ဝါကျရိုးများကို **ကို၊ မှာ၊ က** စသော ဝိဘတ်တို့နှင့် ဆက်စပ်ရေးသောအခါ ဝါကျရော ဖြစ်လာသည်။

(၁) **ကို** (ကံဝိဘတ်)

သာဓက။ (ကက) မောင်မောင်ပြန်လာသည်။

(ခခ) မောင်မောင်ကို ကျွန်တော် မြင်သည်။

ဖော်ပြပါ ဝါကျရိုးနှစ်ခုကို ဝါကျတစ်ခု တည်းဖြစ်အောင် **ထို** ဟူသော ကံဝိဘတ်နှင့် ဆက်စပ်လိုက်သောအခါ -

(ဂဂ) မောင်မောင် ပြန်လာသည်**ကို** ကျွန်တော်မြင်သည်။

ဟူသော **ဝါကျရော** ဖြစ်လာသည်။ ဤဝါကျရော၌ မောင်မောင် ပြန်လာသည်ကို ဟူသော အပိုင်းနှင့် ကျွန်တော်မြင် သည် ဟူသောအပိုင်းနှစ်ပိုင်း ပါဝင်သည်။

(၂) **မှာ** (ကတ္တားဝိဘတ်)

သာဓက။ (ကက) မောင်မောင်ဂုဏ်ထူးရမည်။

(ခခ) ဤထင်မြင်ချက်သည် သေချာသည်။

ဖော်ပြပါ ဝါကျရိုးနှစ်ခုကို ဝါကျတစ်ခုတည်း ဖြစ်အောင် **မှာ** ဟူသော ကတ္တားဝိဘတ်နှင့် ဆက်စပ်လိုက်သော အခါ -

(ဂဂ) မောင်မောင် ဂုဏ်ထူးရမည်**မှာ** သေချာသည်။

ဟူသော ဝါကျရော ဖြစ်လာသည်။ ဤဝါကျရော၌ မောင်မောင်ဂုဏ်ထူးရမည်မှာ ဟူသော အပိုင်းနှင့် သေချာသည် ဟူသော အပိုင်းနှစ်ပိုင်းပါဝင်သည်။

(၃) **က** (ကတ္တားဝိဘတ်)

သာဓက။ (ကက) မောင်မောင် ပထမရသည်။

(ခခ) ပထမက များသည်။

ဖော်ပြပါ ဝါကျရိုးနှစ်ခုကို ဝါကျတစ်ခုတည်း ဖြစ်အောင် **က** ဟူသော ကတ္တားဝိဘတ်နှင့် ဆက်စပ်လိုက် သောအခါ -

(ဂဂ) မောင်မောင် ပထမရသည်**က** များသည်။

ဟူသော ဝါကျရော ဖြစ်လာသည်။ ဤဝါကျ ရော၌ မောင်မောင် ပထမရသည်က ဟူသော အပိုင်းနှင့် များသည် ဟူသော အပိုင်းနှစ်ပိုင်း ပါဝင်သည်။

(ခ) **ပစ္စည်းနှင့်ဆက်ခြင်း။** ဝါကျရိုးနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ဝါကျရိုးများကို **ဟု၊ သော** ပစ္စည်းတို့နှင့် ဆက်စပ်ရေးသောအခါ **ဝါကျရော** ဖြစ်လာသည်။

(၁) **ဟု** (ပစ္စည်း)

သာဓက။ (ကက) မောင်မောင် ပထမရသည်။

(ခခ) ဆရာက တပည့်များကို ပြောသည်။

ဖော်ပြပါ ဝါကျရိုးနှစ်ခုကို ဝါကျတစ်ခုတည်း ဖြစ်အောင် **ဟု** ဟူသောပစ္စည်းနှင့် ဆက်စပ်လိုက်သောအခါ -

(ဂဂ) မောင်မောင် ပထမရသည်**ဟု** ဆရာက တပည့်များကို ပြောသည်။

ဟူသော ဝါကျရော ဖြစ်လာသည်။ ဤဝါကျ ရောတွင် မောင်မောင်ပထမရသည်ဟု ဟူသော အပိုင်းနှင့် ဆရာက တပည့်များကိုပြောသည် ဟူသော အပိုင်းနှစ်ပိုင်း ပါဝင်သည်။

(၂) **သော** (ပစ္စည်း)

သာဓက။ (ကက) မောင်မောင် ကျောင်းမှ ပြန်လာသည်။

(ခခ) မောင်မောင့်ကို ကျွန်တော် တွေ့သည်။

ဖော်ပြပါ ဝါကျရိုးနှစ်ခုကို ဝါကျတစ်ခုတည်း ဖြစ်အောင် **သော** ပစ္စည်းနှင့်ဆက်စပ်လိုက်သောအခါ -

(ဂဂ) ကျောင်းမှပြန်လာ**သော** မောင်မောင့်ကို ကျွန်တော်တွေ့သည်။

ဟူသော ဝါကျရော ဖြစ်လာသည်။ ဤဝါကျရောတွင် ကျောင်းမှပြန်လာသော ဟူသော အပိုင်းနှင့် မောင်မောင့်ကို ကျွန်တော်တွေ့သည် ဟူသော အပိုင်းနှစ်ပိုင်းပါဝင်သည်။ **သော** ပစ္စည်းဆက်ထားသော ပထမအပိုင်း **ကျောင်းမှပြန်လာသော** သည် ဒုတိယပိုင်းရှိ **မောင်မောင်** ဟူသော နာမ်ကို နာမဝိသေသနအဖြစ် အထူးပြုလျက်ရှိသည်။

(ဂ) **သမ္ဗန္ဓနှင့်ဆက်ခြင်း။** ဝါကျရိုးနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ဝါကျရိုးများကို **သောအခါ**၊ **သောကြောင့်** အစရှိသည့် သမ္ဗန္ဓတို့နှင့် ဆက်စပ်ရေးသောအခါ ဝါကျရော ဖြစ်လာသည်။

(၁) **သောအခါ** (သမ္ဗန္ဓ)

သာဓက။ (ကက) ဆရာ ဝင်လာသည်။

(ခခ) ကျောင်းသားများ မတ်တတ်ရပ်ကြသည်။

ဖော်ပြပါ ဝါကျရိုးနှစ်ခုကို ဝါကျတစ်ခုတည်းဖြစ်အောင် **သောအခါ** ဟူသည့် သမ္ဗန္ဓနှင့် ဆက်စပ်လိုက်သော အခါ -

(ဂဂ) ဆရာဝင်လာ**သောအခါ** ကျောင်းသားများ မတ်တတ်ရပ်ကြသည်။

ဟူသော ဝါကျရော ဖြစ်လာသည်။ ဤဝါကျရောတွင် ဆရာဝင်လာသောအခါ ဟူသောအပိုင်းနှင့် ကျောင်းသားများ မတ်တတ်ရပ်ကြသည် ဟူသော အပိုင်းနှစ်ပိုင်းပါဝင်သည်။ **သောအခါ** သမ္ဗန္ဓဆက်ထားသော ပထမအပိုင်း **ဆရာဝင်လာသောအခါ** သည် ကျောင်းသားများ မည်သည့်အချိန်တွင် မတ်တတ်ရပ်ကြကြောင်းကို ဖော်ပြခြင်းဖြင့်

ဒုတိယပိုင်းရှိ **မတ်တတ်ရပ်** ဟူသော ကြိယာကို ကြိယာဝိသေသနအဖြစ် အထူးပြုလျက် ရှိသည်။

(၂) **သောကြောင့်** (သမ္ဗန္ဓ)

သာဓက။ (ကက) မောင်မောင်ကြိုးစားသည်။

(ခခ) မောင်မောင် ဂုဏ်ထူးရသည်။

ဖော်ပြပါ ဝါကျရိုးနှစ်ခုကို ဝါကျတစ်ခုတည်း ဖြစ်အောင် **သောကြောင့်** ဟူသော သမ္ဗန္ဓနှင့် ဆက်စပ်လိုက်သောအခါ -

(ဂဂ) မောင်မောင် ကြိုးစား**သောကြောင့်** ဂုဏ်ထူးရသည်။

ဟူသော ဝါကျရော ဖြစ်လာသည်။ ဤဝါကျ ရော၌ မောင်မောင်ကြိုးစားသောကြောင့် ဟူသော အပိုင်းနှင့် ဂုဏ်ထူးရသည် ဟူသော အပိုင်းနှစ်ပိုင်းပါဝင်သည်။ **သောကြောင့်** သမ္ဗန္ဓဆက်ထားသော ပထမပိုင်း **မောင်မောင်ကြိုးစားသောကြောင့်** သည် မောင်မောင် ဂုဏ်ထူးရသည့် အကြောင်းရင်းကို ဖော်ပြခြင်းဖြင့် ဒုတိယပိုင်းရှိ **ရ** ဟူသော ကြိယာကို ကြိယာဝိသေသန အဖြစ် အထူးပြုလျက်ရှိသည်။

## လေ့ကျင့်ခန်း

၁။ ဝါကျရိုးဆိုသည်မှာ အဘယ်နည်း။ ဝါကျရိုး အမျိုးမျိုးအနက်မှ ဝါကျရိုးဖွဲ့နည်း(၁၀)မျိုးဖြင့် ဝါကျဖွဲ့ပြပါ။

၂။ ဝါကျရောဆိုသည်မှာ အဘယ်နည်း။ ဝါကျရော (၃)ခု ရေးပါ။

၃။ အောက်ပါ ဝါကျရောများရှိ ကွက်လပ်တို့တွင် သင့်လျော်သော ဝိဘတ်၊ ပစ္စည်း၊ သမ္ဗန္ဓ တို့ကိုဖြည့်ပါ။

(က) နိုင်ငံစီးပွား တိုးတက် ------ ကုန်များကို အဆင့်မီ ထုတ်လုပ်ကြရမည်။

(ခ) 'ပညာရွှေအိုး၊ လူမခိုး' ------ ရှေးလူကြီးများ ဆိုရိုးရှိသည်။

(ဂ) ရွာဝန်းကျင်တွင် စိမ်းလန်း ------ လယ်ကွင်းများရှိသည်။

(ဃ) သူ အမြန် ပြေးသွား ------ မီးရထားကို မမီလိုက်ပါ။

(င) မြန်မာပြည်တွင် မြစ်ကြီးများရှိသည် ------ သံလွင်မြစ်သည် အရှည်ဆုံးဖြစ်သည်။

(စ) မီးရထားလက်မှတ် မရပါ ------ ကားဖြင့် သွားကြမည်။

(ဆ) မိုး ရွာသည် ------၊ မရွာသည် ------ ကျွန်တော် လာပါမည်။

(ဇ) ဆရာမိဘများ ဆိုဆုံးမသည် ------ အစဉ် လိုက်နာသင့်ကြသည်။

(ဈ) စိတ်ထားဖြူစင်သူကို အများက ချစ်ခင်ကြမည် ------ သေချာသည်။

၄။ အောက်ပါဝါကျရိုးများကို သင့်လျော်သော ဝိဘတ်၊ ပစ္စည်း၊ သမ္ဗန္ဓတို့နှင့်ဆက်၍ ဝါကျရော ဖြစ်အောင်ဖွဲ့ပါ။

(က) (၁) ကမ္ဘာအရပ်ရပ်တွင် မုန်တိုင်းများ ဖြစ်ပေါ်သည်။
(၂) မုန်တိုင်းများကြောင့် အသေအပျောက်များစွာရှိသည်။

(ခ) (၁) လေ၏ ဖိအားကို တိုင်းတာသည်။
(၂) မိုးလေဝသအခြေအနေကို ခန့်မှန်းနိုင်သည်။

(ဂ) (၁) နွေရာသီတွင် ကျောင်းပိတ်သည်။
(၂) ကျွန်တော်တို့မိသားစု ဘုရားဖူးသွားကြမည်။

(ဃ) (၁) ဆက်ဆက် လာပါမည်။
(၂) သူက ပြောသည်။

(င) (၁) မဟာဗန္ဓုလသည် ရဲရင့်သည်။
(၂) မဟာဗန္ဓုလသည် စစ်သူကြီးတစ်ဦးဖြစ်သည်။

(စ) (၁) ကြက်ဆူဆီသည် ချွဲပျစ်သည်။
(၂) ကြက်ဆူဆီသည် အရည်တစ်မျိုး ဖြစ်သည်။

(ဆ) (၁) ဒီရေ တက်လာသည်။
(၂) ဖေဒါများ မျောပါလာသည်။

(ဇ) (၁) နွေရာသီဖြစ်သည်။

(၂) ရွက်ရင့်ရွက်ဟောင်းတို့ ကြွေကြပြီ။

(ဈ) (၁) အစာကို အဆမတန် စားသည်။

(၂) ဘေးဖြစ်မည်။

(ည) (၁) စကားကို နည်းနည်း ပြောပါ။

(၂) အလုပ်ကို များများ လုပ်ပါ။

(ဋ) (၁) ဖေဖေ ပြန်လာမည်။

(၂) ကျွန်တော်တို့ စောင့်မျှော်နေကြသည်။

(ဌ) (၁) ဤသရက်သီးသည် ချိုသည်။

(၂) ထိုသရက်သီးက ပိုချိုသည်။

(ဍ) (၁) ကောင်းမှုကို ပြုပါ။

(၂) ကောင်းကျိုးကို ခံစားရမည်။

(ဎ) (၁) လူကြီးများ အလှူသို့ သွားကြသည်။

(၂) ကျွန်မ အိမ်စောင့် ကျန်ခဲ့သည်။

(ဏ) (၁) မူးယစ်ဆေးဝါး၏ အန္တရာယ်သည် ကြီးမားသည်။

(၂) သူသည် မူးယစ်ဆေးဝါးအန္တရာယ်ကို သိသွားပြီ။

# စကားလုံးအညွှန်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| ကြိ | = | ကြိယာ | န | = | နာမ် | ဝိ | = | ဝိဘတ် |
| ကြိဝိ | = | ကြိယာဝိသေသန | နစ | = | နာမ်စား | သမ် | = | သမ္ဗန္ဓ |
| စည်း | = | ပစ္စည်း | နဝိ | = | နာမဝိသေသန | | | |


| | စာမျက်နှာ |
|---|---|
| **က** | |
| က(ဝါကျဆက်သမ်) | ၄၀ |
| က(န-ဝိ) | ၄၀ |
| က(ကတ္တားဝိ) | ၅၃ |
| ကာ(ဝါကျဆက်သမ်) | ၃၄ |
| ကာပြေပြကြိယာဝိဘတ် | ၂၆ |
| ကဲ့သို့(ဥပမာစည်း) | ၄၄ |
| ကို (ကံဝိ) | ၅၂ |
| ကိန်းညွှန်းပစ္စည်း | ၄၃ |
| ကျုပ်(နစ) | ၁၃ |
| ကြိယာ | ၁၆ |
| ကြိယာနာမ် | ၄ |
| ကြိယာဝိဘတ် | ၂၆ |
| ကြိယာဝိသေသန | ၂၃ |
| ကျွန်တော်(နစ) | ၁၃ |
| ကျွန်ုပ်(နစ) | ၁၃ |
| ကျွန်မ(နစ) | ၁၃ |
| **ခ** | |
| ခင်ဗျာ(အာလုပ်စည်း) | ၄၅ |
| ခင်ဗျား (နစ) | ၁၃ |
| ချည်း(နထောက်စည်း) | ၄၃ |

| | စာမျက်နှာ |
|---|---|
| **ဂ** | |
| ဂုဏ်ရည်ပြကြိယာ | ၁၆ |
| ဂုဏ်ရည်ပြနာမဝိသေသန | ၁၆ |
| ဂုဏ်ရည်ပြနာမ် | ၄ |
| ဂုဏ်ရည်ပြပုဒ် | ၆ |
| **ဃ** | |
| ဃောသအက္ခရာ | ၁ |
| **င** | |
| ငါ(နစ) | ၁၃ |
| ငြင်းပယ်ဝါကျ | ၄၈ |
| **စ** | |
| စေ (အမိန့်ချဝိ) | ၂၈ |
| စေကာမူ (ဝါကျဆက်သမ်) | ၃၄ |
| စေခိုင်းဝိဘတ် | ၂၈ |
| စေရန် (ဝါကျဆက်သမ်) | ၃၂ |
| စို့ (ညှိနှိုင်းဝိ) | ၂၈ |
| စဉ် (ဝါကျဆက်သမ်) | ၃၀ |
| **ဆ** | |
| ဆန္ဒညွှန်ဝိဘတ် | ၂၈ |
| ဆန္ဒဝါကျ | ၄၈ |
| **ည** | |
| ညည်း (နစ) | ၁၃ |
| ညှိနှိုင်းဝိဘတ် | ၂၈ |

တ
တကာ(ဝိဘတ်စည်း) ၄၅
တော့ (နထောက်စည်း) ၄၃
တိုက်တွန်းဝါကျ ၄၈
တောင်(နထောက်စည်း) ၄၃
တိုင်အောင်(န-ဝိ) ၄၀
တိုင်အောင်(ဝါကျဆက်သမ်) ၄၀
တိုင်း (ဝိဘတ်စည်း) ၄၅
တစ်စုံတစ်ရာသော(အညွှန်းနဝိ) ၁၈
တစ်နေ့သော(အညွှန်းနဝိ) ၁၈
တစ်ပါးသော(အညွှန်းနဝိ) ၁၈
တည်းဟူသော(ရှုပကစည်း) ၄၄
တုန်း(ဝါကျဆက်သမ်) ၃၄
ထ
ထို(နစ) ၁၃
ထို(အညွှန်းနစ) ၁၃
ထို(အညွှန်းနဝိ) ၁၈
ထိုသို့သော(အညွှန်းနဝိ) ၁၈
ထိုအခါ(အဓိပ္ပာယ်ဆက်သမ်) ၃၇
ထို့ကြောင့်(အဓိပ္ပာယ်ဆက်သမ်) ၃၅
ထို့နောက်(အဓိပ္ပာယ်ဆက်သမ်) ၃၆
ထို့ပြင်(အဓိပ္ပာယ်ဆက်သမ်) ၃၆
ထက်(ဝါကျဆက်သမ်) ၃၂
ထုတ်ဖော်ဝါကျ ၄၈
ဓ
ဓနိတအက္ခရာ ၁
န
နာမဝိသေသန ၁၈
နောက်ဆက်ပစ္စည်း ၆
နင်(နစ) ၁၃
နည်းတူ(ဝါကျဆက်သမ်) ၃၀
နာမ် ၄
နာမ်စား ၁၃
နာမ်ထောက်ပစ္စည်း ၄၃
နာမ်ပစ္စည်း ၄၃
နာမ်ဝိဘတ် ၂၆
နှင့်တစ်ပြိုင်နက်(ဝါကျဆက်သမ်) ၃၁
နှယ်(ဥပမာစည်း) ၄၃
ပ
ပမာဏပြကြိယာဝိသေသန ၂၆
ပါ(နထောက်စည်း) ၄၃
ပါစေ(ဆန္ဒညွှန်ဝိ) ၂၈
ပါရစေ(ဆန္ဒညွှန်ဝိ) ၂၈
ပုဂ္ဂလနာမ်စား ၁၃
ပင်(နထောက်စည်း) ၄၃
ပင်ကိုကြိယာ ၁၆
ပင်ကိုနာမ် ၄
ပေါင်းစပ်ကြိယာ ၁၆
ပေါင်းစပ်နာမ် ၄
ပစ္စည်း ၄၃
ပစ္စုပ္ပန်ကာပြကြိယာဝိဘတ် ၂၆
ပတ်လုံး(ဝါကျဆက်သမ်) ၃၁
ပုဒ်ဆက်သမ္ဗန္ဓ ၃၁
ပြီ(ပစ္စုပ္ပန်ကာလပြကြိ-ဝိ) ၂၆

| | စာမျက်နှာ |
|---|---|
| ပြီ(အတိတ်ကာလပြကြိ-ဝိ) | ၂၆ |
| ပြီး(ဝါကျဆက်သမ်) | ၃၄ |
| ပြုခြင်းပြကြိယာ | ၁၆ |
| **ဖ** | |
| ဖို့(န-ဝိ) | ၄၀ |
| ဖို့(ဝါကျဆက်သမ်) | ၄၀ |
| ဖြစ်ခြင်းပြကြိယာ | ၁၆ |
| **ဗ** | |
| ဗျာ(အာလုပ်စည်း) | ၄၅ |
| ဗျို့(အာလုပ်စည်း) | ၄၅ |
| **ဘ** | |
| ဘဲ(ဝါကျဆက်သမ်) | ၃၄ |
| ဘဲနှင့်(ဝါကျဆက်သမ်) | ၃၄ |
| ဘဲလျက်နှင့်(ဝါကျဆက်သမ်) | ၃၄ |
| ဘယ်(နစ) | ၁၃ |
| ဘယ်(အမေးနစ) | ၁၄ |
| ဘယ်သူ(အမေးနစ) | ၁၄ |
| **မ** | |
| မေးခွန်းဝါကျ | ၄၈ |
| မင်း(နစ) | ၁၃ |
| မည်(အနာဂတ်ကာလပြကြိ-ဝိ) | ၂၇ |
| မည်သူ(အမေးနစ) | ၁၄ |
| များ(နထောက်စည်း) | ၄၃ |
| မျိုးပြပစ္စည်း | ၄၃ |
| မှ(န-ဝိ) | ၄၁ |
| မှ(ဝါကျဆက်သမ်) | ၄၁ |
| မှာ(ကတ္တားဝိ) | ၅၃ |

| | စာမျက်နှာ |
|---|---|
| **ယ** | |
| ယင်း(နစ) | ၁၃ |
| ယင်း(အညွှန်းနစ) | ၁၃ |
| ယင်း(အညွှန်းနစ) | ၁၃ |
| **ရ** | |
| ရကား(ဝါကျဆက်သမ်) | ၃၃ |
| ရအောင်(ညှိနှိုင်းဝိ) | ၂၈ |
| ရူပကပစ္စည်း | ၄၃ |
| ရေ(အာလုပ်စည်း) | ၄၅ |
| ရော(နထောက်စည်း) | ၄၃ |
| ရန်(ဝါကျဆက်သမ်) | ၃၂ |
| ၍(ဝါကျဆက်သမ်) | ၃၃ |
| ရှိခြင်းပြကြိယာ | ၁၆ |
| ရွေ့ဆက်ပစ္စည်း | ၅ |
| ရှင်(နစ) | ၁၃ |
| ရှင်(အာလုပ်စည်း) | ၄၅ |
| **လ** | |
| လော့(စေခိုင်းဝိ) | ၂၈ |
| လို(ဥပမာစည်း) | ၄၄ |
| လိင်ညွှန်းပစ္စည်း | ၄၃ |
| လည်း(နထောက်စည်း) | ၄၃ |
| ၎င်း(နစ) | ၁၃ |
| ၎င်း(အညွှန်းနစ) | ၁၃ |
| ၎င်း(အညွှန်းနဝိ)သို့တစေ(အဓိပ္ပာယ်ဆက်သမ်) | |
| ၎င်းကဲ့သို့သော(အညွှန်းနဝိ) | ၁၈ |
| ၎င်းနောက်(အဓိပ္ပာယ်ဆက်သမ်) | ၃၆ |
| သို့ပေမည့်(အဓိပ္ပာယ်ဆက်သမ်) | ၃၇ |

| | စာမျက်နှာ |
|---|---|
| ရင်းပြင်(အဓိပ္ပာယ်ဆက်သမ်) | ၃၆ |
| လတ္တံ့(အနာဂတ်ကာလပြကြိ-ဝိ) | ၂၇ |
| လိမ့်မည်(အနာဂတ်ကာလပြကြိ-ဝိ) | ၂၇ |
| လျက်(ဝိကျဆက်သမ်) | ၃၁ |
| လျှင်(ဝိကျဆက်သမ်) | ၃၁ |
| **ဝ** | |
| ဝိကျ | ၄၈ |
| ဝိကျဆက်သမ္ဗန္ဓ | ၃၁ |
| ဝိကျရော | ၅၂ |
| ဝိကျရိုး | ၅၂ |
| ဝိဘတ် | ၂၆ |
| ဝိစ္ဆာပစ္စည်း | ၄၃ |
| **သ** | |
| သကဲ့သို့(ဝိကျဆက်သမ်) | ၃၁ |
| သဖြင့်(ဝိကျဆက်သမ်) | ၃၃ |
| သလောက်(ဝိကျဆက်သမ်) | ၃၂ |
| သာ (နထောက်စည်း) | ၄၃ |
| သာလျှင်(နထောက်စည်း) | ၄၃ |
| သိထိလအက္ခရာ | ၁ |
| သူ(နစ) | ၁၃ |
| သော(စည်း) | ၅၃ |
| သောကြောင့်(ဝိကျဆက်သမ်) | ၃၃ |
| သောအခါ(ဝိကျဆက်သမ်) | ၃၁ |
| သော်(ဝိကျဆက်သမ်) | ၃၃ |
| သော်လည်း (ဝိကျဆက်သမ်) | ၃၄ |
| သို့တစေ (အဓိပ္ပာယ်ဆက်သမ်) | ၃၇ |
| သို့ပေမင့် (အဓိပ္ပာယ်ဆက်သမ်) | ၃၇ |
| သို့ဖြစ်စေကာမူ(အဓိပ္ပာယ်ဆက်သမ်) | ၃၇ |

| | စာမျက်နှာ |
|---|---|
| သို့ဖြစ်သောကြောင့်(အဓိပ္ပာယ်ဆက်သမ်) | ၃၅ |
| သို့ဖြစ်သော်လည်း (အဓိပ္ပာယ်ဆက်သမ်) | ၃၇ |
| သို့ရာတွင်(အဓိပ္ပာယ်ဆက်သမ်) | ၃၆ |
| သို့သော်လည်း (အဓိပ္ပာယ်ဆက်သမ်) | ၃၇ |
| သင် (နစ) | ၁၃ |
| သင်္ချာနာမဝိသေသန | ၁၈ |
| သင်္ချာနာမ်စား | ၁၃ |
| သင်္ချာပစ္စည်း | ၄၃ |
| သင်း(နစ) | ၁၃ |
| သည်(နစ) | ၁၃ |
| သည်(ပစ္စုပ္ပန်ကာလပြကြိ-ဝိ) | ၂၆ |
| သည်(အညွှန်းနစ) | ၁၃ |
| သည်(အညွှန်းနဝိ) | ၁၈ |
| သည်(အတိတ်ကာလပြကြိ-ဝိ) | ၂၆ |
| သမ္ဗန္ဓ | ၃၁ |
| **ဟ** | |
| ဟု(စည်း) | ၅၃ |
| ဟော့(အာလုပ်စည်း) | ၄၅ |
| ဟယ်(အာလုပ်စည်း) | ၄၅ |
| **အ** | |
| အကြင်(အညွှန်းနဝိ) | ၁၈ |
| အကြောင်းမူကား(အဓိပ္ပာယ်ဆက်သမ်) | ၃၆ |
| အကြောင်းမှာကား (အဓိပ္ပာယ်ဆက်သမ်) | ၃၆ |
| အကြောင်းမှာမူ(အဓိပ္ပာယ်ဆက်သမ်) | ၃၆ |
| အကြောင်းသော်ကား (အဓိပ္ပာယ်ဆက်သမ်) | ၃၆ |
| အချို့(နစ) | ၁၃ |
| အချိန်ပြကြိယာဝိသေသန | ၂၃ |
| အခြေအနေပြကြိယာဝိသေသန | ၂၃ |

| | စာမျက်နှာ |
|---|---|
| အယောသအကျွရာ | ၁ |
| အညွှန်းနာမဝိသေသန | ၂၁ |
| အညွှန်းနာမ်စား | ၂၁ |
| အတိုင်း(ဝါကျဆက်သမ်) | ၃၂ |
| အတိုင်း(န-ဝိ) | ၄၁ |
| အတိုင်း(ဥပမာစည်း) | ၄၄ |
| အတိတ်ကာလပြကြိယာဝိဘတ် | ၂၆ |
| အတွက်(ဝါကျဆက်သမ်) | ၃၂ |
| အတွက်(န-ဝိ) | ၄၀ |
| အတွင်း(ဝါကျဆက်သမ်) | ၃၁ |
| အဓိပ္ပာယ်ဆက်သမ္ဗန္ဓ | ၃၅ |
| အနာဂတ်ကာလပြကြိယာဝိဘတ် | ၂၆ |
| အနက်(န-ဝိ) | ၄၀ |
| အနက်(ဝါကျဆက်သမ်) | ၄၀ |
| အဘယ်(နစ) | ၁၃ |
| အဘယ်(အမေးနစ) | ၁၄ |
| အဘယ်ကြောင့်ဆိုသော် (အဓိပ္ပာယ်ဆက်သမ်) | ၃၅ |
| အမူအရာပြကြိယာဝိသေသန | ၂၃ |
| အမေးကြိယာဝိသေသန | ၂၃ |

| | စာမျက်နှာ |
|---|---|
| အမေးနာမဝိသေသန | ၁၈ |
| အမေးနာမ်စား | ၁၄ |
| အမိန့်ချဝိဘတ် | ၂၈ |
| အမျိုးအစားပြကြိယာဝိဘတ် | ၂၆ |
| အာလုပ်ပစ္စည်း | ၄၅ |
| အားလုံး(နစ) | ၁၃ |
| အံ့(အနာဂတ်ကာလပြကြိ-ဝိ) | ၂၆ |
| အံ့သောငှာ(ဝါကျဆက်သမ်) | ၃၂ |
| အို(အာလုပ်စည်း) | ၄၃ |
| အောင်(ဝါကျဆက်သမ်) | ၃၂ |
| ဤ(နစ) | ၁၃ |
| ဤ(အညွှန်းနစ) | ၁၄ |
| ဤ(အညွှန်းနဝိ) | ၂၁ |
| ဤသို့သော (အညွှန်းနဝိ) | ၂၁ |
| ဥပမာပစ္စည်း | ၄၄ |
| ၏(ပစ္စုပ္ပန်ကာလပြကြိ-ဝိ) | ၂၆ |
| ၏(အတိတ်ကာလပြကြိ-ဝိ) | ၂၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

# မြန်မာကဗျာလက်ရွေးစင်

# အဌမတန်း

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်

ကျောင်းသုံးစာအုပ်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# မြန်မာကဗျာလက်ရွေးစင် အငွေ့မတာန်း

MCRS
Reference
Library

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ၊ အုပ်ရေ- ၂၇၀၀၀၀
၂၀၁၆-၁၇ ပညာသင်နှစ်

အခြေခံပညာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ၏ မူပိုင်ဖြစ်သည် ။

# အမှာစာ

မြန်မာနိုင်ငံ ပညာရေးကို အဆင့်အတန်း မြင့်မားလာစေရန် ပညာရေးအစီအစဉ်သစ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထိုအစီအစဉ်သစ်အရ အခြေခံပညာရေးကဏ္ဍတွင် မြန်မာစာအခြေခံ နိုင်ခံ့တောင့်တင်း၍ ကျွမ်းကျင်စွာ တတ်မြောက်စေရန် မြန်မာစာသင်ရိုးကို ပြန်လည်ရေးဆွဲပါသည်။

အဆိုပါသင်ရိုးအရ အခြေခံပညာအလယ်တန်းအဆင့် မြန်မာစာသင်ကြားခြင်း၏ ရည်ရွယ်ချက်ကို အောက်ပါအတိုင်း ချမှတ်သင်ကြားမည် ဖြစ်ပါသည်။

၁။ စာဖတ်၍ နားလည်စေရန်နှင့် နားလည်သည်ကို ရှင်းလင်းပြောပြနိုင်စေရန်။

၂။ ဝေါဟာရ ကြွယ်ဝစေရန်၊ စကားအသုံးအနှုန်းများ နားလည်စေရန်နှင့် မှန်ကန်စွာ သုံးတတ်စေရန်။

၃။ ဝါကျသဘောကို နားလည်စေရန်နှင့် ဝါကျဖွဲ့ပုံ မှန်ကန်စေရန်။

၄။ သဒ္ဒါစည်းကမ်းနှင့်အညီ ပြေပြစ်ရှင်းလင်းစွာ ရေးတတ်စေရန်။

၅။ စကားပြေနှင့် ကဗျာများကို လေ့လာတတ်စေရန်

အထက်ပါ ရည်မှန်းချက်နှင့်အညီ အခြေခံပညာအလယ်တန်းအဆင့် အဋ္ဌမတန်းတွင် သင်ကြားနိုင်ရန် မြန်မာကဗျာလက်ရွေးစင်ကို ရွေးချယ်ပြုစုပါသည်။

ကဗျာများ ရွေးချယ်ရာတွင် ပျို့၊ လင်္ကာ၊ ရတု၊ ဒွေးချိုး၊ လေးချိုး၊ လွမ်းချင်း၊ အိုင်ချင်း စသည့်ကဗျာပုံစံများအပြင် ကောက်စိုက်တေး၊ မောင်းထောင်းတေး၊ သျှိုးလိုက်၊ စည်တော်သံ၊ တိုင်းရင်းသားတေး စသည်များကိုပါ ရွေးချယ်ထားပါသည်။

ကဗျာပါအကြောင်းအရာများတွင် ဆုံးမစာ၊ အမျိုးသားလှုပ်ရှားမှု၊ ကျေးလက်ဓလေ့၊ သဘာဝအလှ စသော အကြောင်းအရာမျိုးစုံ ပါဝင်ပါသည်။

ကဗျာသည် ရွတ်ဖို့ဖတ်ဖို့ ဖြစ်ပါသည်။ ကဗျာကို အဖြတ်အတောက် အရပ်အဆိုင်းမှန်မှန်၊ ဌာန်ကရိုဏ်းကျကျ ရွတ်ဖတ်ရန်ဖြစ်ပါသည်။ ကဗျာကို ရွတ်ဖတ်ခြင်းဖြင့် ကဗျာသည် နှစ်သက်ဖွယ်၊ စိတ်ဝင်စားဖွယ် ဖြစ်လာပါသည်။

ကဗျာရေးဖွဲ့ရာတွင် စကားအသုံးအနှုန်းများကို ရွေးချယ်စီကုံးလေ့ ရှိပါသည်။ ကဗျာတွင် သုံးနှုန်းထားသော စကားလုံးများမှာ တိတိကျကျ ကျစ်ကျစ်လျစ်လျစ်ရှိသော စကားလုံးများဖြစ်ပါသည်။ အံဝင်ခွင်ကျ သုံးထားသော စကာလုံးများဖြစ်၍ ကဗျာပါ စကားအသုံးအနှုန်းများကို လေ့လာခြင်းဖြင့် ဝေါဟာရ ကြွယ်ဝလာပြီး စကားအသုံးအနှုန်းများ မှန်ကန်စွာ သုံးတတ်လာနိုင်မည်ဖြစ်ပါသည်။

ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ လောကသာရဆုံးမစာ ကဗျာများသည် စာရိတ္တ မြင့်မားမှုကို အထောက်အကူပြုသော ကဗျာများဖြစ်သည်။ အမျိုးသားလှုပ်ရှားမှုနှင့် တိုင်းရင်းသားတေးကဗျာများသည်

မျိုးချစ်စိတ်နှင့် တိုင်းရင်းသားစည်းလုံးမှုကို ပေးစွမ်းနိုင်သော ကဗျာများဖြစ်သည်။ ကောက်စိုက်၊ မောင်းထောင်း၊ သျှိုးလိုက် စသော ကျေးလက်ဓလေ့ တေးကဗျာများသည် အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးစံများကို ချစ်မြတ်နိုးလာစေနိုင်သော ကဗျာများဖြစ်သည်။ သဘာဝအလှကဗျာများသည် စိတ်ကြည်နူးမှုကို ဖြစ်ပေါ်စေသော ကဗျာများဖြစ်သည်။

ဆရာ၊ ဆရာမများသည် ကဗျာ့အလှ၊ ကဗျာ့ရည်ရွယ်ချက်၊ ကဗျာ့အတွေးကို တပည့်တို့ ခံစားသိမြင်အောင် လမ်းညွှန်သင်ကြားဖို့ ကြိုးစားအားထုတ်ကြစေလိုပါသည်။

## မာတိကာ


| | ကဗျာအမည် | ရေးသူ | စာမျက်နှာ |
|---|---|---|---|
| ၁။ | ရှင်မဟာရဋ္ဌသာရဆုံးမစာ | ရှင်မဟာရဋ္ဌသာရ | ၁ |
| ၂။ | ဇလာကသာရ | ရခိုင်သူမြတ် | ၄ |
| ၃။ | စိတ်နေမြင့်သူ | အမည်မသိရှေးစာဆို | ၆ |
| ၄။ | သားရွှေဥ | စာတော်ပြင်ဆရာကြီးဦးပညာ | ၇ |
| ၅။ | လက်ဆောင် | မယ်ခွေ | ၁၀ |
| ၆။ | ပိတောက်ရွှေဝါ | ဦးကြော့ | ၁၁ |
| ၇။ | ရွှေညာမှာညို့တဲ့မိုး | ဦးကြီး | ၁၃ |
| ၈။ | ငါးမည်ရပြည်ရွှေဘို | အမည်မသိရှေးစာဆို | ၁၅ |
| ၉။ | ရွှေမြောင်းရွာ | အမည်မသိရှေးစာဆို | ၁၇ |
| ၁၀။ | မောင်ရင်လောင်း | အမည်မသိရှေးစာဆို | ၁၉ |
| ၁၁။ | ဝံသာနုအထည် | မောင်းထောင် ဦးကျော်လှ | ၂၂ |
| ၁၂။ | မောင်မလုပ်န | အမည်မသိရှေးစာဆို | ၂၅ |
| ၁၃။ | ဝါလိုက်ပါ့မိုး | အမည်မသိရှေးစာဆို | ၂၆ |
| ၁၄။ | ချီတက်အမိန့် | ငွေတာရီ | ၂၈ |

# ရှင်မဟာရဋ္ဌသာရဆုံးမစာ

၁။ လက်သစ်တောင်တာ
ယူဇနာပေါင်း၊ တာပြန်လောင်းသော်
ရှစ်သောင်းလေးထောင်၊ အမြင့်ဆောင်သား
တောင်မြင်းမိုရ်ရှိ၊ ဂုဏ်ကြီးဘိသည့်
မွေးမိဖခင်၊ ကျေးဇူးရှင်နှင့်
ထို့ပြင်တခြား၊ ဘိုးနှင့်ဘွားကို
ဘုရားတစ်ဆူ၊ ဂူတစ်လုံးသွင်
စိတ်ကထင်လျက်၊ ဦးတင်လက်ထား
အစားအဝတ်၊ မလွတ်စေရ
ရေပူရေအေး၊ လိုရာပေး၍
မွေးကျွေးကြပေ၊ တထွေမှတ်သား
အခါးအချို၊ သူတို့ဆိုလည်း
ဘိုးဘွားမိဘ၊ ဆရာစသည်
ပြသဆိုထွေ၊ မျိုတတ်စေ။
၂။ အစ်ကိုကြီးအား၊ ညီငယ်များလည်း
စကားနှုတ်ဆက်၊ ဖက်၍မဆို
ရိုသေလှစေ
ကိုကြီးအစ်မ၊ သည်နှစ်ဝကို
မိဘကဲ့သို့၊ မှတ်ပါလေ။
၃။ ဆွေကြီးမျိုးကြီး
အဘကြီးနှင့်၊ ဦးရီးသားချင်း
ဘထွေးရင်းက၊ ဟူသမျှကို
ဂုဏာဝုဓ်၊ ပစာယန
စိတ်ကသိစေ၊ ပြစ်မှားမိကမသင့်ချေ။
၄။ သေတူရှင်ဖက်၊ ဆောင်ရွက်မကင်း
အချင်းချင်းတွင်၊ အခင်းကြီးငယ်
ရှိခါဝယ်လည်း၊ မဖယ်မသွေ
ညီညာကုန်း၍၊ ရုန်းကြလေ။

၅။ တစ်ယောက်စကား၊ တစ်ယောက်နားမှာ
မခါးရအောင်၊ သတိဆောင်၍
မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ။
၆။ မတွေ့ခိုက်ရန်၊ မကျူးလွန်နှင့်
မျက်မာန်ဒေါသ၊ မထွက်ရအောင်
မာန်မာနကို၊ ချုပ်ကြလေ။
၇။ သေနှင့်အရက်၊ စီးပွားဖျက်ကို
တစ်စက်ကယ်မျှ၊ မသောက်ကြနှင့်
ရှောင်ကြဉ်ပါလော၊ ရှင်တော်ဟောသည့်အဆိပ်ရေ။
၈။ ကိုယ်နှင့်လည်းစာ၊ သတ္တဝါကို
ကြင်နာလှစေ၊ သူ့အသက်ကို ချစ်ပါလေ။

**လင်္ကာ**

**ရှင်မဟာရဋ္ဌသာရ**

## ခက်ဆစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | လက်သစ် | = | လက်ချောင်းတစ်ချောင်း၏ ဖြက်ပမာက။ (တစ်မိုက်၏ ရှစ်ပုံတစ်ပုံရှိသည်) |
| ၂။ | တောင် | = | တံတောင်ဖြင့်တိုင်းတာရသော နှစ်ဆယ့်လေးသစ်ရှိသည့် အတိုင်းအတာ။ တစ်တောင် (တစ်ဆယ့်ရှစ်လက်မရှိသော သံတောင်၊ လက်မ နှစ်ဆယ်ရှိသော ဆင်တောင်ဟူ၍ အမျိုးမျိုးကွဲပြားသည်။) |
| ၃။ | တာ | = | အလျား၊ အနံ စသည်တို့ကို ဝိုင်းတာသည်။ |
| ၄။ | ယူဇနာ | = | ခရီးအကွာအဝေး အတိုင်းအတာ (မြန်မာတာ ခြောက်ထောင့်လေးရာ သို့မဟုတ် ခြောက်တိုင်နှင့် တာလေးရာရှိသည်) (၂၀၄၈၂. ၅၆ မီတာ သို့မဟုတ် ၁၂. ၇၂ မိုင်နှင့်ညီမျှသည်။) |
| ၅။ | လောင်း | = | ထပ်မံရောပေါင်းသည်။ |
| ၆။ | တောင်မြင်းမိုရ်ရှိ | = | မြင်းမိုရ်တောင်တမျှ။ |
| ၇။ | ဂူ | = | လိုဏ်ခေါင်းခံ၍ အုတ်၊ အင်္ဂတေတို့ဖြင့် တည်ဆောက်အပ်သော ဘုရား။ |
| ၈။ | ဂုဏဝုမှ | = | ဂုဏဝုမို၊ ဂုဏ်အားဖြင့်ကြီးမြတ်သူ။ |
| ၉။ | ပစာယန | = | အပစာယန၊ အရိုအသေပြုမှု။ |
| ၁၀။ | အခင်းကြီးငယ် | = | အရေးကိစ္စကြီးငယ်။ |



F3A

# လောကသာရ

၁။ ပညာမျက်စိ၊ မြင်မရှိ၍
မသိတရား၊ အယူမှားလျက်
စီးပွားမမြော်၊ ကျိုးမပေါ်သား
သူတော်မဟုတ်
ယုတ်သည်စရိုက်၊ လူသူမိုက်ကို
မကြိုက်မချစ်၊ ရန်သူစစ်သို့
မနှစ်သက်ဘဲ၊ ဝေးစွာရှဲ၍
အမြဲခွာရှင်း၊ ဖဲကြဉ်မင်း။
၂။ ကြောင်းပါးခရီး၊ လမ်းအနီး၌
ပင်ထီးပညောင်၊ မြစ်တထောင်နှင့်
မြားမြောင်ခက်လက်၊ ရွက်လည်းစိပ်စိပ်
စေ့စေ့သိပ်လျက်
ရိပ်လည်းမြိုင်မြိုင်၊ လေမနိုင်လျှင်
ပြွတ်ခိုင်သီးမှည့်၊ အပြည့်ကျေးငှက်
စားလျက်သောင်းသဲ၊ မှီဝဲလူဗိုလ်
ရိပ်ခိုအများ၊ ခရီးသွားတို့
နေနားပျော်ရွှင်၊ ထိုသစ်ပင်ကား
ဝင်လာသသူ၊ ခပ်သိမ်းလူကို
ဆာပူငြိမ်းအောင်၊ စီးပွားဆောင်သို့
လူ့ဘောင်ကောင်းကြွယ်၊ လူကုံကယ်လည်း
ထိုနှယ်လည်းကောင်း၊ ဖြစ်တုံရှောင်း၍
မျိုးပေါင်းဆွေဝါး၊ လူအများကို
သနားကြင်နာ၊ စီးပွားရှာ၍
မေတ္တာမကင်း၊ မစခြင်းဖြင့်
ထံရင်းမှီကိုးကွယ်စေမင်း။

၅၂

ရခိုင်သူမြတ်

## ခက်ဆစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | စရိုက် | = | အမူအကျင့်။ |
| ၂။ | ရှု | = | ရှောင်တိမ်းသည်။ |
| ၃။ | ဖဲကြဉ် | = | ရှောင်တိမ်းသည်။ |
| ၄။ | ကြောင်း | = | ခရီးလမ်း။ |
| ၅။ | ပင်ထီး | = | အထီးတည်းသောအပင်၊ တစ်ပင်တည်း။ |
| ၆။ | ပညောင် | = | ပြည်ညောင်ပင်။ ဗောဓိညောင်ရွက်နှင့် တူသော အရွက်ရှိ၍ အကိုင်းမှ တွဲလျားကျသော မြစ်ပျဉ်းအများရှိသည့် ညောင်ပင်တစ်မျိုး။ |
| ၇။ | သောင်းသဲ | = | ဆူဆူညံညံ။ |
| ၈။ | မှီဝဲ | = | ဆည်းကပ်သည်။ |
| ၉။ | လူဗိုလ် | = | လူအများ။ |
| ၁၀။ | ဆာပူ | = | ပူအိုက်ခြင်း၊ ပူလောင်ခြင်း။ |
| ၁၁။ | ကောင်းကွယ် | = | ကြွယ်ဝချမ်းသာသည်။ |
| ၁၂။ | ကုံကယ် | = | ပြည့်စုံသည်။ |

# စိတ်နေမြင့်သူ

၁။ ချစ်တဲ့သူငယ်လေ . . .
သူငယ်ချင်းကောင်း၊ ယောက်မတို့လေ . . .။
ပန်ပါရလို့၊ ပန်ရလျှင်လဲ
ပန်းများသခင်၊ ဂေါ်သဇင်ဟု
ပင်ဆင့်ပေါက်သည်၊ ရွက်မြောက်ရိုးတံမှသာတဲ့။
လိမ်းပါရလို့၊ လိမ်းရလျှင်လဲ
ရွှေနှင့်နှိုင်းတူ၊ တောင်ငူနန္ဒင်း
ငွေနိုင်းချင်းသည်
ဝင်းထိန်ထိန်ငယ်၊ အချိန်ခြောက်ကျပ်သားမှသာတဲ့။
ကြွင်ပါရလို့၊ ကြွင်ရလျှင်လဲ
ရေမြေသခင်၊ အရှင်စက်ရင်း
ရွှေတိုက်တော်မှာ၊ စာရင်းသွင်းသည်
ခြင်းခြင်းတောက်တဲ့လူမှသာတဲ့။
အပျို့ဖြူငယ်ကကျွမ်း၊ မယ်လွမ်းလှတယ်လေး။

**အိုင်ချင်း**

**အမည်မသိရေးစာဆို**

## ခက်ဆစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | ဂေါ်သဇင် | = | ပင်ဆင့်ပေါက်သည့် သဇင်နှင့်တူသောပန်း။ |
| ၂။ | ပင်ဆင့်ပေါက် | = | အပင်ချင်းဆင့်၍ပေါက်သည်။ |
| ၃။ | ရွက်မြောက် | = | အရွက်ထောင်သော။ |
| ၄။ | ငွေနိုင်းချင်း | = | ပစ္စည်းအလေးချိန်နှင့် ဆတူငွေပေး၍ဝယ်ရသော။ |
| ၅။ | စက်ရင်း | = | ခြေတော်ရင်း။ |
| ၆။ | ရွှေတိုက်တော် | = | မြန်မာဘုရင်လက်ထက် ရွှေငွေဘဏ္ဍာနှင့် နန်းစဉ်မှတ်တမ်း၊ စစ်တမ်း၊ မော်ကွန်း စသည့် ထိန်းသိမ်းထားရှိရာ အဆောက်အအုံ။ |
| ၇။ | ခြင်းခြင်းတောက် | = | ရဲရဲတောက်။ |

# သားရွှေဥ

သားရွှေဥ
မျက်ရှုထုံသင်း၊ နှလုံးသွင်းလော့။
အတွင်းတော်က၊ သုတ်လူးရအောင်
စိမ်းမြရောင်ညို၊ သစ်စေးလိုဟု
စာတိုရေးမှတ်၊ ခန့်တုံလတ်သော်
ညသတ်တို့ပါ၊ ထိုသည့်စာနှင့်
ညီစွာအမှန်၊ သုံးတော်ခံလည်း
ထုံးစံစိစစ်၊ သိသူဖြစ်၍
သစ်ကိုကျပ်တည်း၊ ကြိုးနှင့်စည်းလျက်
တင့်ရည်းဆန်းထူး၊ ဆက်လေဖူး၏။
တစ်ဦးဆရာ၊ မြတ်ဂုဏ်ဝါနှင့်
သာသနာပိုင်၊ ကျမ်းဂန်နိုင်လျက်
ဆိုင်ရာဆိုင်ရာ၊ လေ့လာမရှိ
သတိမသွင်း
ယွင်းတော်မူရာ၊ စာထုပ်ပါဟု
တကာတစ်ယောက်၊ ကဝိမြောက်လျက်
မထောက်မတွေး၊ ပသတ်ရေး၍
စာပေးလျက်လျှင်၊ ထိုစာရှင်က
ခင်ခင်မွတ်မွတ်၊ မိုးလေလွတ်အောင်
မချွတ်ယွင်းပါ၊ ကျွန်ုပ်စာကို
ကောင်းစွာဘုရား၊ ထုပ်လျက်ထားဟု
ကျောင်းသားတွင်သာ၊ နှုတ်ဖြင့်မှာ၍
စာမထုတ်ချေ၊ နေဖူးလေ၏။
စာပေကျမ်းဂန်၊ တတ်သည်မှန်လည်း
ကာရန်လင်္ကာ၊ ကဗျာအစပ်
စကားသွပ်ဟု
တပ်တပ်မရှု၊ မှတ်မဲ့ပြုက
အမှုမကျွမ်း၊ ယောင်ယမ်းယမ်းနှင့်

ကစမ်းကဝါး၊ အမှားမှားလျှင်
ကြံအားကတ်သတ်၊ ရိုင်းစိုင်းတတ်၏။
အမှတ်စုံစီ၊ ကဝိပီအောင်
လောကီလောကုတ်၊ အားကုန်ထုတ်၍
မဆုတ်မနစ်၊ ပြုသည်ဖြစ်မှ
များနှစ်သက်ရာ၊ မှန်လှစွာသည်
ရတနာမျက်ရှု၊ သားရွှေဥ။

လက်ာ စာတော်ပြင်ဆရာကြီးဦးပညာ

## ခက်ဆစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | မျက်ရှု | = | မိဘက သားသမီးကို ချစ်မြတ်နိုးစွာ ခေါ်ဝေါ်ညွှန်းဆိုသောစကား။ |
| ၂။ | ထုံသင်း | = | အမွှေးနံ့သာခဲ။ |
| ၃။ | အတွင်းတော် | = | နန်းတွင်း။ |
| ၄။ | သစ်စေး | = | သစ်ပင်မှထွက်သောအစေး။ |
| ၅။ | ခန့် | = | ခိုင်းစေသည်။ |
| ၆။ | သုံးတော်ခံ | = | လက်သုံးတော်ခံ၊ နန်းတွင်းအမှုထမ်း။ |
| ၇။ | စိစစ် | = | စစ်ဆေးစုံစမ်းသည်၊ ဆင်ခြင်သည်။ |
| ၈။ | တင့်ရည်း | = | ရဲရဲဝံ့ဝံ့၊ မကြောက်မရွံ့။ |
| ၉။ | ဂုဏ်ဝါ | = | ဂုဏ်ရှိသော၊ ဝါရှိသော။ |
| ၁၀။ | သာသနာပိုင် | = | ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားမှုကို ဦးစီးညွှန်ကြား ဆောင်ရွက်ရန် သံဃာချင်းကဖြစ်စေ၊ မင်းကဖြစ်စေ တင်မြှောက်သော သံဃာကြီး၊ မဟာသံဃရာဇာ။ |
| ၁၁။ | ကဝိ | = | စာဆို၊ ပညာရှိ။ |
| ၁၂။ | ခင်ခင်မွတ်မွတ် | = | ခင်ခင်မင်မင်၊ မြတ်မြတ်နိုးနိုး။ |
| ၁၃။ | ချွတ်ယွင်း | = | မှားသည်၊ လွဲသည်။ |
| ၁၄။ | ကာရန် | = | စာလုံး၏ အဆုံးသံ၊ ဗျည်းသံ သို့မဟုတ် သရသံ။ |
| ၁၅။ | စကားသွပ် | = | မှားယွင်းသောစကား။ |

၁၆။ တပ်တပ် = သေသေချာချာ။

၁၇။ ကစမ်းကဝါး = စမ်းတဝါးဝါး၊ မတိကျ၊ မသေချာ၊ မပိုင်မနိုင်။

၁၈။ ကတ်သတ် = ခဲယဉ်းသည်။

၁၉။ လောကုတ် = လောကုတ္တရာ၊ လောကမှ လွတ်မြောက်ကြောင်းဖြစ်သော မဂ်ဖိုလ် နိဗ္ဗာန်တရား။

၂၀။ မဆုတ်မနစ် = စိတ်ပျက်အားလျှော့ခြင်းမရှိဘဲ။

# လက်ဆောင်

မဝယ်ဘူး၊ မယ်ခူးတဲ့ဖက်စို။
မီးမကူ၊ နေပူမှာမကင်အားလို့
ထားရတယ် အိပ်ရာအောက်မှာ
မင်းသောက်ဖို့ကို။
ညာအနား၊ ရှေ့သွားနှင့်ကိုက်လို့တို
မချိုတောင့်လိပ်ဆေး။
ပိုးမကူ၊ ဝါချည်ဖြူတစ်ပင် ရစ်ကယ်နှင့်
ငယ်ချစ်မောင် ရွှေဝသွားကို၊ ပါးလိုက်တဲ့လေး။

**လေးချိုး** **မယ်ခွေ**

**စကားဆစ်အဖွင့်**

| | | | |
|---|---|---|---|
| ၁။ | မီးမကူ | = | မီး၏အကူအညီမယူဘဲ။ |
| ၂။ | မကင်အား | = | မကင်ရက်။ |
| ၃။ | မချိုတောင့် | = | မချိုစတောင်းချိုသည်၊ အလွန်ချိုသည်။ |

# ပိတောက်ရွှေဝါ

လတန်ခူးပေမို့ အလှထူးပါဘိ
မြမြဖူးရယ်တဲ့၊ ခိုင်ရွှေဝါ။
တကယ်တမ်းသာဖြင့်
ဘယ်ပန်းသော် စံမတူဘု
နန္ဒမူ ဖန်ဂူထိပ်မှာလ
ပစ္စေကာချွေးတော်သိပ်ရတယ်
အေးရိပ်ဆာယာ။
တစ်နှစ်တွင်သည်တစ်လပေပ
တစ်လတွင်တစ်ရက်ထဲ
ခက်ခဲတဲ့ရက်ဗုဒ္ဓာ
ပွင့်ရှာကြစုံမြိုင်တွင်း။
မြူမင်းလွှင်ထန်
ကြူသင်းတာချိန်ယံမတော့
ရွှေဝတ်ဆံ ငုံတံညှောက်ကယ်နှင့်
ခါသကြိန် ဂိမှာန်ရောက်ပြန်တော့
သိန်သရေ ထိန်ဝေလို့တောက်တဲ့ပြင်
လမ်းတစ်လျှောက်သင်းပါဘိ
ဆန်းသလောက် မလင်းနိုင်ဘု
ပန်းပိတောက်မင်း။

ယေးချိုး

ဦးကြော့

## စကားလှစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | နန္ဒမူဖန်ဂူ | = | ဟိမဝန္တာရှိ မဇ္ဈူသက နတ်ပန်းပင်ပေါက်ရာ လိုဏ်ဂူ။ |
| ၂။ | ပစ္စေကာ | = | ပစ္စေကဗုဒ္ဓါ၊ ဘုရားငယ်။ |
| ၃။ | ချွေးတော်သိပ် | = | အမောပြေစေသည်။ |
| ၄။ | ဆာယာ | = | အရိပ်။ |
| ၅။ | ရက်ဗုဒ္ဓါ | = | ကြံ့တောင့်ကြံ့ခံရက်မြတ်။ |
| ၆။ | စုံ | = | တော။ |
| ၇။ | မြိုင် | = | တော။ |
| ၈။ | မင်းလွင် | = | မြူခိုး။ |
| ၉။ | တာချိန်ယံ | = | အတာကူးချိန်၊ နှစ်ကူးချိန်။ |
| ၁၀။ | ဂိမှာန် | = | နွေဥတု။ |
| ၁၁။ | သိန်သရေ | = | ကျက်သရေ။ |

# ရွှေညာမှာညို့တဲ့မိုး

သပြေကသီးသနှင့်
ရေကြီးငယ်ဘောင်ဘင်
ထွန်ရေးငယ်ငင်သည်
ပျို့ဦးရင် အပြန်ခက်ရှာလိမ့်
တစ်ဖက်က ချောင်းကာသည်
ရွှေညာမှာညိုသည့်မိုးငယ်မို့
ပျိုစိုးတယ်လေး။
ခါးမင်ကြောင်ငယ်
ရွှေသျှောင်ဘယ်ဝှေ့
အမယ်လေးဆိုတုန်းက
ပျိုပုန်းလို့တွေ့သူမို့
တစ်နေ့သာသာ၊ တစ်ညဥ့်ကွာမူ
ဗျာပါသည်းနင်၊ တစ်နှစ်ထင်လို့
မရွှင်တ မျှော်
ရေရှင်တားလို့၊ ရက်အားပုံပေါ် လှချည့်
ချောင်းကျော်တဲ့လယ်နှယ်ကို
ကိုယ်တာကွယ် မစုံမက်သာဘု၊
တောတက်ဖေလေး။

လွမ်းချင်း

ဦးကြီး

## ခက်ဆစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | ဘောင်ဘင် | = | ရေမျက်နှာပြင် မငြိမ်မသက်ဖြစ်၍ အသံမြည်အောင် လှုပ်ရှားရိုက်ခတ်သည်။ |
| ၂။ | ပျို့ဦးရင် | = | မိန်းမပျို၏ ချစ်သူ။ |
| ၃။ | မင်ကြောင် | = | ထိုးကွင်း။ |
| ၄။ | ရွှေသျှောင်ဘယ်ဝေ့ | = | ဘယ်ဘယ်သို့ တစောင်းထုံးထားသော သျှောင်။ |
| ၅။ | ဗျာပါသည်းနင် | = | အလွန်သောကရောက်သည်။ |
| ၆။ | ရေရှင် | = | စီးနေသောရေ။ |

# ငါးမည့်ရ ပြည်ရွှေဘို

ရွှေဘုန်းတော်တိုးပါလို့
ငွေမိုးတွေရွာ။
နိုင်ငံတော်ပြည်အရေးက
သာလှတယ်လေး။
ရန်ကြီးအောင် ကုန်းဘောင်ခ
ငါးမည့်ရ ပြည်ရွှေဘို
ဘေးရန်ကပြို။
မုဆိုးဖို
ရန်ပြိုတဲ့ နာသိယ်
ဘိုးတော့်ဒေသ။
ရဲမက်တော် ခြောက်ကျိပ်ကိုးနဲ့
ရန်မျိုးပလိုလိုအောင်
ကုန်းဘောင်ဆက်မင်း။
ပွင့်လင်းရယ်သာ
ရွှေဘုန်းတော် ထိန်ထိန်ဖြာလို့
ရန်တကာပျက်ပြိုကင်းတယ်
ဘုန်းရောင်ကလင်း။
ရန်ကြီးအောင်၊ ကုန်းဘောင်မြို့ကျေး။
နေညိုညို
စည်တော်သံချိုပါလှတယ်
ယွန်းကြစို့လေး။
တွေးမှတ်ကြနော်
ပြည်ကျော်တဲ့သမိုင်း
ရွှေစည်တော် အောင်သံပေးတယ်
အေးပေါ့လူတိုင်း။

**စည်တော်သံ** **အမည်မသိရှေးစာဆို**

## စကားဆက်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | ခ | = | အမည်ရသည်။ |
| ၂။ | ငါးမည်ရ | = | ရန်ကြီးအောင်၊ ကုန်းဘောင်မုဆိုးဖို၊ ရွှေဘို၊ ရတနာသိင်္ဃ အမည်ရသော ရွှေဘိုမြို့။ |
| ၃။ | ဘိုးတော့်ဒေသ | = | အလောင်းဘုရား၏ အောင်မြေ။ |
| ၄။ | ရဲမက်တော်ခြောက်ကျိပ်ကိုး | = | အလောင်းဘုရားအပါအဝင် ရဲမက်ခြောက်ဆယ့်ရှစ်၊ ပေါင်းခြောက်ဆယ့်ကိုးယောက်။ |
| ၅။ | ကုန်းဘောင်ဆက် | = | ကုန်းဘောင်ဆက် ဆယ့်တစ်ဆက်။ |
| ၆။ | ယွန်း | = | သွားသည်။ |

# ရွှေမြောင်းရွာ

မနက်ဆွမ်းတော်တင်၊ ပြင်ပြီးလားမေး
ဆွမ်းတော်တင် ပျို့ပြင်ပြီးပေါ့၊ မောင်ကြီးရယ်လေး။
ညဦးယံတွန်တဲ့ကြက်ကို၊ လင်းကြက်လားမေး
မသိသေးလား မလေးမောင်ရယ်၊ သန်းခေါင်ဟဲ့လေး။
ရွှေမြောင်းရွာ သာပါသေးလား၊ ရွှေမြို့နေမေး
သာပါရဲ့ ရွာနံဘေးမှာ၊ ရိုးရေကဖွေး။
မလေးလွမ်းလေအောင်၊ ငှက်ရွှေဖိုးခေါင်
လွမ်းလေအောင် ငှက်ရွှေဖိုးက၊ မြိုင်ရိုးကိုထိုး။
ရွှေမြောင်းတောင် ဆည်ပေါင်ရိုးက၊ ငှက်ရွှေဖိုးသာ
ဆည်ပေါင်ရိုးက ငှက်ဖိုးသာတယ်၊ နားနာကြလေး။
ရွှေမြောင်းရွာတောင်၊ ကျောင်းဆယ့်နှစ်ဆောင်
ဆယ့်နှစ်ဆောင် ပျဉ်ထောင်ကြားက၊ ခိုညည်းသံကြား။
ဘုရားဖူးချေစို့ရဲ့၊ မင်းပျို့ကိုသွေး
ဖူးချေစို့ရွှေမာလဲ၊ တောင်ထဲမှာလေး။
ဘုရားစေတီမှာ၊ ခဲချီစို့လေး။
ပျို့ချီမယ် စေတီလှကို၊ မင်းကြွခဲ့လေး။

**ကောက်စိုက်သီချင်း** **အမည်မသိရှေးစာဆို**

## ခက်ဆစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | လင်းကြက် | = | နံနက်အလင်းရောင်လာသောအချိန်တွင် တွန်သောကြက်။ |
| ၂။ | ရိုးရေ | = | ချောင်းငယ်ရေ။ |
| ၃။ | ဖိုးခေါင် | = | ဖိုးခေါင်ဟုအော်မြည်သောငှက်ငယ်။ |
| ၄။ | မြိုင်ရိုး | = | တောတန်း။ |
| ၅။ | ထိုး | = | စူးရှစွာအော်သည်။ |
| ၆။ | သာ | = | ချိုသာစွာမြည်ကြွေးသည်။ |
| ၇။ | ရွှေမာလဲ | = | ရွှေမာလဲဘုရား။ |
| ၈။ | ခဲချီ | = | ဘုရားရှေ့တွင် အဓိဋ္ဌာန်ပြု၍ ကျောက်ခဲကို ချီမသည်။ |

# မောင်ရင်လောင်း

ထမ်းစင်စီး၍ ထီးရိပ်ခို
မြင်းမိုရ်မြင့်မား၊ ဝတ်ဖျားက
နတ်သားကျသလိုနှင့် သျှိုး။
ငွေလိုပြောင် သဲရောင်ခင်း
ရွှေအုန်းရွာလယ် လမ်းကျယ်ကျယ်မှာ
လှူဖွယ်အစုံကျင်း၍ သျှိုး။
ကတီခင်း အတွင်းမဏ္ဍပ်မှာ
ပေါက်ဖော်ဆွေပုံ ကျူလိုရုံသည်
လုံးစုံလက်ဖွဲ့ကာနှင့် သျှိုး။
မယ်သာမွေးသည့် ရင်သွေးသားပုတ္တာ
ဝန်းဝန်းသပ္ပာယ် သံဃာလယ်မှာ
အမယ်ရှင်ပြုပါအံ့ သျှိုး။
မေတ္တာပျံ့ ရနံ့ထုံ
မိဘကျေးဇူး အထူးထူးကို
ရင့်ကျူးရိုက်ကာခြံအံ့ သျှိုး။
ပမာပုံသည် ဂုဏ်မူနိုင်းမမျှ
မေရုခေါ်ဆို တောင်မြင်းမိုရ်နှင့်
နွားချိုပေါက်သစ်စသို့ သျှိုး။
ရှုမဝသည့် လူလှမယ့်ပန်းဖြူ
ကျေးဇူးဂုဏ်ဝါ ထေရ်ဆရာသည်
တစ်ဝါထမ်းမျှကူအံ့ သျှိုး။
မွေးနံ့ကြူသည် သုံးလူသာသနာ
များလှသံဃာ ကျောင်းဝိဟာမှာ
တစ်ဝါထမ်းတို့ပါလော့ သျှိုး။
ကံ့ကော်နန်းမှာ ပွင့်ပန်းသစ္စာဆင်
ဂန္ဓာပျံ့မွှေး မြိုက်ရည်ကျွေးသည်
မိတေးမြတ်ချစ်ရှင်၏ သျှိုး။

ရွှေစင်သန်းသည် ရွှေနန်းတပြောင်ပြောင်
ပြသာဒ်ရှစ်ဆောင် မဂ္ဂင်ဖောင်ကို
မယ့်မောင်စီးရအောင်တည့်လေး　　　　　သျှိုး။

**သျှိုးလိုက်ရတု**　　　　　　　　　　　　　　**အမည်မသိရှေးစာဆို**

## စကားဆစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | ထမ်းစင် | = | ထမ်းပိုးနှစ်ခုပေါ်တွင် ထိုင်စရာပြုလုပ်ထားပြီး လူထမ်းသယ်ဆောင်ရသော ရှေးသုံးလူထမ်းစင်။ |
| ၂။ | ဝတီ | = | တာဝတီသာနတ်ပြည်။ |
| ၃။ | သျှိုး | = | မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ ဟူသောအဓိပ္ပာယ်ဖြင့် ရွတ်ဆိုသော စကား။ |
| ၄။ | ကတီ | = | ညောင်စောင်းသဖွယ် ထိုင်စရာတစ်မျိုး။ |
| ၅။ | ပေါက်ဖော် | = | မိရင်းဘရင်းမှ ပေါက်ပွားသောသားချင်း၊ ဆွေမျိုး။ |
| ၆။ | ကျူလိုရုံ | = | ကျူပင်ကဲ့သို့ အစုလိုက်အရုံလိုက်။ |
| ၇။ | လက်ဖွဲ့ | = | ရှင်ပြုပွဲ၌ ပုဂ္ဂိုလ်အသီးသီးက ရှင်လောင်း၏ လက်တွင် ချည်မျှင်ကွင်းများ ရစ်ဖွဲ့ပေးခြင်းဖြင့် ချီးမြှောက်သည်။ |
| ၈။ | ပုတ္တာ | = | သား။ |
| ၉။ | ဝန်းဝန်း | = | စုစုရုံးရုံး။ |
| ၁၀။ | သပ္ပာယ် | = | တင့်တယ်သည်။ |
| ၁၁။ | အမယ် | = | အမေ။ |
| ၁၂။ | ရင့်ကျူး | = | သာယာသောအသံဖြင့်မြည်သည်။ |
| ၁၃။ | ပေါက်သစ်စ | = | ပေါက်ကာစ။ |
| ၁၄။ | တစ်ဝါ | = | ဝါတွင်းတစ်တွင်း၊ ဝါတွင်းသုံးလ။ |
| ၁၅။ | ကံ့ကော်နန်း | = | အရိမေတ္တေယျဘုရား ပွင့်တော်မူမည့်နေရာ၊ ကံ့ကော်ပင်။ |
| ၁၆။ | ပွင့်ပန်းသစ္စာဆင် | = | သစ္စာလေးပါးတည်းဟူသောပန်းကို ဆင်မြန်းသည်။ |

| | | | |
|---|---|---|---|
| ၁၇။ | ဂန္ဓာ | = | ရနံ့။ |
| ၁၈။ | မြိုက်ရည်ကျွေး | = | အမြိုက်တရားဟောသည်။ |
| ၁၉။ | မိတေး | = | နောင်ပွင့်မည့် အရိမေတ္တေယျဘုရား။ |
| ၂၀။ | ပြသာဒ်ရှစ်ဆောင် မဂ္ဂင်ဖောင် | = | ဖောင်ပြသာဒ်နှင့်တူသော မဂ္ဂင်ရှစ်ပါး။ |



F3B

# ဝံသာနုအထည်

ကမ္ဘာတွင် မြန်မာမျိုးတို့
ဓမ္မတာအမျိုးအမည် ဖျင်ပင်နီနှင့်
ဆင်ထဘီ တဘက်ကြမ်းတို့ကို
ရက်ကန်းတွင် လွန်းပြန်ထိုးပါလို့
ပန်းဆိုးကာ ကိုယ်စီဝတ်ကြရ
မိုးစွတ်နှင့်နေပူခံ။
သရက်ထည် နီအပြာနှင့်
ကတ္တီပါ ပလီပလာကြွဲလို့
အီတာလျံ ဂျာမန်ကလုပ်ခဲ့တဲ့
ပိတ်အုပ်တွေ ချည်တွေဆိုက်ပြန်တော့
ငွေပိုက်ဆံ ပုံကာနှင်းပါလို့
လုံကွင်းတွေ ဆင်ထဘီနှင့်
ပိတ်အင်္ကျီ ဖြူဖြူလွတို့ကို
တစ်လဆယ်ထည်ချုပ်နိုင်ရဲ့
မလုပ်ချင် ဝယ်လို့ပေါ်သည်ဟု
ရယ်မောကာ မိန်းမတွေတို့
ငြိမ်းပေကြပြန်။
ပြောကြသည့် စကားပုံကတော့
ပေါလှသည့်ကုန်ဟာ ရှားသည့်ဟု
ရှားတဲ့ကုန် တစ်ဖန်ပေါ်ပြန်တော့
သဘော်ချည် ရှုံချည်ထုပ်ကဲ့ပြင်
အပ်ချုပ်ရန် အပ်ချည်လုံးကိုမှ
လွယ်တကူ ဝယ်ယူလို့မသုံးနိုင်ဘု
နယ်လုံးကျွတ် တို့နိုင်ငံ
မြို့ခရိုင်မကျန်ပ ခက်စတောင်း။
ယာပြင်မှာ ဝါပင်တွေကြဲမိရင်
တာရဲတွေ ဆွေတလုပ်တို့က
ငွေထုတ်ကာ ကိုယ်စီငှားကြလို့

ပွဲစားတွေ ဝယ်ယူလာကြရ
စူလျာ ဖျင်တဘက်ကိုမှ
တင်ပခွက်လုံအောင် မဖုံးနိုင်ဘု
သက်ဆုံးတိုင် ရှည်ကြာနေကြရ
သည်ဝါတွေတစ်ပြည်တစ်ရွာသို့ဖြင့် မရောင်းကြပါနှင့်
ငှင်းဝါအထည်ဖြစ်တော့ကမှ
ချည်ရှစ်ဆယ် အစိတ်ပေးရလိမ့်
ပိတ်ဈေးမှာ အလွန်တိုသောကြောင့်
အရင်လိုမဝယ်နိုင်၍
ပိတ်အင်္ကျီ လျှိုမစွတ်ရပေဘု
ကိုယ့်အဝတ် ကိုယ်ရှိသေလို့
မိန်းမတွေ အငြိမ်မနေကြစမ်းပါနှင့်
ရက်ကန်းမှာ ဗိုင်းဝါအလုပ်ကိုဖြင့်
အများတကာကို အားမနာလို့မဟုတ်ပါဘု
အသွားအလာ ခါးဗလချာ မစုတ်ရအောင်လို့ကွယ်
အားထုတ်ဖို့ကောင်း။

**သံချို** **မောင်းထောင် ဦးကျော်လှ**

## စကားဆစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | ဝံသာနု | = | အမျိုးအနွယ်ကိုစောင့်ရှောက်ခြင်း။ အမျိုးကိုစောင့်ရှောက်သူ။ |
| ၂။ | ဓမ္မတာ | = | မြဲသောအစဉ်အလာ။ ဖြစ်မြဲထုံးစံ။ |
| ၃။ | ပင်နီ | = | အုန်းခွံရောင်ရှိသောဝါမှထုတ်လုပ်သည့်ချည်နှင့်ရက်လုပ်သော အထည်။ |
| ၄။ | လွန်း | = | ရက်ကန်းရက်ရာတွင် ဖောက်ချည်ရစ်ပတ်ထားသော ရက်ဖောက်ထည့်ရာ အိမ်ပါသည့် အချောင်းအတံ။ |
| ၅။ | လွန်းပြန် | = | လွန်းပြန်လက်ချိတ်ပုဆိုး။ |
| ၆။ | ပန်းဆိုး | = | အဝတ်အထည်ကိုဆေးရောင်ဆိုးသည်။ |
| ၇။ | သရက်ထည် | = | နိုင်ငံခြားမှလာသော ပွင့်ရိုက်စက်ရက်ချည်ထည်တစ်မျိုး။ |

| | | | |
|---|---|---|---|
| ၈။ | ပလီပလာ | = | ဆန်းဆန်းပြားပြား။ |
| ၉။ | သဘော်ချည် | = | နိုင်ငံခြားမှလာသောချည်။ |
| ၁၀။ | ရှံချည် | = | ရှံတဘက်။ ရှံစောင် ရက်လုပ်ရသည့် သိုးမွေးနှင့် ချည်ရောစပ်ထားသော ချည်ချော။ |
| ၁၁။ | ခရိုင် | = | ရွာအများ၊ မြို့အများကို စုပေါင်း၍ ဝန်တစ်ဦးအုပ်ချုပ်ရသော နယ်မြေအပိုင်းအခြား။ စီရင်စု။ |
| ၁၂။ | ခက်စတောင်း | = | အထူးခက်ခဲသည်။ |
| ၁၃။ | တာရဲတွေဆွေတလုပ် | = | တရုတ်အမျိုးသားများ။ |
| ၁၄။ | စူလျာ | = | စုလျား။ အဝတ်စအရှည်။ ပုဆိုး။ ပဝါ။ |
| ၁၅။ | ချည်ရှစ်ဆယ် | = | ချည်အမျိုးအစား။ |
| ၁၆။ | တို | = | ရှားပါးသည်။ |
| ၁၇။ | ဗိုင်းဝါ | = | ချည်ငင်ရန်အတွက် ဖတ်ပြီးသားဝါကို အရှည်တစ်ညီခန့် အတောင့်ပြုလုပ်ထားသော ဝါလိပ်။ |
| ၁၈။ | ဗလချာ | = | ညစ်နွမ်းစုတ်ပြတ်ပျက်စီးလျက်။ |

# မောင်မလုပ်နဲ့

| | | |
|---|---|---|
| မောင် ။ | ။ | စပါးထောင်းကူ၊ လူလိုဝူးရော။ |
| မယ် ။ | ။ | မောင် မထောင်းနဲ့၊ ခါးညောင်းတတ်လယ် |
| | | မယ်ထောင်းမယ်။ |
| | | စပါးပလာလဲ၊ မောင်မပလာနဲ |
| | | ခါးနာတတ်လယ်၊ မယ်ပလာမယ်။ |
| | | လက်ဝါးနဲ့ သွေးဥတတ်လယ်။ |
| | | ထမန်းစားလဲ၊ မောင်မစားနဲ |
| | | အံယားတတ်လယ်၊ မယ်စားမယ်။ |

**တောင်ရိုးခနဲ့ ကျေးလက်တေး** **အမည်မသိရွှေးစာဆို**

**ခက်ဆစ်အဖွင့်**

| | | | |
|---|---|---|---|
| ၁။ | နဲ | = | နဲ့။ နှင့်။ |
| ၂။ | လူလိုဝူးရော | = | လူမလိုဘူးလား။ |
| ၃။ | ပလာ | = | (ဆန်)ပြာသည်။ |
| ၄။ | မောင်မပလာနဲ | = | မောင်မပြာနှင့်။ |
| ၅။ | ထမန်း | = | ထမင်း။ |
| ၆။ | မောင်မစားနဲ | = | မောင်မစားနှင့်။ |
| ၇။ | အံယားတတ်လယ် | = | ပါးစပ်ယားတတ်တယ်။ |



F2B

# ဝါလိုက်ပါ့မိုး

မိုးမဝါဘဲကြာလေပြီ
မိုးကီးလေကီး လာလေပြီ
မိုး မိုး ဝါလိုက်ပါတော့မိုး။
အီမိုး ခေါင်မြှောန်း ထောန်ရအောင်
မိုး မိုး ဝါလိုက်ပါတော့မိုး။
ပိတော့ပန်မှာ မီးတစ်ကလယ်
သတ်ပါလေ မိုးမင်းကီး။
မိုးထိအောန် လေကာႏထောန်
မထောန်နိုင်ဘဲ ခေတွဲလဲ
အာလော့ကလီး မိုးမင်းကီး။
မိုး မိုး ကြိုးပါလေ
ရွှေကိုင်းမိုး ကြိုးပါလေ။
မိုး မိုး မိုးရိဆင်
အီမလေ ပလန်မှာ ဝါတဲ့မိုး
မိုးမဝါဘဲ ကြာလေပြီ
မိုးကီး လေကီး လာလေပြီ
မိုး မိုး ဝါလိုက်ပါတော့မိုး။

**ထားဝယ်တေး**

**အမည်မသိရှေးစာဆို**

**စကားဆစ်အဖွင့်**

| | | | |
|---|---|---|---|
| ၁။ | မိုးမဝါ | = | မိုးမရွာ။ |
| ၂။ | မိုးကီးလေကီး | = | မိုးကြီးလေကြီး။ |
| ၃။ | အီမိုးခေါင် | = | အိမ်မိုးခေါင်။ အိမ်ခေါင်မိုး။ |
| ၄။ | မြှောန်း | = | မြှုံး။ |
| ၅။ | ပိတော့ပန် | = | ပိတောက်ပင်။ |



F2A

| | | | |
|---|---|---|---|
| ၆။ | မီးတစ်ကလယ် | = | မီးတစ်ကျည်။ |
| ၇။ | သတ်ပါလေ | = | ဆင်းပါလေ။ |
| ၈။ | အောန် | = | အောင်။ |
| ၉။ | ထောန် | = | ထောင်။ |
| ၁၀။ | ခေ | = | ခြေ (ထောက်)။ |
| ၁၁။ | ကလီး | = | ကျီးငှက်။ |
| ၁၂။ | မိုးရိဆင် | = | မိုးရိပ်ဆင်။ |
| ၁၃။ | အီမလေပလန် | = | ဤမြေပြင်။ |

MCRS
Reference
Library

# ချိုတက်အမိန့်

အများနှစ်ခြိုက်၊ အိပ်စဉ်ခိုက်ဝယ်
မျဉ်းငိုက်ရန်ပင်၊ စိတ်မထင်ဘဲ
တောဝင် တောင်သက်၊ ငါချိုတက်၏။
မတောက် တတောက်
ကြယ်ပြောက်ပြောက်လည်း
ကွေ့ကောက်လိမ်ဖည်
လမ်းသွယ်သွယ်ကို
မြင်ဖွယ်အတွက်၊ ရောင်ခြည်တက်၏။
ဖြိုးဖြိုးဖြောက်ဖြောက်၊ ဆီးနှင်းပေါက်ကား
မိုးလောက်ပြင်းထန်၊ အာကာယံမှ
ခုန်ပျံဆင်းလျက်၊ မြေသို့သက်၏။
ငါတို့ချိုရာ၊ ဤဒေသာကား
ညီညာမရှိ၊ ချောက်အပြည့်နှင့်
အတိမှောင်မိုက်၊ ခလုတ်တိုက်၍
မောဟိုက်ပင့်သက်၊ ခရီးခက်၏။
သေနတ်ကိုဆွဲ၊ လုံ့စွပ်စွဲ၍
နှင်းထဲသို့တိုး၊ ခလုတ်ဆိုးနှင့်
ထုပ်ပိုးအပြည့်၊ တအိအိကြောင့်
မချိင့်မှာ၊ မောလေပါလည်း
'ဗမာအကျိုး၊ ပြည့်အကျိုး' ဟု
မည့်ျိုးစေရ၊ စိတ်ကိုဆွ၏။
'ရှေ့ကချိုတက်'၊ မိန့်မှာမြွက်သည့်
ချိုတက်အမိန့်၊ နားတွင်ငြိမ့်၍
နှစ်သိမ့်ကြည်စွာ၊ ရှေ့သို့သာလျှင်
ခိုင်မာစိတ်သွင်း၊ ဇွဲနှင့်ရင်းသည်
အားတင်းကာပင် တက်တော့၏။

## စကားဆစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | မျဉ်းငိုက် | = | အိပ်၍ မပျော့တပျော်ရှိသည်။ |
| ၂။ | ပြောက်ပြောက် | = | ပြောက်တိပြောက်ကျား။ ကျိုးတိုးကျဲတဲ။ |
| ၃။ | ဖြိုးဖြိုးဖြောက်ဖြောက် | = | အနည်းအပါး ကွက်ကျား၊ ကျိုးကျဲအားဖြင့်။ |
| ၄။ | ဒေသာ | = | ဒေသ။ အရပ်။ |
| ၅။ | အတိ | = | များပြားစွာ။ ထူပြောစွာ။ |
| ၆။ | လှံစွပ် | = | ရိုင်ဖယ်သေနတ်ပြောင်းတံအဖျားတွင် အရှင်တပ်ဆင်၍ အသုံးပြုရသော လှံသွားတို။ |
| ၇။ | တအိအိ | = | တဖြည်းဖြည်း။ တရွေ့ရွေ့။ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# မဟော်သဓာ
# ဇာတ်တော်ကြီး
## ပထမတွဲ
## အဋ္ဌမတန်း

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

MCRS
Reference
Library

# မဟော်သဓာ
# ဇာတ်တော်ကြီး
## ပထမတွဲ
## အဋ္ဌမတန်း

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ

၂၀၁၆-၁၇

၂၀၁၆-၁၇ ပညာသင်နှစ်

အခြေခံပညာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ၏ မူပိုင်ဖြစ်သည် ။

# မာတိကာ


| ဦးရေ | | | စာမျက်နှာ |
|---|---|---|---|
| | စကားချီး | ... | က |
| | အမှာစာ | ... | ခ |
| | ပဏာမ | ... | ဃ |
| | နိဒါန်း | ... | စ |
| ၁။ | မဟော်သဓာဖွားတော်မူခန်း | ... | ၁ |
| ၂။ | ဇရပ်ဆောက်ခန်း | ... | ၈ |
| ၃။ | အိပ်မက်အရ ပညာရှိကိုရှာခန်း | ... | ၁၁ |
| ၄။ | အမဲသားတစ် ချစေခန်း | ... | ၁၄ |
| ၅။ | နွားတရားစီရင်ခန်း | ... | ၁၆ |
| ၆။ | လည်ရွဲတရား စီရင်ခန်း | ... | ၂၀ |
| ၇။ | ချည်ထွေးတရား စီရင်ခန်း | ... | ၂၃ |
| ၈။ | သားတရား စီရင်ခန်း | ... | ၂၅ |
| ၉။ | ရထားတရား စီရင်ခန်း | ... | ၂၈ |
| ၁၀။ | ရှားလုံ့တံ ပြဿနာ ဖြေခန်း | ... | ၃၁ |
| ၁၁။ | ဦးခေါင်းခွံ ပြဿနာဖြေခန်း | ... | ၃၃ |
| ၁၂။ | မြွေပြဿနာ ဖြေခန်း | ... | ၃၄ |
| ၁၃။ | ကြက်ပြဿနာ ဖြေခန်း | ... | ၃၅ |
| ၁၄။ | ပတ္တမြားပြဿနာ ဖြေခန်း | ... | ၃၇ |
| ၁၅။ | သားဖွားပြဿနာ ဖြေခန်း | ... | ၃၉ |
| ၁၆။ | ထမင်းပြဿနာ ဖြေခန်း | ... | ၄၁ |
| ၁၇။ | သဲလွန်ပြဿနာ ဖြေခန်း | ... | ၄၂ |
| ၁၈။ | ရေကန်ပြဿနာ ဖြေခန်း | ... | ၄၃ |

# စကားချီး

ဤ **မဟော်သဓာ** ဇာတ်တော်ကြီးကိုအပတ်တကုတ် ကြိုးစားအားထုတ်လျက်အနက်ပြန်ဆိုသော ပုဂ္ဂိုလ်ကျော်ကား မင်းဘူးဆရာတော် **အရှင်ဦးသြဘာသ** တည်း။

သက္ကရာဇ် ၁၁၂၀ပြည့် အနီးအနားတစ်ဝိုက်တွင် ဖွားသံန့်စင်သည် ဟုထင်မှတ်ရလေသည်။

ထိုအရှင်သူမြတ် ပြန်ဆိုရေးသားခဲ့သော ဇာတ်တော်နိဂုံးများအရ စကုပိုင်ရပ်သာမြို့ မင်းဘူးရွာတွင် တနင်္ဂနွေနေ့၌ ဖွားမြင်၍ အသည်ကြီး၏သား ဖြစ်ကြောင်းသိရ၏။

မင်းဧကရာဇ် ပင့်ခေါ်ချီးမြှောက်ခြင်းခံရသော မင်းဘူးရွာ အနောက်ဘက်ရှိ လေသာကျောင်း ဆရာတော်ထံ၌ ငယ်ရွယ်စဉ်အခါကပင် ဆည်းကပ် ကျိုးနွံလျက် ပညာရင်နို့သောက်စို့ရသော တပည့်ရင်း ဖြစ်လေသည်။

တပည့်အပေါင်းတို့တွင် "တစ်ခေါ်စလောက်၊ ရမြောက်နည်းနာ၊ အမည်မှာမူ၊ ဉာဏ်ဝါဒိပ္ပတိ၊ ဖွားဖွယ်ရှိလျက်" ဟု ဆိုထားသည့်အတိုင်း သူမတန်အောင် ဉာဏ်ထက်သန် ပုံပေါက်လေသည်။

လေသာကျောင်းဆရာတော်ကြီး၏ ကျောင်းဒကာ ဦးဝ၏ သား မောင်ထောက်မည်မှန်း ဆွေခင်ပွန်း သည် "ကောင်းဟုတ်မင်္ဂလာရေးစီပါ" ဟု အညွှတ်အနူး၊ ပန်ကြားဖူးသည့်အလျောက်၊ နောင်လာ နောက်သား အကျိုးပွားစေရန် ဘုရားဟောဒေသနာ မဟာနိပါတ်ဇာတ်တော်ကြီး ဆယ်စောင်ကို ပြန်ဆို ရေးသားရန် ရည်စူးခဲ့ဟန်ရှိလေသည်။

ထို့ကြောင့် စာပေပရိသတ် ကျက်မှန် လိုက်စားနေဆဲ ဝါတော်နုနယ်ငယ်ရွယ်ပျိုမျစ်သော အခါက ပင် စန္ဒကုမာရဇာတ်၊ နာရဒဇာတ်များကို ၁၁၄၄- ခုနှစ်အတွင်း ရေးစီခဲ့လေသည်။

၁၁၄၅-ခုနှစ်သို့ ရောက်သောအခါ ဝိဓူရဇာတ်နှင့် ဝေဿန္တရာဇာတ်ကို ပြီးစီးခဲ့စေသည်။

မဟော်သဓာဇာတ်ကို ပြန်ဆိုရေးသားရာ၌ ဇာတ်ကြောင်းရှည် လျားသည့်အတွက် အချိန်ယူလျက် ၁၁၄၆ - ခုနှစ်တွင် အဆုံးသတ်ခဲ့သည်။

၁၁၄၇-ခုနှစ်အတွင်း မဟာဇနကဇာတ်နှင့် ၁၁၄၈-ခုနှစ်၌ နေမိဇာတ်၊ တေမိဇာတ်များကို စကား ပြေပြန်ဆိုရာ၌ အပြီးတိုင်ခဲ့လေသည်။

ကျန်ဇာတ်တော်ကြီးများဖြစ်သော ဘူရိဒတ္တဇာတ် ၁၁၄၈-ခုနှင့် သုဝဏ္ဏသာမဇာတ် ၁၁၈၈-ခု တို့ ကိုကား အခြားအရှင်သူမြတ်တို့သည် စကားပြေပြန်ဆိုခဲ့လေသည်။

ဝေဿန္တရာဇာတ်တော်ကြီးကို ၁၁၄၅-ခု တပေါင်းလဆန်း ၉ရက်နေ့တွင် ပြီးစီး အောင်မြင်ကြောင်း နိဂုံးတွင် အတိအလင်းဖော်ပြထားလေသည်။

# အမှာစာ

မြန်မာနိုင်ငံ ပညာရေးကို အဆင့်အတန်း မြင့်မားစေရန် ပညာရေး အစီအစဉ်သစ်ဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

ထိုအစီအစဉ်သစ်အရ အခြေခံပညာရေးကဏ္ဍတွင် မြန်မာစာအခြေခံခိုင်ခံ့တောင့်တင်း၍ ကျွမ်းကျင်စွာတတ်မြောက်စေရန် မြန်မာစာသင်ရိုးကို ပြန်လည်ရေးဆွဲပါသည်။

အဆိုပါသင်ရိုးအရ အခြေခံပညာအလယ်တန်းအဆင့် မြန်မာစာသင်ကြားခြင်း၏ ရည်ရွယ်ချက် ကို အောက်ပါအတိုင်း ချမှတ်သင်ကြားမည်ဖြစ်ပါသည်။

၁။ စာဖတ်၍ နားလည်စေရန်နှင့် နားလည်သည်ကို ရှင်းလင်းပြောပြနိုင်စေရန်။

၂။ ဝေါဟာရ ကြွယ်ဝစေရန်၊ စကားအသုံးအနှုန်းများ နားလည်စေရန်နှင့် မှန်ကန်စွာ သုံးတတ် စေရန်။

၃။ ဝါကျသဘောကို နားလည်စေရန်နှင့် ဝါကျဖွဲ့ပုံမှန်ကန်စေရန်။

၄။ သဒ္ဒါစည်းကမ်းနှင့်အညီ ပြေပြစ်ရှင်းလင်းစွာရေးတတ်စေရန်။

၅။ စကားပြေနှင့် ကဗျာများကို လေ့လာတတ်စေရန်။

အထက်ပါ ရည်မှန်းချက်နှင့်အညီ အခြေခံပညာအလယ်တန်းအဆင့် အဋ္ဌမတန်းတွင် သင်ကြားနိုင် ရန် မဟော်သဓာဇာတ်တော်ကို ရွေးချယ်ပြဋ္ဌာန်းပါသည်။

မြန်မာတို့တွင် **"နမှာငါးရာ၊ ရင့်မှာတစ်ကျိပ်"** ဟူ၍ ဆိုရိုးစကားရှိသည်။ မြတ်စွာဘုရား ထုတ် ဖော်ဟောကြားခဲ့သော ဖြစ်တော်စဉ်ဘဝပေါင်း ငါးရာ့လေးဆယ့်ခုနှစ် ဘဝရှိရာ မှတ်ရလွယ်အောင် ဇာတ်တော်ငါးရာ့ငါးဆယ် ဟူ၍ အမှတ်အသားပြုကြသည်။ ထိုငါးရာ့လေးဆယ့်ခုနစ်ဘဝတွင် နုစဉ်ဘဝ ပေါင်း ငါးရာသုံးဆယ့်ခုနစ်ဘဝနှင့် အရင့်အမာဘဝ ဆယ်ဘဝ ပါဝင်သည်ကို **"နမှာငါးရာ၊ ရင့်မှာတစ်ကျိပ်"** ဟုဆိုခြင်းဖြစ်သည်။ ထိုဇာတ်တော်များသည် မြန်မာစာပေတွင် ဇာတ်တော်ငါးရာ့ငါးဆယ်နှင့် ဇာတ်တော်ကြီး ဆယ်ဘွဲ့ဟူ၍ ထင်ရှားသည်။ ဇာတ်တော်ကြီးဆယ်ဘွဲ့တွင်ဘူရိဒတ္တဇာတ်တော်နှင့် သုဝဏ္ဏသာမဇာတ်တော် နှစ်စောင်မှလွဲ၍ မဟော်သဓာဇာတ်တော်အပါအဝင် ဇာတ်တော်ရှစ်စောင်ကို စကုပိုင်ရပ်သာမြို့ မင်းဘူးရွာ ဇာတိ ဆရာတော်အရှင်ဦးသြဘာသ စီရင်ရေးသားတော်မူခဲ့သည်။ မဟော်သဓာဇာတ်တော်ကို မြန်မာ သက္ကရာဇ် ၁၁၄၆ ခုနှစ်တွင် အပြီးသတ်ပြုစုခဲ့သည်။

မဟော်သဓာဇာတ်တော်ကို မြတ်စွာဘုရားသည် အလောင်းတော်ဘဝက အလွန်ဉာဏ်ပညာ ရှိဖူး သည့်အဖြစ်ကို အကြောင်းပြု၍ ဟောတော်မူခဲ့သည်။

မဟော်သဓာဇာတ်တော်ကို လေ့လာရာတွင် မင်းဘူးဆရာတော် အရှင်ဦးဩဘာသ၏ စကားသုံးနှုန်းပုံ၊ စာပေဝေါဟာရကြွယ်ဝပုံနှင့် စကားပြေ အစီအကုံး အနှုန်းအဖွဲ့ ရှင်းလင်းပြေပြစ်ပုံတို့ကို သတိပြု လေ့လာမှတ်သားရာသည်။ တရားစီရင်ခန်း၊ ပြဿနာဖြေခန်း၊ ပညာခန်းများကို လေ့လာရာတွင်လည်း မဟော်သဓာသုခမိန်၏ ကျိုးကြောင်းဆက်စပ် ဆင်ခြင်တတ်ပုံ၊ တရားနည်းလမ်းကျအောင် ဆုံးဖြတ်တတ်ပုံ၊ ပြဿနာ ပြေလည်အောင် ဖြေရှင်းနိုင်ပုံနှင့် ဉာဏ်ပညာထက်မြက်ပုံတို့ကို အထူးသတိပြု လေ့လာရသည်။

ဇရပ်ဆောက်ခန်းတွင်လည်း မဟော်သဓာသုခမိန်၏ စိတ်ကူးစိတ်သန်း ကောင်းမွန်ပုံတို့ကို သတိပြု လေ့လာရသည်။

မဟော်သဓာ ဇာတ်တော်ကို လေ့လာဆည်းပူးကြလျက် မဟော်သဓာသုခမိန်၏ ငယ်ရွယ်စဉ်ဘဝကပင်စ၍ ဉာဏ်ပညာကြီးပုံ၊ အမြော်အမြင်ရှိပုံနှင့် ထက်မြက်သော စိတ်ကူးစိတ်သန်းကောင်းပုံတို့ကို အတုယူကာ မိမိဘဝ ပြဿနာ အခက်အခဲဟူသမျှကို ဉာဏ်နှင့်ယှဉ်၍ မှားမှန်ကောင်းဆိုး ကြောင်းကျိုး ဝေဖန်နိုင်စွမ်းရှိအောင် အားထုတ်ကြရာသတည်း။

## မဟော်သဓာ စာတ်တော်ကြီး

နမောတဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

ပဏ္ဏာမ

မဟန္တညာဏောသဓနိဗ္ဗိသံသံ၊
သဒ္ဓမ္မသံဃပ္ပရိဝါရိတံ တံ။
မဟံ ဂရုံ ညာဏုပိတံ နမံ မံ၊
တေဇန္တုတေသံနုဘဝါပသံသံ။
ဣန္ဒဝဇိရာ၊ ဥပေန္ဒဝဇိရာနှစ်ပါးရောသော ဥပဇာတိဂါထာ

အဟံ၊ အကျွန်ုပ်သည်။ မဟန္တညာဏောသဓနိဗ္ဗိသံသံ၊ အရှင်ပစ္စေကဗုဒ္ဓါ သာဝကတို့ထက် ကဲလွန်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ သဗ္ဗညုတ ဉာဏ်တည်းဟူသော သုဒ္ဓိနတ်ဆေးကို ရပြီးသည်ဖြစ်၍၊ ဝေနေယျတို့၏ သန္တာန်၌ ကိလေသာတည်းဟူသော အဆိပ်အတောက်ကို ဖျောက်ပယ်ငြိမ်းအေးပေးတော်မူ လျက် အတုမရှိသော ဂုဏ်ကျေးဇူးအပေါင်းတို့၏ စုဝေးရာလည်း ဖြစ်တော်မူထသော။ သဒ္ဓမ္မသံဃပ္ပရိ ဝါရိတံ၊ သွက္ခာ တကာအစရှိသော ဂုဏ်တော်တို့ဖြင့် ချီးမွမ်းအပ်သော ဆယ်ပါးသောတရားတော်၊ သုပ္ပဋိပန္နတာ အစရှိသော ဂုဏ်တော်တို့ဖြင့် ချီးမွမ်းအပ်သော ရှစ်ယောက်သော ပရမတ္ထ သင်္ဃာတော်၊ သမ္မုတိသင်္ဃာတော် သန့်ရှင်းစင်ကြယ်သော သာဝကပရိသတ်၊ မြတ်သော အခြံအရံလည်း ရှိတော်မူ ထသော။ တံတာဒိသံ၊ ထိုသို့သော ဂုဏ်ဖြင့် သုံးဘုံမှန်ကင်း တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားကို။ နမံနမာမိ၊ ရှိသေစွာရှိခိုးပါ၏။ နမဿိတွာ၊ ရှိခိုးပြီး၍။ ညာဏုတံ၊ ပရိယတ္တိ ဓမ္မ၌ ရွှံ့ရှာခြင်းကင်းသော ဝိသာရဒဉာဏ်နှင့်လည်း ပြည့်စုံတော်မူထသော။ မဟံ–မဟန္တံ စင်ကြယ်စွာသော ပဋိပတ္တိနှင့် ပြည့်စုံသည် ဖြစ်၍ ပူဇော်ထိုက်သော မဟာထေရ်ကြီးလည်း ဖြစ်တော်မူထသော။ ဝါ၊ မေ၊ အကျွန်ုပ်၏။ ညာဏု ပိတံ၊ အသိဉာဏ်ကိုလည်း ပျိုးစေတော်မူတတ်ထသော။ ဂရုမ္ပိ၊ ကျေးဇူးရှင်ဆရာမြတ်ကိုလည်း။ နမံ–နမာမိ၊ ရှိသေစွာရှိခိုးပါ၏။ တေသံဗုဒ္ဓါဒိရတန ဂရူနံ၊ ထိုရှိခိုးအပ်ပြီးသော ဘုရား၊ တရား၊ သံဃာ၊ ဆရာကျေးဇူး ရှင်တို့၏ အာနုဘာဝါ သေဋ္ဌဗလာ၊ မြတ်သော အစွမ်း အာနုဘော်တော်တို့သည်။ မံ မမ၊ အကျွန်ုပ်၏၊ ညာဏဗလံ၊ ဉာဏ်အစွမ်းကို။ ပသံသံ ပသံသန္တာ၊ ချီးမြှောက်တော်မူကုန်လျက်၊ တေဇေန္တု၊ မောဟမိစ္ဆာ၊ စင်ခွာပယ်ဖျက်၊ ထက်ကြောင်း သွေးတော်မူစေကုန်သတည်း။

ဤဂါထာ၌ မဟံဟူသောပုဒ်၊ ဉာဏုပိတံ ဟူသော ပုဒ်တို့ကို အနက် နှစ်နည်းပေးသည်ကား။ အဘိန္န ပဒဝါကျ သိလေသနည်း ရသင့်သောကြောင့်ပေးသတည်း။ လေးပါဒတို့၏အဆုံး၊ အဆုံး၌ နှစ်လုံးသော အက္ခရာကို အစုံထား၍ ဖွဲ့အပ်သောကြောင့် ပါဒန္တက္ခရ ယမက ဂါထာဟု၊ အလင်္ကာနည်းယူအပ်၏။ ဤဂါထာသည် ရဝါကာ သဂ္ဂ ယုတ္တာပိ၊ မဟာသမ္ပတ္တိကာ ဟောန္တိ။ ဟူ၍ ဆန်းဋီကာ လာသည်နှင့်အညီ။ နေနတ်သားစောင့်သော ဇဂိုဏ်းနှင့်၊ အာကာသစိုးနတ်သားစောင့်သော တစ်ဂိုဏ်း၊ မိတ်သဟာယချင်း ယှဉ်၍ ဖွဲ့အပ်သောကြောင့် မဟာသမ္ပတ္တိကို ပြီးစေတတ်သောအားဖြင့် ရန်ဆူးရန်ပြောင့် နှောင့်ယှက်ပိတ်ပင်ခြင်းမရှိ၊ မငြိမတွယ် သွားတတ်သော သိကြားမင်း၏ ဝရဇိန်လက်နက်နှင့် တူသည်ဖြစ်၍ ဝဇိရဂါထာဟု ဝုတ္တော ဒယဆရာ မှည့်အပ်၏။ ဇဂိုဏ်းသည် ပုနဗ္ဗုသျှ နက္ခတ်နှင့်ယှဉ်ရကား။ ဤဂါထာကို ဖွဲ့အပ်သောဆရာ၏ လည်းကောင်း၊ ဖွဲ့အပ်သောနေ့၏ လည်းကောင်း၊ ထိုနက္ခတ်သည် ဝရစုတ် ကြိမ်သည်ဖြစ်၍ ကဗျာဗန္ဓ ဖွဲ့တတ်ကုန်သော ကဝိတို့၏ ငြူစူနှောင့်ယှက်ခြင်းအပြစ်တို့မှ လွတ်စေခြင်းငှာ လည်းကောင်း၊ တစ်ဆယ့်တစ်လုံးဘွဲ့ဖြစ်၍ မတိုမရှည် ချွတ်လွယ်ဖတ်လွယ်ခြင်း အကျိုးငှာလည်းကောင်း ဤဥပဇာတိဂါထာဖြင့် အာသီသပုဗ္ဗက ဂန္ထာရမ္ဘကို ဆိုသတည်း။ ထိုဂါထာ၏ အတ္ထနယ၊ သဒ္ဒါနယ၊ ဆန္ဒနယ စသည်တို့ကို ဆိုလျှင်ကား များစွာ၏။ စကားလိုရင်းကို မရောက်နိုင်သဖြင့် နားထောင်သူ ငြီးငွေ့၍ ကုသိုလ်မင်္ဂလာ သဒ္ဒါတရား မပွားအံ့စိုးသောကြောင့် မဆိုပြီ။

ပဏာမပြီးပြီ။

## နိဒါန်း

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူလျက် ရန်သူတကာတို့၏ မာန်ကို ပယ်နှိမ်ဖြတ်ချိုး၍ ကိုးပါးသော အမြိုက်ရေဖြင့် ဝေနေယျတို့အား သနားလေးမြတ် ဖျန်းဆွတ်ငြိမ်းဆေး ပေးတော်မူတတ်သော မြတ်စွာဘုရားသည် ကာသိတိုင်း ကောသလတိုင်းတို့၏ အခွန်ဆက်ရာ မြို့ရွာခရိုင် ရှစ်သောင်းတို့ဖြင့် တန်ဆာဆင်လျက် အစိရဝတီမြစ်ကြီး၏နဖူး၌ အထူးထူးသော အသုံးအဆောင်တို့နှင့် ပြည့်စုံစွာ မြို့တွင်း မြို့ပြင်နေ အိမ်ခြေငါးသန်းခုနစ်သိန်းတို့ဖြင့် ပြည့်လျက် သာဝတ္ထိအမည်ရှိသော ရာဇဌာနီမင်းနေပြည်ကြီး၏ မနီးမဝေး ကုလလေးတာ ငါးရာခန့်လောက် အနောက်တောင်ထောင့် ခပ်ယွန်းဦးစွန်း သဖွယ်ဖြစ်သော မြေအချက်အချာ၌ အနာထပိဏ် သူဌေးကြီး ဆောက်လုပ်ကပ်လှူအပ်သော ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ ပညာပါရမီတော်ကို အကြောင်းပြု၍ ပဥ္စလောသဗ္ဗသေနာယ အစရှိသော ဂါထာ တို့ဖြင့် တန်ဆာဆင်အပ်သော ဤ **"မဟောသဓာပဏ္ဍိတ ဇာတ်တော်ကြီး"**ကို ဟောတော်မူ၏။

အကြောင်းကား တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင် အစည်းအဝေး ဖြစ်သောအခါ မြတ်စွာဘုရား၏ ပညာတော်ကို ဤသို့ ချီးမွမ်းကြကုန်၏။ အရှင်တို့၊ လာခြင်းကောင်းသော မြတ်စွာဘုရား သည် ကြီးမြတ်သောမဟာပညာ၊ မြေကြီးအထုနှင့် ဟူသော ပုထုပညာ၊ ရွှင်လန်းသော ဟာသပညာ၊ လျင်မြန်သော ဇဝနပညာ၊ ဝရဇိန် လက်နက်ကဲ့သို့ ထက်မြက်လှစွာသော တိက္ခပညာ၊ ခဲခက်နက်နဲသော ဂမ္ဘီရပညာ၊ ယုံမှားသက်ာ မိစ္ဆာအထုံးအဖွဲ့ကို ဖြေနိုင်သော နိဗ္ဗေဓိတပညာ၊ သူတစ်ပါးတို့၏ မိစ္ဆာအယူကို နှိမ်နင်းနိုင်သော ပရပ္ပဝါဒမဒ္ဒနပညာ၊ ဤသို့သော ပညာတော်အပေါင်းတို့နှင့်လည်း ပြည့်စုံတော်မူ၏။ ထိုပညာတော်၏ အစွမ်းဖြင့် ကူဋဒန္တ အစရှိသော ပုဏ္ဏား၊ သဘိယ၊ သစ္စကအစရှိသော ပရိဗိုဇ်၊ အင်္ဂုလိမာလ အစရှိသော ဘီလူး၊ သိကြားအစ ရှိသော နတ်၊ ဗက အစရှိသော ဗြဟ္မာ၊ ဤသို့လောက၌ ထင်ရှားကုန်သော ပုဏ္ဏား၊ ပရိဗိုဇ်၊ ဘီလူး၊ နတ်၊ ဗြဟ္မာတို့၏ မာန်စွယ်ကို နုတ်ပယ် ချိုးဖြတ်လျက် မြတ်သော အဆုံးအမ တော်ကိုပေးသဖြင့် အဆိပ်အတောက်မရှိသည်ကို ပြုတော်မူ၏။ များစွာကုန်သော လူအပေါင်းတို့အားလည်း ရှင်ရဟန်းအဖြစ်ကို ပေးတော်မူ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်၌ တည်စေတော်မူ၏။ ဤသို့ ချီးမွမ်း၍ မကုန်နိုင်သော ပညာရှိတော်မူ၏ဟု နှစ်သက်ရွှင်လန်းချီးမွမ်းလျက်နေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ကြွတော်မူလတ်၍ ရဟန်းတို့၊ ယခုငါလာတော်မူသောအခါ အဘယ် စကားဖြင့်သင်တို့ အစည်းအဝေး ဖြစ်ကြကုန်သနည်းဟု မေးတော်မူ၏။ ရဟန်းတို့လည်း အရှင်ဘုရား၊ ကိုယ်တော်၏ ပညာပါရမီတော်ကို ချီးမွမ်းကြပါကုန်သည်ဟုလျှောက်လျှင် မြတ်စွာဘုရားသည် ရဟန်းတို့ ယခုအခါကား ငါဘုရားသည် သဗ္ဗညုတဉာဏ်၏ အထွတ်အမြတ်သို့ ရောက်ပြီးဖြစ်၍ ပညာတော်ကို ချီးမွမ်းခြင်း၌ အံ့ဖွယ်မဖြစ်လွန်းသေး၊ ရှေးပါရမီမရင့်သေးမီ ကာလဘဝကပင်လျှင် သဗ္ဗညုတဉာဏ်ကို

ရှာသော ငါဘုရား၏ အလောင်းတော်သည် အလွန်ပညာရှိဖူးသည်သာဖြစ်၏ဟုမိန့်တော်မူပြီးလျှင် ဖလသမာပတ်ကို ဝင်စားတော်မူလျက်နေ၏။ ထိုအခါ ရဟန်းတို့သည် ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော အရှင်ဘုရား ရှေးပါရမီ မဂ်မီကာလဘဝက ပညာရှိဖူးတော်မူသောအဖြစ်ကို ဖွင့်လှစ် ပေါ်ကြားတော်မူပါမှ သတ္တဝါအပေါင်းတို့ ချမ်းသာကြောင်း ဖြစ်ပါမည်ဟုလျှောက်ထား တောင်းပန်ကြလတ်သော် မြတ်စွာဘုရားသည် အတိတ်ကိုဆောင်၍ ဤမဟောသဓာပဏ္ဍိတဇာတ်ကို ဟောတော်မူ၏။

**ဤကား နိဒါန်းတည်း။**

## ၁။ မဟော်သဓာဖွားတော်မူခန်း

လွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိထ္ထိလာပြည်၌ ဝေဒေဟာ အမည်ရှိသောမင်းသည် မင်းပြု၏။

ထိုမင်းသည် ဝေဒေဟ အမည်တွင်သည်ကား ဝိဒေဟေ ဏ္ကသရော ဝေဒေဟော ဟူသော ဝိဂြိုလ်နှင့်အညီ ဝိဒေဟရာဇ်တိုင်းကို အစိုးရသောကြောင့် **"ဝေဒေဟ"** ဟု အမည်တွင်သတည်း။

ထိုဝိဒေဟရာဇ် မင်းကြီးအား အကျိုးအကြောင်း ကောင်း မကောင်း ရာမရာကို ဆုံးမညွှန်ပြတတ်သော မင်းတိုင်ပင်အမတ် သုခမိန်တို့ကား-

၁။ သေနက အမည်ရှိသောအမတ်

၂။ ပက္ကုသ အမည်ရှိသောအမတ်

၃။ ကာမိန္ဒ အမည်ရှိသောအမတ်

၄။ ဒေဝိန္ဒ အမည်ရှိသောအမတ်

ဟူ၍ သုခမိန်အမတ်ကြီးလေးယောက်ရှိ၏။

ထိုဝိဒေဟရာဇ်မြို့မှ မနီးမဝေး လေးမျက်နှာအရပ်တို့၌-

၁။ အရှေ့က ပါစီနယဝ မဇ္ဈဂုံးရွာ

၂။ တောင်က ဒက္ခိဏယဝ မဇ္ဈဂုံးရွာ

၃။ အနောက်က ပစ္ဆိမယဝ မဇ္ဈဂုံးရွာ

၄။ မြောက်က ဥတ္တရယဝ မဇ္ဈဂုံးရွာ

ဟူ၍ ညဦးနံနက်စျေး၊ သူဌေးသူကြွယ်၊ ကုန်သည်လယ်လုပ်၊ အုတ်အုတ်ကျက်ကျက်သော အိမ်စျေးတို့ဖြင့်နေ၍ ပျော်ဖွယ်ဖြစ်သော ရွာကြီးလေးရွာတို့သည် ရှိကုန်၏။ ထိုရွာကြီးလေးရွာတို့တွင် မြို့မှအရှေ့မျက်နှာ ပါစီနယဝမဇ္ဈဂုံးရွာ၌ သီရိဝဍ္ဎန အမည်ရှိသော သူဌေးကြီးသည် သူဌေးငယ် သူကြွယ်ဆွေမျိုးများစွာတို့နှင့် ပြည့်စုံစွာနေ၏။ သူဌေးမကား သုမနဒေဝီ အမည်ရှိ၏။ ထိုအခါ ဘုရားလောင်းသည် တာဝတိံသာနတ်ပြည်မှ စုတေခဲ့၍ သီရိဝဍ္ဎန သူဌေးကြီး၏မယား သုမနဒေဝီအမည်ရှိသော သူဌေးမဝမ်း၌ ပဋိသန္ဓေယူ၏။ ဘုရားလောင်းနတ်သားနှင့် တပေါင်းတဖော်တည်းဖြစ်သော နတ်သားတစ်ထောင်တို့သည်လည်း ဘုရားလောင်းနှင့် အတူပင်လျှင် တာဝတိံသာနတ်ပြည်မှ စုတေခဲ့၍ သီရိဝဍ္ဎန သူဌေးကြီး၏ အပေါင်းအဖော်ဆွေတော် မျိုးစပ်ဖြစ်သော သူဌေးငယ်တို့၏ အိမ်တို့၌ အသီးသီး ပဋိသန္ဓေယူကြကုန်၏။

ဘုရားလောင်း ပဋိသန္ဓေယူသည်နှင့် တစ်ပြိုင်နက်ပင်လျှင် ဝိဒေဟရာဇ် မင်းကြီး၌ ဤသို့သော အိပ်မက်မြင်မက်၏။

မင်းအား ညီလာခံရာ မြေအပြင်၌ပင်လျှင် လေးထောင့်သောအရပ်တို့၌ မြို့တံကိုင်းခန့် အမြင့်ရှိသော မီးပုံကြီးလေးပုံတို့သည် ထလတ်၍ တလျှပ်လျှပ် တထိန်ထိန် အရှိန်အဝါနှင့် တောက်ပကုန်၏။ ထိုမီးပုံကြီး လေးခုတို့၏ အလယ်၌ပင်လျှင် ပိုးစုန်းကြူးခန့်ပမာဏရှိသော မီးပုံငယ်သည် ထလတ်ပြန်၍ အလျှံကဲမိုးသဖြင့် ထိုမီးပုံကြီး လေးခုတို့ကိုလွှမ်းလျက် အထက်ဗြဟ္မာပြည်တိုင်အောင်တက်၍ စကြဝဠာတိုက်အလုံး၌ ဖုံးကွယ်တတ်သော အမိုက်မှောင်ကို အရောင်အဝါဖြင့် ပျောက်စေ၍ တောက်ပလျက် တည်၏။ ထိုမီးပုံငယ်သည် ကောင်းကင်၌ ထွန်းလင်းပြီး၍ မြေသို့တစ်ဖန် ကျလတ်ပြန်သော် မုန်ညင်းသီးပမာဏခန့်သာထင်၍ နတ်ပြည် ခြောက်ထပ်၌ ရှိကုန်သော နတ်ပရိသတ်၊ လူ့ပြည်၌ရှိကုန်သော လူပရိသတ်အပေါင်းတို့သည်လည်း ထိုမီးပုံငယ်ကို ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ကုန်၏။ မီးလျှံအတွင်း၌ လူအပေါင်းတို့သည် သွားလာကြကုန်၏။ ထိုသူတို့သည်လည်း မွေးတွင်းမျှပူရှိန်သော မည်သည်မရှိ။ ချမ်းငြိမ်းစွာလျှင် သွားလာကြကုန်၏။ ဤသို့သော အိပ်မက်ကို မင်းကြီးမြင်မက်သတည်း။

ဝိဒေဟရာဇ်မင်းကြီးသည် ဤသို့အိပ်မက်ကို မြင်ပြီးလျှင် ကြောက်လန့်တကြား နိုးလတ်သဖြင့် ထ၍ ငါ့အားအဘယ်သို့ဖြစ်လတ္တံ့သည်မသိဟု ကြံမိသောစိတ်ဖြင့် အိပ်မပျော်နိုင်။ ထိုင်လျက်ပင်လျှင် နေအရုဏ်တက်၍ လေးချက်တီးကျော် အချိန်ရှိလျှင် သုခမိန်အမတ်ကြီး လေးယောက်တို့သည် ရှေ့နောက်အစဉ်သင့် မင်းခွင့်မင်းရေး မေးလျှောက် တိုင်ပင်ဆင်ခြင်စုံစမ်းမြဲအတိုင်း နန်းတော်သို့ဝင်၍ မင်းကြီးအားခစားကြလျက် "အရှင်မင်းကြီး၊ ယနေ့ညဉ့် ကိုယ်စိတ်ချမ်းသာစွာ စက်တော်ခေါ်၍ ပျော်မွေ့ငြိမ်းအေးတော်မူပါ၏လော" ဟု သာရဏီယကထာစကား လျှောက်ထားကြကုန်၏။ ဝိဒေဟရာဇ်မင်းကြီးသည် "သုခမိန်အမတ်ကြီးတို့ ယနေ့အဘယ်မှာ ချမ်းသာစွာ အိပ်ရအံ့နည်း။ ဤသို့သော အိပ်မက်ကို ပြက်ပြက်ထင်ထင်ငါမြင်မက်တော်မူ၏" ဟု မြင်မက်တိုင်း အလုံးစုံသော အိပ်မက်ကို သုခမိန်တို့အား ပြန်ကြားလေ၏။

ထိုအိပ်မက်ကို ကြားလျှင် သေနကသုခမိန်သည် ဤသို့ဖတ်၏။ "အရှင်မင်းကြီး၊ မည်သည်ကိုမျှစိုးရိမ်တော် မမူပါလင့်။ မြင်မက်သော အရှင်မင်းကြီး အိပ်မက်တော်သည် မင်္ဂလာရှိသော အိပ်မက်တည်း။ အရှင်မင်းကြီးအား များမြတ်သော စီးပွားချမ်းသာ ဘုန်းကျက်သရေတော် တိုးတက်ရာသောအကြောင်းဖြစ်ပါသည်" ဟု လျှောက်၏။

"အရှိန်လျှံညီး မီးတောက်ကိုစင်မြင်မက်သည် ဖြစ်လျက်အဘယ်ကြောင့် ချမ်းသာရာ ဖြစ်မည်ဟုသင်ဖတ်သနည်း။ အကြောင်းအကျိုးစပ်၍ အတပ်သိသာအောင်ဖတ်လော့" ဟု မင်းကြီးဆို၏။

သေနကသုခမိန်သည် "အရှင်မင်းကြီး မီးတောက်မီးလျှံ ဟူသည်ကား ဉာဏ်ပညာဘုန်းကျက်သရေပင်ဖြစ်သည်။ အိပ်မက်တော်၌ မီးပုံကြီးလေး ပုံကို မြင်မက်တော်မူသည်ကား အကျွန်ုပ်တို့ အမတ်ကြီးသုခမိန်လေးယောက်တို့သည် တိုင်းရေး၊ နိုင်ငံရေး၊ အရှင့်အရေးတော်တို့၌ မြေးယှက်မိုက်မှောင် ကင်းလျက်ထွန်းလင်းသောပညာဖြင့် စိတ်ဖြာခွဲခြမ်း ဝေဖန်စီရင်တတ်သော အမတ်ကြီးများ ဖြစ်ကြသည်နှင့်လျော်စွာအကျွန်ုပ်တို့ သုခမိန်လေးယောက်ကို ရည်၍မြင်မက်တော်မူသည်။ ထိုမီးပုံကြီးတို့၏ အလယ်၌ ပိုးစုန်းကြူးခန့်ပမာဏရှိသော မီးပုံငယ်ကို မြင်မက်တော်မူသည်မှာ ပါရမီတော် ဘုန်းတော်ကြောင့် အသစ်ပညာရှိ

တစ်ယောက် ပေါ်ထွန်းမည့်အကြောင်း ဖြစ်ပါသည်။ ထိုပညာရှိသည် အကျွန်ုပ်ကို့ သုခမိန်လေးယောက်တို့ကိုလွှမ်း၍ နတ်နှင့်တကွသော လူ့၌အတုမရှိ မိမိကျေးဇူးပညာဂုဏ်ဖြင့် ကျော်စောထင်ရှားစွာ ဖြစ်မည်ကား မချွတ်ရာပြီ" ဟု အိပ်မက်ကို ဖတ်ကြားလျှောက်ထား၏။ ဝိဒေဟရာဇ်မင်းကြီးသည် သေနကသုခမိန်စကားကို ကြားလျှင် နှစ်သက် ဝမ်းမြောက်ခြင်းဖြင့် "အမတ်ကြီးသုခမိန်၊ ယခု သင်ဖတ်သော ပညာရှိသုခမိန်သည် အဘယ်မှာရှိမည်နည်း" ဟု မေး၏။ သေနကအမတ်ကြီးသည် မိမိသင်အပ်သော ဗေဒင်ကျမ်း၊ နေမိတ္တကကျမ်းတို့၌ ထွက်သည့်အတိုင်း နတ်မျက်စိကို ရသကဲ့သို့ မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်း မြင်၍ "အရှင်မင်းကြီး၊ ယခုဤပညာရှိသည် ပဋိသန္ဓေ ယူဆဲသော်လည်း ဖြစ်ရာသည်။ ဖွားဆဲသော်လည်း ဖြစ်ရာသည်" ဟု လျှောက်၏။ ဝိဒေဟရာဇ်မင်းကြီးသည် ထိုအိပ်မက် မြင်သည့်နေ့မှစ၍ သေနက အမတ်ကြီးစကားကိုသာလျှင် တစ်နေ့မပြတ် အောက်မေ့လျက်နေ၏။ သုမနဒေဝီ သူဌေးမသည်လည်း ကိုယ်ဝန်ဆောင်ခြင်းဖြင့် ဆယ်လမြောက်လတ်သော် ဘုရားလောင်းကို ဖွားမြင်၏။ ထိုဘုရားလောင်း ဖွားမြင်သော ခဏ၌ပင်လျှင် သိကြားမင်းသည် လူပြည်ကို ရှုကြည့်လက်သော် ဘုရားလောင်း သတို့သား ဖွားမြင်သောအဖြစ်ကို မြင်လတ်၍ သတို့သားဘုရား အညွန့်ကို နတ်နှင့်တကွသော လူ၌ငါသည် ထင်ရှားစေခြင်းကို ပြုထိုက်လှ၏ဟု မထင်ရှားသော ကိုယ်ဖြင့်လာလတ်၍ ဘုရားလောင်း ဖွားစခဏဝယ် တစ်ခုသော ဆေးတုံးကို ဘုရားလောင်းသတို့သား၏ လက်ပေါ်၌ထားပြီးလျှင် မိမိနေရာ တာဝတိံသာ နတ်ပြည်သို့ သွားလေ၏။

ဘုရားလောင်းသည် ထိုနတ်ဆေးတုံးကို လက်ဖြင့်ကိုင်ဆုပ်လျက်နေ၏။ မယ်တော် သုမနဒေဝီ၌လည်း တစ်ပါးသော သူတို့ကဲ့သို့ သားဖွားခြင်း ဆင်းရဲသည် တစိုးတစိမျှမရှိ။ ဓမကရိုဏ်ရေစစ်မှ ထွက်သောရေကဲ့သို့ သန့်ရှင်းစင်ကြယ်စွာ ချမ်းသာသဖြင့်ဖွား၏။ မယ်တော်သုမနဒေဝီသည် သတို့သားငယ်၏ လက်၌ဆေးတုံးကိုမြင်လျှင် "ချစ်သား အဘယ်မှ ရသနည်း" ဟုဆို၏။ ဘုရားလောင်း သတို့သားငယ်သည် "မိခင်ဤကား နတ်ဆေးတုံးတည်း။ မိခင်ယူလော့။ တစ်စုံတစ်ခုသော အကြောင်းဖြင့် မကောင်းသော အနာရောက်၍ မပျောက်နိုင်ကုန်သော သူတို့အား ဤဆေးကို သွေး၍လိမ်းစေလော့" ဟု ဆိုလျက် မယ်တော် လက်ပေါ်၌ထား၏။ မယ်တော်သုမနဒေဝီလည်း ထိုအကြောင်းကို သူဌေးကြီးအား ဝမ်းမြောက်ဝမ်းသာပြော၏။ ထိုသိရိဝဍ္ဍနသူဌေးကား ခုနစ်နှစ်ရှိပြီးသော ဦးယဉ်းခေါင်းခဲနာသည်ရှိ၏။ သူဌေးကြီးသည် သုမနဒေဝီ သူဌေးမစကားကိုကြားလျှင် အလွန်ဝမ်းမြောက် ဝမ်းသာလျက် ဤငါ၏သားငယ်သည် အမိဝမ်းမှ ဖွားစကပင်လျှင် ဆေးတုံးကို ကိုင်၍ဖွား၏။ ဖွားပြီးလျှင်လည်း အမိနှင့် စကားပြော၏။ ဤသို့သော အခြင်းအရာသည် သူတစ်ပါးဘုန်းနည်းသော သူတို့၌ မဖြစ်ရာ။ ငါ့သားငယ်၏ ပါရမီကြောင့် ဘုန်းတန်ခိုး ကြီးကုန်သော သူတို့သည် ဤဆေးတုံးကိုပေးသည် ဖြစ်ရာ၏။ ဤဆေးတုံးသည်လည်း အာနုဘော်ရှိရာ၏ဟု ယုံကြည်သဖြင့် ထိုဆေးတုံးကို ကျောက်ပျဉ်၌သွေး၍ အတန်ငယ် မိမိနဖူးပြင်၌လိမ်း၏။ ထိုလိမ်းသော ခဏ၌ပင်လျှင် ခုနစ်နှစ်စွဲရောက်၍ မပျောက်နိုင်သော ဦးယဉ်းခေါင်းခဲနာသည် ပဒုမ္မာကြာရွက်မှ လျှောကျသော ရေပေါက်ကဲ့သို့ ပျောက်ကင်းလွတ်ငြိမ်းခြင်းသို့ ရောက်လေ၏။ သူဌေးကြီးသည် မိမိ၌အနာပျောက်လျှင် ဤဆေးတုံးသည် အလွန်အာနုဘော်ရှိစွဟု လွန်စွာနှစ်သက်ဝမ်းမြောက်ခြင်းဖြစ်၍ ဘုရားလောင်းသတို့သား၏ ဆေးတုံးကို

ကိုင်လျက်ဖွားသောအဖြစ်သည် ဇနပုဒ်မြို့ရွာ ရှစ်မျက်နှာသော အရပ်တို့၌ ကျော်စောထင်ရှားခြင်းဖြစ်၏။ မည်သည့်အနာမဆို ခပ်သိမ်းကုန်သော လူအပေါင်း တို့သည် မိမိတို့၌ စွဲရောက်လျှင် သူဌေးကြီးအိမ်သို့သာ ဆေးတောင်းသွားကြကုန်၏။ သီရိဝဍ္ဍနသူဌေးကြီးသည်လည်း ထိုရောက်လာကုန်သော သူနာတို့အား ဆေးတုံးကို ကျောက်ပျဉ်၌သွေးပြီးလျှင် များစွာသောရေ၌ ဆေးရည်အငွေ့နံ့မျှ ဖျော်၍ပေး၏။ ထိုနတ်ဆေးကို အတန်ငယ်မျှ ရှူရလိမ်းရကုန်သော သူနာတို့သည် အနာမရှိ ပကတိသော ကိုယ်အဖြစ်သို့ရောက်သဖြင့် သီရိဝဍ္ဍန အမည်ရှိသော ရှင်သူဌေးအိမ်၌ရှိသော ဆေးတုံးသည် အလွန်အာနုဘော်ရှိပေစွဟု ဝမ်းမြောက်ဝမ်းသာချီးမွမ်း၍ သွားကြလေကုန်၏။

ဘုရားလောင်း သူဌေးသားအား အမည်မှည့်အံ့သောနေ့၌ ခမည်းတော် သူဌေးကြီးသည် ငါ့သားအား တစ်ပါးသောသားတို့မှာကဲ့သို့ အဘိုး၏အမည်စသည်ဖြင့် အမည်မမှည့်ထိုက်။ ဖွားစကာလ၌ ဆေးတုံးကို ကိုင်၍ ဖွားသောကြောင့် ထိုဆေး၏အမည်ဖြင့်မင်လျှင် ငါ့သား၏အမည်ကို ဖြစ်စေအံ့ဟု ကြံလျက် မဟောသဓသတို့သားဟူသော အမည်ကိုမှည့်၏။ သီရိဝဍ္ဍနသူဌေးအား ဤသို့သော အကြံသည် လည်းဖြစ်၏။ ငါ့သားသည် ဘုန်းအာနုဘော်ရှိသောသားတည်း။ တစ်ယောက်တည်းသာ ဖြစ်ရာသည်မဟုတ်။ ငါ့သားနှင့် အတူ ဖွားဖက်တော်သူငယ်တို့သည်လည်း ရှိရာ၏ဟု အကြံဖြစ်၍ ရှာကြည့်မေးမြန်း စေသော် တစ်ထောင်ကုန်သော သူဌေးသားတို့သည်လည်း မဟောသဓသတို့သားနှင့် ဖွားဖက်တော်၏ အဖြစ်ကိုသိပြီးလျှင် ထိုသတို့သားငယ် တစ်ထောင်တို့အား အထိန်းတစ်ယောက်စီနှင့်တကွ ဆင်ရန်တန်ဆာအစုံပေး၍ ငါ့သား မဟောသဓ၏ အခြံအရံ အလုပ်အကျွေး သူငယ်ဖော် ဖြစ်စေကုန်လော့ဟု သူငယ်ဖော်တစ်ထောင်နှင့်တကွ ဘုရားလောင်းအား မင်္ဂလာရှိရာအရပ်၌ အတင့်အတယ်ခံခြင်း မင်္ဂလာကို ပြုစေ၏။ နေ့တိုင်းနေ့တိုင်း မဟောသဓသတို့သားကို တန်ဆာဆင်၍ ထိုမင်္ဂလာပြုရာအရပ်၌ ထား၏။ အထိန်းတို့သည်လည်း ဖွားဖက်ဖြစ်သော သူငယ်တစ်ထောင် တို့ကို တန်ဆာဆင်၍ မဟောသဓ၏ အခြံအရံအလို့ငှာဆောင်ခဲ့ကြကုန်၏။

ဘုရားလောင်း မဟောသဓကုမာရ သူဌေးသားသည် ဤဖွားဖက် သူငယ်ဖော်တစ်ထောင်တို့နှင့် ကစားရွှင်ပျော်လျက် ကြီးလတ်၍ ခုနစ်နှစ်အရွယ်သို့ ရောက်လတ်သော် ရွှေဆင်းတုကဲ့သို့ ရှုချင်စဖွယ်သော အရောင်အဆင်းနှင့် ပြည့်စုံသည်ဖြစ်၏။ ဘုရားလောင်း မဟောသဓကုမာရ သူဌေးသားသည်ဖွား၍ ခုနစ်နှစ်မြောက်သောအခါ ရွာလယ်၌ ကစားရာဖြစ်သော မြေတလင်းသည် ဆင်၊ မြင်း၊ ကျွဲ၊ နွား သွားလာခြင်းဖြင့် ပျက်၏။ လေနေပူ တံလျှပ်ခတ်သဖြင့်လည်း သတို့သားငယ်တို့သည် ပင်ပန်းကုန်၏။ တစ်နေ့သ၌ သူငယ်ဖော် တစ်ထောင်တို့နှင့် ဘုရားလောင်းသည် ကစား၍နေစဉ် တိမ်ထပ်တိမ်လိပ်ရိပ်ညို ထစ်ကြိုးမိုးကြီး တက်လတ် သဖြင့် ဘုရားလောင်းသည် ဆင်ပြောင်ကြီး၏အားနှင့်တူသောအားဖြင့် လျင်စွာပြေး၍ တစ်ဆောင်သော ဇရပ်သို့ဝင်၏။ ဖွားဖက်သူငယ်တော် တစ်ထောင်တို့သည်လည်း ဘုရားလောင်း၏နောက်မှ တစ်ယောက်ကို တစ်ယောက် လွန်မြောက်အောင် မပြေးနိုင်ကြသဖြင့် အချင်းချင်း တိုက်မိ၍ ဦးဆိုက်နောက်ပြန် နံစောင်တချို့ မြေ၌လဲခြင်းကြောင့် ဆောင့်မိသည်ဖြစ်၍ ပုဆစ်၊ ဒူး၊ နဖူး၊ တင်သား၊ ကျောနံရိုး စသည်တို့၌ ကွဲပြတ်စုတ်ရှ ပွန်းတီးခြင်းသို့ရောက်ကုန်၏။

# ခက်ဆစ်အဖွင့်

၁။ ဝိဒေဟရာဇ် = ဝိဒေဟရာဇ်တိုင်း။

၂။ မိထိလာ = မိထိလာပြည်။

၃။ ပါစီနယဝ မဇ္ဈဂုံးရွာ = အရှေ့ မုယောကွင်းလယ်ရွာကြီး။

၄။ ဒက္ခိဏယဝ မဇ္ဈဂုံးရွာ = တောင် မုယောကွင်းလယ် ရွာကြီး။

၅။ ပစ္ဆိမယဝ မဇ္ဈဂုံးရွာ = အနောက် မုယောကွင်းလယ်ရွာကြီး။

၆။ ဥတ္တရယဝ မဇ္ဈဂုံးရွာ = မြောက် မုယောကွင်းလယ် ရွာကြီး။

၇။ အုတ်အုတ်ကျက်ကျက် = ဆူဆူညံညံ။ ကျယ်ကျယ်လောင်လောင်။

၈။ သိရိဝဍ္ဎန = ကျက်သရေ တိုးပွားသော သူဌေး။

၉။ သုမနဒေဝီ = စိတ်ကောင်းရှိ၍ သုမနဒေဝီမည်သော သူဌေးကတော်။

၁၀။ တာဝတိံသာ = နတ်ပြည်ခြောက်ထပ်တွင် ဒုတိယမြောက်အထပ်။ (သုံးကျိပ်သုံးယောက်သော နတ်တို့၏ နေရာဘုံ။)

၁၁။ စုတေ = သေသည်။

၁၂။ ပဋိသန္ဓေ = ကိုယ်ဝန်။

၁၃။ ညီလာခံရာ = ရှင်ဘုရင်က မှူးကြီးမတ်ရာ သေနာပတိတို့နှင့် ပြုလုပ်သော အစည်းအဝေး ကျင်းပရာ။

၁၄။ တလျှပ်လျှပ် = ထိန်ထိန်လင်းလင်း။ ထွန်းထွန်းတောက်တောက်။

၁၅။ အလျှံ = နေ မီး ကျောက်သံ ပတ္တမြား စသည်တို့၏ ပြောင်လက် တောက်ပသော အဆင်းအရောင်။

၁၆။ ဗြဟ္မာ = နတ်ပြည်ခြောက်ထပ်၏ အထက်ဘုံ၌ ရုပ် နာမ်တွဲလျက်သော်လည်းကောင်း၊ ရုပ်သက်သက် နာမ်သက်သက်သော် လည်းကောင်း ဖြစ်တည်သည်ဟု ကျမ်းဂန်၌ ဖော်ပြသောပုဂ္ဂိုလ်။

၁၇။ စကြဝဠာတိုက် = နေ၊ လ၊ နက္ခတ်တာရာစသော သဘာဝအလျောက် ဖြစ်ပေါ်တည်ရှိနေသော အရာခပ်သိမ်း။ ကမ္ဘာလောက။

၁၈။ မွေးတွင်း = လူ၏ကိုယ်တွင်အနှံ့ပေါက်သော အမွေးနုတွင်း။ အမွေးနုပေါက်ရာ အရေပြားချိုင့်တွင်း။

၁၉။ အရုဏ်တက် = နေ၏အလင်းရောင် စတင်ထွက်ပေါ်သည်။ ရောင်နီပေါ်သည်။

၂၀။ စက်တော်ခေါ် = မင်း မိဖုရားစသည်တို့ အိပ်စက်သည်။

၂၁။ သာရဏီယကထာ = အသက်ထက်ဆုံး မြဲစွဲအောက်မေ့ထိုက်သော စကားကြီး စကားကောင်း။

၂၂။ ပြက်ပြက်ထင်ထင် = သေချာစွာ။ မျက်မြင်ထင်ရှားစွာ။

၂၃။ အလုံးစုံ = ခပ်သိမ်း။ အားလုံး။

၂၄။ အရှိန်လျှံညီး = မီးတောက်အား ဖြာထွက်တောက်ပလင်းထိန်သည်။

၂၅။ အတပ် = သေချာစွာ။

၂၆။ မြေးယှက် = အရောင်အားနည်းစွာ။

၂၇။ အတုမရှိ = ပြိုင်ဘက်ကင်းမဲ့သည်။

၂၈။ မချွတ် = ဧကန်မုချ။ မလွဲမသွေ။

၂၉။ ဗေဒင်ကျမ်း = မွေးရက်၊ မွေးနေ့၊ မွေးချိန်တို့ကို အခြေခံတွက်ချက်လျက် အတိတ် အနာဂတ် ဖြစ်ရပ်တို့ကို ဟောပြောနိုင်သော အတတ်ပညာ ဆိုင်ရာကျမ်း။

၃၀။ နေမိတ္တကကျမ်း = နိမိတ်ဖတ်ဖို့ အတတ်ကို ပြသောကျမ်း။

၃၁။ အောက်မေ့ = ဆင်ခြင်စဉ်းစားသည်။ နှလုံးသွင်းသည်။

၃၂။ တစိုးတစိ = အနည်းငယ်။

၃၃။ ဓမကရိုဏ် = ရဟန်းများဆောင်သည့် ရေစစ်တစ်မျိုး။

၃၄။ ဦးယဉ်းခေါင်းခဲ = ဦးခေါင်းထိုးကျဉ် ကိုက်ခဲသည့် ရောဂါ တစ်မျိုး။

၃၅။ ပါရမီ = သံသရာတစ်ဖက်ကမ်းသို့ ကူးမြောက်ကြောင်းအကျင့်။ အကြိမ်များစွာဆည်းပူးထားသော အလေ့အကျင့်။

၃၆။ အာနုဘော် = ဘုန်းတန်ခိုး။ စွမ်းရည်။

၃၇။ ပဒုမ္မာကြာ = ကြာမျိုးငါးပါး အပါအဝင်ဖြစ်၍ အများအားဖြင့် ပန်းရောင်အသွေးရှိလျက် အပွင့်ကြီးသောကြာ။ (ရိုးတံမှာ၍ ဆူးရှိသည်။)

၃၈။ ဇနပုဒ် = ကျေးရွာ။ တောရွာ။ ရွာသိမ်ရွာငယ်။

၃၉။ ဖွားဖက် = တစ်စုံ တစ်ဦးနှင့် တစ်ချိန်တည်း သို့မဟုတ် တစ်နေ့တည်း ပြိုင်၍ ဖွားမြင်သူ။

၄၀။ အခြံအရံ = ခြွေရံသင်းပင်း။

၄၁။ အလုပ်အကျွေး = အစေအပါး။ အခိုင်းအစေ။

၄၂။ ကုမာရ = သူငယ်၊ မင်းသားငယ်။

၄၃။ တံလျှပ် = နေ၏အပူရှိန်ကြောင့် မြေထက်တွင် ရေပြင်ပမာ တလှူပ်လှူပ် ပေါ်နေသော အရိပ်အရောင်။

၄၄။ ထစ်ကြိုး = မြည်ဟည်းသည်။

၄၅။ ဆင်ပြောင် = အရွယ်ရောက်ပြီးသော ဆင်ထီး။

၄၆။ ဦးဆိုက်နောက်ပြန် = ဦးခေါင်းစောက်ထိုး၊ ထက်အောက် ပြောင်း ပြန် ဖြစ်လျက်။

၄၇။ ပွန်းတီး = ထိခိုက်ပွတ်တိုက်မိခြင်းကြောင့် စုတ်ပြတ်ပြုတ်ထွက်သည်။

## ၂။ ဇရပ်ဆောက်ခန်း

ထိုအခါ ဘုရားလောင်းသည် ဤသို့သော အကြံဖြစ်၏။ ငါတို့၏ ပျော်ပါးကစားရာ ဖြစ်သော မြေတလင်းသည် ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည် သွားလာခြင်းကြောင့် ငြောင့်ခလုတ်သည် ထူထပ်၏။ လေ၊ နေပူ၊ တံလှပ်တို့ ခတ်သဖြင့်လည်း ငါတို့ပင်ပန်းကုန်၏။ မိုးရွာသဖြင့်လည်း ရွှံ့နှင့်မကင်း တလင်းမသန့်၊ ပြန့်ပြန့်ပြူးပြူး မြူးထူးပျော်ပါး မကစားရသည်လည်း ဖြစ်ကုန်၏။ ထိုသို့ဖြစ်၍ ဤအရပ်၌ ကစားရန် ဇရပ်ဆောက်အံ့သောငှာအပ်၏ဟု ကြံပြီးလျှင် ဖွားဖက်ရွှေဖော် သူငယ်တစ်ထောင်တို့ကို "အချင်းတို့ ဤအရပ်၌ ငါတို့ ယခုကစားရသည်ကား မိုးလေနေပူတံလှပ် လာလတ်သော် အလွန်ပင်ပန်းကြကုန်၏။ ထိုဘေးရန်အပေါင်းတို့ကို တားမြစ်စေခြင်းငှာ ငါတို့ကစားရာ ဇရပ်ဆောက်ရသော်ကောင်း၏။ ဇရပ် ဆောက်လုပ်ရန် တစ်ယောက်လျှင် အသပြာတစ်ကျပ်စီ ဆောင်ယူစုပေါင်းကြလော့" ဟုဆို၏။ ဖွားဖက်တော် တစ်ထောင်တို့လည်း ဘုရားလောင်းဆိုတိုင်းပင်လျှင် မိမိတို့အိမ်မှ တစ်ကျပ်စီဆောင်ယူ စုပေါင်းကြသဖြင့် အသပြာတစ်ထောင်စုမိပြီးသော် ဘုရားလောင်းသည် ဗိသုကာမှူ အစီအရင်၌ ကျွမ်းကျင်လိမ္မာ ထင်ရှားစွာသော ဗိသုကာဆရာကြီးကို ခေါ်စေ၍ ရောက်လျှင် "ဆရာကြီး၊ ဤအသပြာတစ်ထောင်ကို အခပေးအံ့။ လက်ခဥစ္စာနှင့် တန်အောင် ဤအရပ်၌ ဇရပ်တစ်ဆောင်ကို ဆရာကြီးဆောက်လော့" ဟု ဆို၍ အသပြာ တစ်ထောင်ကို လက်သမားကြီးအားပေး၏။ ဗိသုကာကြီးလည်းကောင်းပြီ ဆောက်အံ့ဟု ဝန်ခံ၍ အသပြာ တစ်ထောင်ကို ယူပြီးလျှင် ဇရပ်ဆောက်ရာ မြေအရပ်၌ ဆူးငြောင့်ခလုတ်တို့ကို နုတ်ပယ်လျက် ညီညွတ်စွာ ညှိပြီးသော် မိမိတတ်သမျှသော ပညာအစွမ်းဖြင့် ဆန်းဆန်းကြယ်ကြယ် တင့်တယ်လျောက်ပတ်ကြောင်း ကောင်းစွာ တံမျဉ်းကြိုးကိုခင်း၏။ မဟော်သဓာသတို့သားသည် ဗိသုကာကြီး၏ တံမျဉ်းကြိုးအခင်းကို မနှစ်သက်သည်ဖြစ်၍ "ဆရာကြီး၊ ဤသို့ မခင်းလင့် အသစ်ပြင်၍ ခင်းဦးလော့" ဟုဆို၏။ လက်သမား ကြီးလည်း "အရှင့်သား ဤတံမျဉ်းကြိုးအခင်းကား ကျွန်ုပ်တတ်သမျှ ပညာစွမ်းဖြင့် စီရင်အပ်သော အခင်းပင်ဖြစ်သည်။ ဤထက်လွန်၍ ဆန်းကြယ်လျောက်ပတ်သော အရာကို ကျွန်ုပ်မတတ်ပြီ" ဟုဆို၏။

ထိုအခါ မဟော်သဓာ သတို့သားသည် "ဆရာကြီး၊ ဤမျှလောက်သော ဗိသုကာအတတ်ဖြင့် ငါတို့ ဥစ္စာတစ်ထောင်ကို ယူလျက် ဇရပ်ကိုဆောက်အံ့ဟု ဝန်ခံလေသည်။ အဘယ်သို့ သင်ဖြစ်အံ့နည်း" ဟု ဆိုပြီးလျှင် "တံမျဉ်းကြိုးကို ယူချေ။ ငါခင်း၍ပေးအံ့" ဟု ဘုရားလောင်း အသစ်ပြင်၍ တံမျဉ်းကြိုးကို ခင်းပြန်၏။ ထိုအခင်းသည် ဝိသကြုံနတ်သားခင်းသကဲ့သို့ အဆန်းတကြယ် တင့်တယ်စွာဖြစ်၏။ ထိုသို့ တံမျဉ်းကြိုးခင်းပြီးသော် ဗိသုကာကြီးကို "ဆရာကြီး၊ သင် ဤသို့ခင်းနိုင်ပါအံ့လော" ဟု ဆို၏။ ဗိသုကာကြီးလည်း "အရှင့်သား၊ ကျွန်ုပ် မတတ်" ဟု ဆိုလျှင် ဘုရားလောင်းသည် "ဤတစ်ခုတည်းသော ဇရပ်တွင်ပင် ဤအရပ်၌ ကိုးကွယ်ရာ မရှိကုန်သော ခရီးသွားဧည့်သည်တို့၏ နေရာဖြစ်စေ။ ဤအရပ်၌ ကိုးကွယ်ရာမရှိကုန်သော ခရီးသွား ကိုယ်ဝန်ဆောင်မိန်းမတို့၏ သားဖွားရာဖြစ်စေ။ ဤအရပ်၌ အာဂန္တုကဖြစ်သော ရဟန်းပုဏ္ဏားတို့၏ နေရာ ဖြစ်စေ။ ဤအရပ်၌ ခရီးသွား လူဧည့်သည်တို့၏ နေရာဖြစ်စေ။ ဤအရပ်၌ လှည်းကုန်သည် ခြေကုန်သည်တို့၏

ဘဏ္ဍာထားရာဖြစ်စေ။ ဤအရပ်၌ ငါ့တို့ကစားရာတလင်း ဖြစ်စေ။ ဤအရပ်၌ တရား စီရင်ရာသဘင် ဖြစ်စေ" ဟု အလုံးစုံသော အရာတို့ဖြင့် ပြင်သို့တံခါးဝထား၍သာလျှပ် နှစ်ရက်သုံးရက်ဖြင့် ပြီးအောင် ဗိသုကာကြီးကို ဆောက်လုပ်စေ၏။

ဇရပ်ဆောက်လုပ်ပြီးသော် ဆေးခြယ်ဆေးရေး အတတ်၌ ထင်ရှားကုန်သော ပန်းချီသမားတို့ကို ခေါ်၍ "ဤအရပ်၌ ဤမည်သောဆေးဖြင့် ဤမည်သော အရုပ်၊ ခြူးပန်း၊ ခြူးနွယ် ပန်းအိ ပန်းထပ် စသည် တို့ကို ထားလော့" ဟု ဘုရားလောင်းသည်သာလျှင် စီရင်၍ အလုံးစုံသောဇရပ်ကို ဆေးခြယ်စေ၏။ ထိုဇရပ်သည် တာဝတိံသာနတ်ပြည်၌ သုဓမ္မာဇရပ်ကဲ့သို့ လျောက်ပတ်ဆန်းကြယ် အလွန်တင့်တယ်စွာ ဖြစ်၏။ ဤသို့ ဆောက်လုပ်စီရင်ပြီးသော ဇရပ်သည် ဤမျှဖြင့် မတင့်တယ်သေး။ ဇရပ်အနီး၌ ရေကန်တစ်ခုတူးရသော် သာ၍တင့်တယ်ဖွယ် ရှိသေး၏ဟုကြံလျက် ဘုရားလောင်းသည် ဇရပ်အနီး၌ လေးတောင့်ကန်ကြီးကို တူးစေပြီးသော် ပန်းရန်အမှု၌ လိမ္မာသော ပန်းရန်ဆရာကြီးကိုခေါ်၍ ဘုရားလောင်းသည်သာလျှင် စီရင်လျက် အကောက်တစ်ထောင်၊ ရေဆိပ်တစ်ရာရှိသော ရေကန်ကြီးကို ပြုစေ၏။ ထိုရေကန်သည် တာဝတိံသာနတ်ပြည်၌ ကြာမျိုးငါးပါးတို့ဖြင့် လွှမ်းအပ်သော နန္ဒာရေကန်ကဲ့သို့ နှစ်လိုဖွယ်ဖြစ်၏။ ထိုရေကန်နား ထက်ဝန်းကျင် အရပ်တို့၌လည်း အသီးအပွင့်တို့ကို ဆောင်ကုန်သော သစ်ပင်တို့ကို စိုက်ပျိုးစေသဖြင့် ဥယျာဉ်ပြုစေ၏။ ထိုဥယျာဉ်သည် တာဝတိံသာနတ်ပြည်၌ နန္ဒဝန်ဥယျာဉ်ကဲ့သို့ နှလုံးမွေ့လျော် ပျော်ဖွယ်ရာဖြစ်၏။ ထိုဇရပ်သို့ ရောက်လာကုန်သော တရားစောင့်သော ရဟန်းပုဏ္ဏားတို့အားလည်းကောင်း၊ ဧည့်သည်ဖြစ်သော လူတို့အားလည်းကောင်း၊ ထိုသူတို့နှင့်လျော်စွာသော ဒါနဝတ်ကိုလည်း ဖြစ်စေ၏။ ဤသို့စီရင်အပ်သော ဘုရားလောင်း၏ အမှုအရာ ကောင်းစွာသော ဂုဏ်သတင်းသည် အရပ်ထက်ဝန်းကျင်တို့၌ ကျော်စောထင်ရှားသည်ဖြစ်၏။ ထိုသို့သော ရွာနိဂုံးမြို့တို့၌နေကုန်သော လူအပေါင်း တို့သည်လည်း ဇရပ် ၊ ရေကန် ၊ ဥယျာဉ် ၊ သူဌေးသား၏ အမှုအရာတို့ကို ကြည့်ရှုဖူးမြင်ခြင်းငှာ လာလတ်ကုန်၏။

ဘုရားလောင်းသည်လည်း ထိုဇရပ်၌နေလျက် ရောက်လာကုန်သောသူတို့အား အကြောင်းအကျိုးနှင့်စပ်သော စကားကိုလည်းကောင်း၊ သင့်သည် မသင့်သည်ကိုလည်းကောင်း ကောင်းစွာဆုံးဖြတ်ပြောဟော၏။ ထိုအခါ ဝိဒေဟရာဇ်တိုင်းသည် ဘုရားပွင့်တော်မူသော အခါကဲ့သို့ များသောအားဖြင့် ဟုတ်မှန်သော တရားအကျင့်တို့၌သာ တည်ကုန်၏။

ဤကား ဘုရားလောင်း မဟော်သဓာသတို့သားသည် ခုနစ်နှစ်အရွယ် ရောက်ဦးကပင်လျှင် ကောင်းသော ပညာကျေးဇူး အထူးဖြစ်သည်ကို ဆိုသောစကားတည်း။

# ခက်ဆစ်အဖွင့်

၁။ ပြောင့်ခလုတ် = မြေ၌ ပေါ်ထွက်နေသော ဆူးချွန်၊ ခြေနှင့် တိုက်မိ ထိငြိတတ်သော အငုတ်။

၂။ ဗိသုကာမှု = ဆောက်လုပ်မှုဆိုင်ရာ အတတ်ပညာ။

၃။ တံမျဉ်းကြိုး = မျဉ်းချရသောကြိုး၊ လက်သမားသုံးအတိုင်းအတာကြိုး။

၄။ လျော်ကပ်ပတ် = သင့်တင့်သော။ ထိုက်တန်သော။

၅။ အာဂန္တုက = ဧည့်သည်။

၆။ ဘဏ္ဍာ = ပစ္စည်းဥစ္စာ။

၇။ ခြူးပန်းခြူးနွယ် = အပင်၊ အနွယ်၊ အခက်၊ အရွက်၊ အဖူး၊ အပွင့်၊ အညွန့်၊ အညှောက်၊ အသီးအနှံတို့ သဏ္ဍာန်ရစ်ပတ် ခွေညွတ်ထွေးယှက်ကာ ပြုလုပ်ထားသော အပြောက်တန်ဆာမျိုး။

၈။ ပန်းအိ = ပန်းပုလက်ရာတွင် နွဲ့ပျောင်းသော ပန်းလက်ရာ။

၉။ သုဓမ္မာ = တရားသဘင်။

၁၀။ ဗီရင် = ပြုလုပ်သည်။ ဖန်တီးသည်။

၁၁။ နန္ဒာရေကန် = နှစ်သက်ဖွယ်ရှိသော နန္ဒာနတ်သမီး၏ ရေကန်။

၁၂။ နန္ဒဝန်ဥယျာဉ် = နှစ်သက်ဖွယ်ကောင်းသောဥယျာဉ်။

၁၃။ ဒါနဝတ် = လှူရန်ဝတ္ထုကို အမြဲပြုစု တည်ထားသောဝတ်။

၁၄။ နိဂုံး = ကျေးလက်တောရွာ။

# ၃။ အိပ်မက်အရ ပညာရှိကို ရှာခန်း

ဝိဒေဟရာဇ်မင်းကြီးသည်လည်း ထိုအိပ်မက် မြင်မက်သည်မှ ခုနစ်နှစ်ရှိပြီးသော် ဤသို့အကြံ ဖြစ်၏။ ငါ၏ အမတ်သုခမိန်လေးယောက်တို့သည် မိမိတို့ကိုလွန်၍ ငါးယောက်မြောက် ဖြစ်သောပညာ ရှိသည် ပေါ်လတ္တံ့ဟု ငါ၏အိပ်မက်ကို ဖတ်ကြားလျှောက်ထားကြကုန်၏။ ထိုပညာရှိသည် ယခု အဘယ်အရပ်၌ ရှိလိမ့်အံ့နည်းဟု အောက်မေ့လျက် အမတ်လေးယောက်ကိုခေါ်၍ "ငါ၏အိပ်မက်ကို သုခမိန် အမတ်တို့က ပညာရှိပေါ်မည်ဟု ဖတ်ကြကုန်သည်။ သင်တို့ ယခု ထိုသုခမိန်တို့ဖတ်သော ပညာရှိကို အရပ်လေးမျက်နှာတို့၌ အသီးသီးရှာကြရမည်" ဟု တစ်ယောက်စီ တံခါးလေးမျက်နှာတို့မှ စေလွှတ်လိုက်၏။ ထိုအမတ်ကြီး လေးယောက်တို့တွင် တောင်မြောက် အနောက်သုံးမျက်နှာတို့၌ ရှာကုန်သော အမတ်တို့သည် ပညာရှိကိုမတွေ့ကုန်။ အရှေ့တံခါးမှထွက်၍ ရှာသောအမတ်သည် ပါစီနယဝမဇ္ဈဂုံးရွာအလယ်၌ ဘုရားလောင်းသည် စီရင်အပ်သောဇရပ်ကို မြင်လတ်သော် ဤဇရပ်ကို ဆောက်လုပ်စီရင်သောသူသည် မချွတ်လျှင် ပညာရှိဖြစ်လတ္တံ့ဟု ကြံလျက် ဤဇရပ်ကို အဘယ်ဗိသုကာ ဆောက်သနည်းဟုမေး၏။ လူအပေါင်းတို့သည် ဤဇရပ်ကို လက်သမား ဗိသုကာတို့ ဆောက်လုပ်စီရင်သည်မဟုတ်။ သိရိဝဍ္ဎန သူဌေးကြီးသား မဟောသဓာသုခမိန်သည် ဆရာအမှီ မရှိဘဲ မိမိပညာအစွမ်းဖြင့် စီရင်အပ်သော ဇရပ်တည်းဟု ဆိုကြကုန်၏။

ထိုစကားကိုကြားလျှင် အမတ်သည်လည်း မဟောသဓာသုခမိန်သည် အဘယ်မျှနှစ်အရွယ်ရှိပြီ နည်းဟုမေး၏။ ရွာသားတို့လည်း မဟောသဓာ သုခမိန်သည် ယခုဤလတွင် ခုနစ်နှစ်အသက်ဇေ့ပြီဟု ဆိုကုန် ၏။ ထိုစကားကိုကြားလျှင် အမတ်သည် မင်းကြီးအိပ်မက်သော နှစ်လရက်များကို မှတ်သားရသည် နှင့်လျော်စွာ မင်းကြီးအိပ်မက်သည့်နေ့မှ ထိုလတိုင် နှစ်လရက်ပေါင်းကို ချင့်တွက်သော် သူဌေးသားအရွယ် အသက်နှင့် အိပ်မက်သည် နှစ်လညီကြသည်ဖြစ်၍ သုခမိန်ဟူသည်ကား ဤသတို့သားပင်တည်းဟု အတပ်သိပြီးလျှင် မိဘနေရပ် အဏ္ဏပ္ပတ္တိအသွယ်သွယ်နှင့် အရွယ်အသက်ကို လျှောက်ချက်တင်၍ "အရှင်မင်းကြီး ပါစီနယဝမဇ္ဈဂုံး ရွာနေ သိရိဝဍ္ဎနသူဌေးကြီး၏သား မဟောသဓာသုခမိန် အမည်ရှိသော သတို့သားငယ်သည် မည်သည့် နှစ်လ ရက်ကဖွား၍ ခုနစ်နှစ်အရွယ်မျှသာရှိသေးလျက် ဤသို့သဘောရှိသောဇရပ်ကို ဆောက်ပြီးလျှင် ဤသို့သဘော ရှိသော ရေကန်ဥယျာဉ်ကို မိမိပညာအစွမ်းဖြင့် စီရင်၏။ ထိုသတို့သားသည် အိပ်မက်တော်မူသော နှစ်လနှင့် ထောက်ချင့်သော် အညီပင်ဖြစ်၍ ဘုန်းတော်ကြောင့် ပေါ်ထွန်းလာသော ပညာရှိဧကန်မှန်ပါသည်။ ယခု ဆောင်ယူတော်မူလျှင် သင့်မည်ထင်ပါသည်။" ဟု မင်းချင်းတစ်ယောက်ကို စေ၍လျှောက်ထားစေ၏။

ဝိဒေဟရာဇ်မင်းကြီးသည် ထိုစကားကိုကြားလျှင် အလွန်နှစ်သက် ဝမ်းမြောက်ခြင်းဖြစ်သဖြင့် သေနကသုခမိန်အမတ်ကြီးကို ခေါ်စေ၍ ထိုအကြောင်းကို ပြောဆိုပြီးလျှင် "ဆရာအမတ်ကြီး၊ ထိုသုခမိန် ကို ယခုဆောင်ယူရသော် ကောင်းမည်မဟုတ်လော" ဟု တိုင်ပင်မေးမြန်း၏။ သေနကအမတ်သည် ဝန်တို ပိတ်ပင်ခြင်းရှိသည်ဖြစ်၍ "အရှင်မင်းကြီး ဤမျှလောက်သောဇရပ်ကို ဆောက်လုပ်စီရင်တတ်ကာမျှ နှင့် သုခမိန်မမြောက်သေး။ ဤမျှလောက်သောဇရပ်ကို သူခပ်သိမ်းတို့ပင် စီရင်နိုင်သည်ချည်းဖြစ်၍ ချီးမြှောက်

လောက်အောင် ဂုဏ်ကျေးဇူးမရှိ" ဟုဆို၏။ ဝိဒေဟရာဇ်မင်းကြီးလည်း သေနကအမတ်ကြီး စကားကိုကြားလျှင် ငါ၏အမတ်ကြီးသည် အကြောင်းထူးရှိသေးသောကြောင့် ဆိုသည်ဖြစ်မည်ဟု သေနကအမတ်ကြီး စကားကို မပယ်ဘဲ ပါစီနယဝမဇ္ဈဂုံးရွာ၌ ဘုရားလောင်းကို တွေ့သောအမတ်သို့သာလျှင် သင်သည် ပါစီနယဝမဇ္ဈဂုံးရွာ၌နေလျက် မဟော်သဓာသတို့သား၏ အမူအရာ ပညာရှိမရှိကို သိသာအောင် စူးစမ်းဆင်ခြင်လေဦးဟု မင်းချင်းတစ်ယောက်ကို စေလွှတ်လိုက်၏။ ထိုအမတ်သည်လည်း မင်းကြီးစကားကို ကြားလျှင် ထိုပါစီနယဝမဇ္ဈဂုံးရွာ၌နေလျက် ဘုရားလောင်း၏ အမူအရာ ပညာရှိမရှိကို မပြတ်လျှင် စူးစမ်းဆင်ခြင်၏။

ထိုအမတ် စူးစမ်းဆင်ခြင်ရာ၌ ဤဆိုလတ္တံ့သည်ကား ဥဒါန်း အစဉ်တည်း။

မံသံ ဂေါဏော ဂန္ထိ သုတ္တံ၊

ပုတ္တံ ဂေါတော ရထေနစ။

ဒဏ္ဍော သီသံ အဟိ စေဝ၊

ကုက္ကုဋ္ဌော မဏိဇာယနံ။

ဩဒနံ ဝါလုကဥ္စာဝိ၊

တဠာကုယျာန ဂဒြဘော မဏီတိ။

မံသဥ္စ၊ အမဲတရားလည်းကောင်း။ ဂေါဏောစ၊ နွားတရား လည်းကောင်း။ ဂန္ထိစ၊ လည်ရွဲတရား လည်းကောင်း။ သုတ္တဥ္စ၊ ချည်ထွေး တရား လည်းကောင်း။ ပုတ္တဥ္စ၊ သားတရားလည်းကောင်း။ ဂေါတဥ္စ၊ ဂေါတတာဋ၏ မယားခိုးတရား လည်းကောင်း။ ရထေနစ၊ ရထားလု တရားလည်းကောင်း။ ဒဏ္ဍောစ၊ ရှားလှံတံ ပြဿနာလည်းကောင်း။ သီသဥ္စ၊ ဦးခေါင်းခွံ ပြဿနာလည်းကောင်း။ အဟိစေဝ၊ မြွေပြဿနာ လည်းကောင်း။ ကုက္ကုဋ္ဌောစ၊ ကြက်ပြဿနာ လည်းကောင်း။ မဏိစ၊ ပတ္တမြားပြဿနာ လည်းကောင်း။ ဇာယနဥ္စ၊ သားဖွားပြဿနာ လည်းကောင်း။ ဩဒနဥ္စ၊ ထမင်းပြဿနာ လည်းကောင်း။ ဝါလုကဥ္စာဝိ၊ သဲလွန်ပြဿနာ လည်းကောင်း။ တဠာကဥ္စ၊ ရေကန်ပြဿနာ လည်းကောင်း။ ဥယျာနဥ္စ၊ ဥယျာဉ် ပြဿနာ လည်းကောင်း။ ဂဒြဘောစ၊ မြည်း ပြဿနာလည်းကောင်း။ မဏိစ၊ ပတ္တမြားကို ထုတ်ယူခြင်း လည်းကောင်း။ ဣတိဣဒံ၊ ဤတစ်ဆယ့်ကိုးပါးသည်ကား။ ဝီမံသနုဒါန်၊ ပညာရှိလက္ခဏာကို စူးစမ်းခြင်း အကြောင်းတည်း။

## စကားလုံးအဖွင့်

| | | | |
|---|---|---|---|
| ၁။ | သုခမိန် | = | ပညာရှိ။ |
| ၂။ | ချင့်တွက် | = | တွေးတောဆင်ခြင်သည်။ |
| ၃။ | အတ္ထုပ္ပတ္တိ | = | ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ အကြောင်းအရာ အဖြစ်အပျက်၊ ဖြစ်စဉ်။ |
| ၄။ | ထောက်ချင့် | = | ဆင်ခြင်သည်။ မျှော်တွေးသည်။ |
| ၅။ | ဝန်တို | = | ချမ်းသာ တစ်စုံတစ်ရာကို သူတစ်ပါးမရစေလိုသော။ |
| ၆။ | သူခပ်သိမ်း | = | မည်သူမဆို၊ လူသူအားလုံး။ |
| ၇။ | မင်းချင်း | = | ဘုရင့်အမှုလုပ်၊ မင်းအပါး၌ ခစားထမ်းရွက်ရသော အမှုထမ်း။ |
| ၈။ | လည်ရွှဲ | = | လည်ပင်း၌ တွဲလဲဆွဲဆင်ရသော အဆင်တန်ဆာ။ |

## ၄။ အမဲသားတစ်ချစေခန်း

ဤတစ်ဆယ့်ကိုးပါးသော ဥဒါန်းအစဉ်တို့တွင် **အမဲဟင်းမျိုးကို ဆောင်ယူခြင်း** ဟူသည် အဘယ်နည်း ဟူမူကား။ တစ်နေ့သ၌ မဟော်သဓာ သတို့သားသည် ဖွားဖက်ရွေဖော် တစ်ထောင်ခြံရံလျက် ကစားရာဇရပ်အတွင်း မြေတလင်းသို့ သွားလေသည်ရှိသော် စွန်ရဲတစ်ခုသည် ဈေးမှအမဲသားတစ် တစ်ခုကို ချီလျက်ပျံလာသည်ကို မြင်ကြလေလျှင် ဖွားဖက်ရွေဖော် တစ်ထောင်တို့သည် ထိုသားတစ်ကို ချစိမ့်သောငှာ လိုက်ကြကုန်၏။ စွန်သည်လည်း အောက်က သူငယ်များဟစ်ကြွေးသောအသံဖြင့် ရွံ့ကြောက်၍ တောင်မြောက်လူးလာဘယ်ညာယုက်တင် ကောင်းကင်သို့ ပျံ၍ပြေး၏။ သူငယ်တို့သည်လည်း စွန်ကိုမျှော်ကြည့်လျက် လိုက်ခြင်းကြောင့် တွင်းချောက်ခလုတ် စသည်တို့၌ ချော်၍လဲသဖြင့် ပင်ပန်းကြကုန်၏။

ထိုအခါ မဟော်သဓာ သုခမိန်သည် "အချင်းတို့ ထို စွန်ချီသော သားတစ်ကို ယခုပင်ချစေအံ့။ သင်တို့ မြင်လိုကြသလော" ဟု ဆို၏။ ဖွားဖက်ရွေဖော် အပေါင်းတို့လည်း "အရှင့်သား၊ မြင်လိုပါ၏" ဟု ဆိုကြလတ်သော် "ထိုသို့တပြီးကား သင်တို့ရှုကြည့်ကြကုန်လော့" ဆို၍ ဘုရားလောင်းသည် ကောင်းကင်ကိုမကြည့်ဘဲလေ၏ လျင်မြန်ခြင်းဖြင့် လျင်စွာပြေးလတ်ပြီးလျှင် စွန်၏အရိပ်ကိုနင်းလျက် လက်ခုပ်တီး၍ ပြင်းစွာသောအသံဖြင့်ဟစ်၏။ ထိုဟစ်သောအသံသည် ဘုရားလောင်း၏ အာနုဘော်ကြောင့် စွန်၏ရင်တွင်း၌နေ၍ဟစ်သကဲ့သို့ တစ်တစ်ချင်ချင် ကောင်းကင်သို့ဝှန်တက်လျက် စွန်ငှက်၏ နားပွင့်အံ့သကဲ့သို့ ဖြစ်၏။ စွန်သည် ဘုရားလောင်း၏အသံဖြင့် ကြောက်ရွံ့ခြင်းဖြစ်၍ သားတစ်ကို လွှတ်၏။ ဘုရားလောင်းသည် ကောင်းကင်သို့ မမျှော်မကြည့်ဘဲသာလျှင် သားတစ်ကျလာသော အဖြစ်ကိုသိ၍ မြေသို့မကျစေရ၊ လက်ဖြင့်သားတစ်ကို ခံလင့်၏။ ထိုသို့သော အခြင်းအရာကို များစွာကုန်သော လူပရိသတ် အပေါင်းတို့သည် မြင်ကြလတ်သော် ရင်သပ်ရှုမော သောသောအုတ်အုတ် ရုတ်ရုတ်သဲသဲ အံ့အဲချီးမွမ်း လက်ပမ်းပေါက်ခတ်လျက် လက်ဖျစ်ရိုက်တီး ငြီးငြီးသံလေး ဟစ်ကြွေးကျူးကျော်ကြကုန်၏။

ဤသို့သောအခြင်းအရာကို ရှုမျှော်စောင့်နေရသော အမတ်သည် အတပ်သိလေသော် အလုံးစုံသောအခြင်းအရာကို လျှောက်စာတင်၍ လုလင်မင်းချင်း တစ်ယောက်ကို အလျှောက်အထား မင်းကြီးထံသို့စေလိုက်၏။ ဝိဒေဟရာဇ်မင်းကြီးသည် ထိုစကားကို ကြားလျှင် သေနကအမတ်ကြီးကိုခေါ်၍ "ဆရာအမတ်ကြီး မဟော်သဓာသုခမိန်ကို သိမ်းဆောင်ချိန် အခွင့်တော်သင့်ပြီ မဟုတ်လော" ဟု မေးတော်မူ၏။

ဝိဒေဟရာဇ်မင်းကြီး တိုင်ပင်သောစကားကို သေနကအမတ်ကြီးကြားလျှင် ဤသို့အကြံဖြစ်၏။ မဟော်သဓာသတို့သားသည် ဤနန်းတော်သို့ ရောက်သည်ရှိသော် ထိုသူရောက်သောအခါမှစ၍ ငါတို့ပညာကျေးဇူးဂုဏ်သည် တစ်စုံတစ်ခုသော အခွင့်တွင်မျှ မပွင့်မလန်း ညှိုးနွမ်းယုတ်လျော့စွာ အရာမဝင်သည်ဖြစ်လတ္တံ့။ မင်းကြီးသည်လည်း ထိုမဟော်သဓာ ရောက်သည်ရှိသော် ငါတို့ရှိမှန်းကိုမျှ မသိလတ္တံ့။ ထို့ကြောင့် မဟော်သဓာကို မသိမ်းမဆောင်စေခြင်းငှာ မင်းအားလျှောက်ကြားအံ့ဟု လာဘ်ပူဇော်သက္ကာ ဂုဏ်ပညာတို့ဝန်တိုခြင်းဖြင့် "အရှင်မင်းကြီး ဤစွန်ချီသော သားတစ်ကိုချစေနိုင်ခြင်းသည် အနည်းငယ်မျှသာတည်း။

ဤမျှလောက်သော အခြင်းအရာဖြင့် ပညာရှိသူခမိန် မခန့်လောက်သေး။ ဆင်ခြင်တော်မူဦးလော့" ဟု **လျှောက်**၏။ ဝိဒေဟရာဇ်မင်းကြီးသည် သေနကအမတ်ကြီးစကားကိုကြားလျှင် စိတ်လျစ်လျူဖြစ်ပြန်၍ တစ်ဖန်အမတ်ထံသို့ မဟော်သဓာသတို့သားကို စုံစမ်းလေဦးဟု စေလိုက်ပြန်၏။

## ခက်ဆစ်အဖွင့်

၁။ ရွှေဘော် = ခြွေရံ အပေါင်းအဖော်။
၂။ တစ်တစ်ချင်ချင် = စူးစူးရှရှ အသံ။
၃။ ပွန်တက် = အထက်သို့ ပျံ့နှံ့သည်။
၄။ ရင်သပ်ရှုမော = (ရင်ကို လက်ဖြင့် ပင့်သပ်ရလောက်အောင်) အံ့ဩငေးမောလျက်၊ အလွန်အမင်း အံ့ဩဖွယ်ရှိလျက်။
၅။ ရုတ်ရုတ်သဲသဲ = လူအများ မငြိမ်မသက် ဆူပူလှုပ်ရှားလျက်။
၆။ လျှောက်စာ = လုပ်ငန်းကိစ္စ တစ်စုံတစ်ရာအတွက် တင်ပြသိသာစေရန် ဖော်ပြချက်ပါရှိသောစာ။
၇။ လျှောက်ထား = မြင့်မြတ်သောသူအား ရိုသေစွာပြောကြားသည်။
၈။ အရာမဝင် = မတွင်ကျယ်၊ အရေးမပါ၊ မဝင့်ဆံ့ ဖြစ်သည်။
၉။ လာဘ်ပူဇော်သက္ကာ = ရိုသေလေးမြတ်ခြင်း၊ မြတ်နိုးခြင်းကြောင့် ရသောပစ္စည်း။
၁၀။ လျစ်လျူ = ဂရုမထားဘဲ။

## ၅။ နွားတရားစီရင်ခန်း

နွားတရား ဟူသည်ကား ပါစီနယဝမ္ဗကုံးရွာသားတစ်ယောက်သည် မိုးကျလျှင် လယ်လုပ်အံ့ဟု ရွာတစ်ပါးမှ နွားတစ်ရှဉ်းကိုဝယ်၍ မိမိအိမ်သို့ဆောင်ယူခဲ့၏။ မိုးသောက်သောနေ့၌ ထိုနွားတစ်ရှဉ်းကို မြက်ကောင်းရာ အရပ်သို့သွား၍ နွားကျောကုန်းပေါ်၌စီးလျက် ကျောင်းပြီးလျှင် ညောင်းညာဝိုက်မျဉ်းသည်ဖြစ်၍ နွားပေါ်မှဆင်းပြီးသော် အရိပ်ကောင်းသော သစ်ပင်အောက်၌အိပ်၏။

ထိုနွားရှင် အိပ်ပျော်နေစဉ် ခိုးသူတစ်ယောက်သည် လာလတ်၍ ထိုနွားတစ်ရှဉ်းကို ခိုးဆောင်ပြေးလေ၏။ နွားရှင်နိုး၍ နွားကိုကြည့်လျှင် မမြင်သဖြင့် ထိုမှဤမှ မျှော်ကြည့်လတ်သော် ခိုးသူဆောင်ယူ ပြေးသွားသည်ကို မြင်၍ လျှင်စွာလိုက်လျက် မီလတ်သော် "သင်အဘယ်ကြောင့် ငါ့နွားတစ်ရှဉ်းကို ခိုးယူသနည်း" ဟုဆို၏။

ထိုစကားကိုကြားလျှင် နွားခိုးသည် "ဟယ်ယောကျ်ား၊ နင်ဘယ်ကနည်း၊ နှုတ်ရိုင်းစော်ကား မပြောငြားနှင့်။ ငါ့နွားကို ငါလိုရာဆောင်သွားမည်။ ငါ့အား အဘယ်ကြောင့်သူခိုးဟုယိုးစွပ်ဘိသနည်း" ဟုဆို၏။ ဤသို့ နွားရှင် နွားခိုးတို့သည် ငြင်းခုံကြလျက် ပါစီနယဝမ္ဗကုံးရွာသို့ ရောက်လာကုန်သဖြင့် လူအပေါင်းတို့သည် ထိုသူနှစ်ယောက်တို့ ခိုက်ရန်စကားကို နားထောင်ကြည့်ရှုအံ့သောငှာ လာကြကုန်၍ အုတ်အုတ်ကျက်ကျက် ဖြစ်၏။

ထိုအသံကို မဟော်သဓာသုခမိန် ကြားလေသော် ငါ၏ဇရပ်တံခါးဝ လမ်းခရီး၌ အဘယ်ကြောင့် ဤသူနှစ်ယောက်တို့ အငြင်းအခုံ ဖြစ်ကြသနည်း။ ထိုသူနှစ်ယောက်တို့ကိုခေါ်စေ၍ နွားရှင်နှင့်သူခိုးတို့ ရောက်လျှင် ထိုသူနှစ်ယောက်တို့၏ အမူအရာလက္ခဏာကို ဆင်ခြင်ထောက်ရှု၍ ဤသူကားနွားရှင် ဤသူကားနွားခိုးတည်းဟု အတပ်အမှန် သိငြားသော်လည်း သူတစ်ပါးလည်း ထင်ရှားစွာသိမှ အဂတိသို့ မငြိမစောင်း ကောင်းစွာအစီအရင် ထင်ရှားသည်ဖြစ်၍ အပြစ်တင်လွှတ်ရာချေသည်ဟု ကြံလျက် "သင်တို့နှစ်ယောက် အဘယ်ကြောင့် အငြင်းအခုံဖြစ်ကြသနည်း" ဟုမေး၏။ နွားရှင်ကရှေးဦးစွာ "အရှင့်သား၊ ဤမည်သော ရွာနေ ဤမည်သောသူ၏ လက်မှ ဤနွားတစ်ရှဉ်းကို ဤမျှအဖိုးဖြင့်ဝယ်ခဲ့၍ အိမ်၌ တစ်ညဉ့်မျှသာ ရှိပါသေးသည်။ ထိုဝယ်သည့်နောက် ယခုနေ့မိုးသောက်ထ နံနက်ကပင် မည်သည့်အရပ် မြက်ကောင်းရာ၌ နွားတစ်ရှဉ်းကို လွှတ်ကျောင်း၍ အရိပ်ကောင်းရာ ကျွန်ုပ်အိပ်ပျော်၍ ဝိုက်မျဉ်းစဉ် ဤသူသည် ကျွန်ုပ်နွားတစ်ရှဉ်းကို ခိုးယူဆောင်သွားသည့်နောက် အိပ်ရာမှနိုး၍ ကျွန်ုပ်ကြည့်မျှော်လျှင် ဤမသူတော် ခိုးသူယူသွားသည်ကို မြင်သဖြင့်လျင်စွာ ကျွန်ုပ်လိုက်နိုင်သောကြောင့်သာ ဤနွားခိုးကို ဘဏ္ဍာနွားတစ်ရှဉ်းနှင့် လက်ပူးလက်ကြပ်မိပါသည်။ အကျွန်ုပ်စကားကို အရှင့်သားယုံတော်မမူလျှင် ဤနွားတစ်ရှဉ်းကိုဝယ်ရာ ရွာသားမည်သူမည်သူတို့ အသိအရှိ အမြင်အကြား ဖြစ်ပါသည်။ ထိုသိကြားသူ တို့ကိုခေါ်၍ စစ်မေးတော်မူလျှင် စီရင်သာအောင် သိရပါလိမ့်မည်" ဟုဆို၏။

မဟော်သဓာ သုခမိန်သည် ထိုစကားကို ကြားလျှင် နွားခိုးကို "အချင်းယောကျ်ား၊ တစ်ဦးက

စကားကုန်ခန်းအောင် သက်သေနှင့်တကွ ဆိုပြီ။ သင်က ဟုတ်မှန်တိုင်းကို ဆိုလော့" ဟုဆို၏။ နွားခိုးသည် "အရှင့်သား အကျွန်ုပ်ခြံပေါက် ဤနွားတစ်ရှဉ်းကို ကျွန်ုပ်လိုရာအရပ်သို့ဆောင်သွားပါစဉ် ဤသူသည် အနိုင်အထက် မင်းမျက် မင်းဒဏ်သင့်အောင် အခွင့်မဟုတ်ဘဲ ကျွန်ုပ်ကို နွားခိုးဟု ယိုးစွပ်၍ မအပ်မရာပြု ကျင့်သည့်အမှုသာ ဖြစ်ပါသည်။ ထိုသူ့နွားမဟုတ်" ဟုဆို၏။ ဤသို့ အမှုသည်နှစ်ဦးတို့ စကားကို ကြားလျှင် ဘုရားလောင်းသည် ထိုသူတို့အမှုတရား မပွားများရအောင် ဟုတ်မှန်တိုင်းစီရင်လို၍ သင်တို့နှစ်ယောက် ငါကောက်ယူဆုံးဖြတ်ချက်ကို နှစ်သက်စွာပြီးကြမည်လော့ဟု မေး၏။ "အရှင့်သား၊ ပြီးပါမည်" ဟု အမှုသည် နှစ်ဦးဆိုလျှင် ဇရပ်တွင်ရှိသမျှ ပရိသတ်တို့အား ထင်ရှားစွာဖြစ်စေခြင်းငှာ ဤသို့ဆို၏။ "သင်တို့စကားနှစ်ရပ်ပင် လက်သပ်မကွာ မွေးကျွေး၍ထားသော နွားဖြစ်ဟန် အမှတ်အတပ် ဆိုကြပေသည်တွင် တရားသူကြီးတို့ ဆင်ခြင်ရန် စကားမကုန်သေးသည်ဖြစ်၍ မဆုံးမဖြတ်သာသေး။ စစ်မေးရဦးမည်။ သင်တို့ဟုတ်မှန်တိုင်း ပြောလော့" ဟုဆိုပြီးလျှင် ခိုးသူကိုရှေးဦးစွာ "အချင်းယောကျ်ား၊ ဤနွားတစ်ရှဉ်းကို သင့်ခြံပေါက်ဖြစ်သည်ဟုဆို ပြီ၊ အဘယ်အစာကို အသင်ကျွေးမွေးသနည်း" ဟုမေး၏။ နွားခိုးသည် "အရှင့်သား၊ နှမ်းဖတ်နှင့် ပဲမှော်ကိုသာ စားစေလျက် ယက်မန်းရည် ယာဂုကိုသာသောက်စေ၏။" ဟုဆို၏။ ထို့နောက် နွားရှင်သည် မေးမြန်းလျှင် "အရှင့်သား၊ အကျွန်ုပ်ကား လယ်လုပ်သားဖြစ်၍ အလွန်ဆင်းရဲ၏။ အဘယ်မှာ ယာဂုရနိုင်ပါမည်နည်း။ မြက် ကိုသာကျွေးရ၏" ဟုဆို၏။

ထိုသူနှစ်ယောက်တို့စကားကို အလုံးစုံသော ပရိသတ်အပေါင်းတို့အား မှတ်သားစေပြီးသော် ဘုရားလောင်းသည် သျှိသျှားရွက်ကို ဆောင်ယူစေပြီးလျှင် ညက်စွာထောင်းပြီးမှ ရေနှင့်ဖျော်၍ နွားတစ်ရှဉ်း ကို တိုက်စေ၏။ ထိုအခါ နွားတို့သည် ဝမ်းသက်ကုန်လတ်သော် မြက်ဖတ်သာလျှင်ပါကုန်၏။ ဘုရားလောင်း သည်လူအပေါင်းတို့အား "သင်တို့၊ ဤနွားချေးကို ရှုကြကုန်လော့" ဟုပြပြီးလျှင် သူခိုးကို "အချင်းယောကျ်ား၊ သင့်နှုတ်ကကား နွားခိုးမဟုတ်။ သင့်နွားကကား နွားခိုးဖြစ်သည်ဟု ယခုပရိသတ်အလယ်၌ အထင်အရှားပြ ၍ရှိချေပြီ။ သင်နွားခိုး ဟုတ်၏လော၊ မဟုတ်လော" ဟု မေး၏။ ခိုးသူလည်း လွှဲဖယ်၍ မပြောသာရကား "အရှင့်သား၊ ခိုးမိချေ၏" ဟုဝန်ခံ၏။ ထိုအခါ ဘုရားလောင်းသည် "အချင်းယောကျ်ား၊ အရှေ့မဇ္ဈိမ်ရွာ၌ သူဌေးကြီးသား မဟော်သဓာသည် သူတစ်ပါးတို့ လျှို့ဝှက်သောအမှုကို တစ်ခုမကျန် ဉာဏ်အစွမ်းဖြင့် သိမြင် တတ်သည်ဟူ၍ သင်ကြားဖူးသလော၊ မှုသာဝါဒကို အဘယ်ကြောင့် သင်ပြောဆိုသနည်း။ ယနေ့မှစ၍ အသက်ရှည်သော ကာလပတ်လုံး ဤကဲ့သို့အမှုကိုပြုကျင့်မည်မကြံလေနှင့်" ဟုဆုံးမ၏။ ဘုရားလောင်း ဖွားဖက်ရွှေဖော်တစ်ထောင်တို့သည် ထိုနွားခိုးသော ယောကျ်ားကို ခြေဖြင့်ယမ်းခတ်ခြင်း၊ လက်ဖြင့်ထောင်း ထုခြင်းဖြင့် တစ်သက်လုံး အရှက်ရအောင် နာကျင်စွာဒဏ်ပေးကြကုန်၏။ ဘုရားလောင်းသည် သူငယ်ဖော် တို့ထောင်းခတ်၍ မှတ်လောက်အောင် ထိုသူနာကျင်ပြီးသော် သူငယ်ရွှေဖော်များကိုတားမြစ်၍ ထိုနွားခိုးအား "အချင်းယောကျ်ား၊ သင်သည်သူ့ဥစ္စာကို ခိုးယူခြင်းအပြစ်ကြောင့် မသေမီကပင် နာကျင်ပြင်းပြစွာသော ဆင်းရဲကိုခံရပြီ။ သေလွန်သည်ရှိသော်ကား ယခုခံရသော ဆင်းရဲထက် အဆအထောင်အသောင်းမက ပြင်းပြ ပူပန်စွာ လေးဖြာသောအပါယ်၌ ကိုးကွယ်ရာမရ ဒုက္ခမလွဲ ဆင်းရဲကို ခံရလတ္တံ့။ အပါယ်ဆင်းရဲကို သင်ဆင်ခြင်

ကြောက်လန့်လျက် အသက်ထက်ဆုံး ဤကဲ့သို့သောအမှုကို ယခုငါ့ထံက စွန့်ပစ်၍ အသစ်တရား ငါးပါးသော သီလ၌ နေ့ညတည်စေလော့” ဟု ပဥ္စင်္ဂသီလဖြင့် အဆုံးအမပေးလိုက်၏။

ထိုအခါ ဘုရားလောင်းကို စုံစမ်းလျက်နေသော အမတ်သည် ထိုအကြောင်းကိုသိလျှင် ရှေးနည်းဖြင့် အလုံးစုံကို စာတင်၍ ဝိဒေဟရာဇ် မင်းကြီးအား လျှောက်ကြားစေ၏။ ဝိဒေဟရာဇ်မင်းကြီးသည် ထိုစကားကို ကြားသော် သေနကအမတ်ကြီးကိုခေါ်၍ အလုံးစုံကို ပြန်ကြားပြီးလျှင် “ဆရာအမတ်ကြီး၊ မဟော်သဓာ သုခမိန်ကို ဆောင်ယူချိန် အခွင့်သင့်ပြီ မဟုတ်လော” ဟု မေးမြန်းတိုင်ပင်၏။ သေနကအမတ်သုခမိန်သည် “အရှင်မင်းကြီး၊ တရားစီရင်ရာ လွှတ်သဘင်၌ အမတ်တရားသူကြီးတို့သည် မပြတ်လျှင် ခိုးမှုယိုးမှုအစုစု ပေါ်ပေါက်လာသည့် တရားကို ဆင်ခြင်မျှော်ရှုလျက် အမှုသည်တို့ လျှို့ဝှက်ကုန်ငြားသော်လည်း သိသာအောင် စစ်ဆေးမေးမြန်း၍ တရားလမ်းရိုးရှိတိုင်း စီရင်နိုင်ကြသည်ချည်းပင် ဖြစ်သည်။ ထိုနွားတရားကို စီရင်နိုင်ကာမျှနှင့် သုခမိန်မခေါ်လောက်သေးဖြစ်၍ ငံ့လင့်နေတော်မူဦးလော့” ဟုလျှောက်၏။ သေနကအမတ်ကြီး စကားကိုကြားလျှင် မင်းကြီးသည် လျစ်လျူဖြစ်ပြန်၍ တစ်ဖန်အမတ်ထံသို့ စုံစမ်းလေဦးဟု စေလိုက်ပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းသော မင်္ဂလာစာစ်ကြိမ် ဖြစ်ခြင်းတည်း။

## ခက်ဆစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | ကျောက်ကုန်း | = | ကျောကုန်း။ |
| ၂။ | ငိုက်မျဉ်း | = | အိပ်၍မပျော်တပျော်ရှိသည်။ |
| ၃။ | ယိုးစွပ် | = | စွပ်စွဲသည်။ |
| ၄။ | အဂတိ | = | မတရားသဖြင့် မမှန်မကန်ဆုံးဖြတ်ခြင်း၊ ဘက်လိုက်ခြင်း။ |
| ၅။ | လက်ပူးလက်ကြပ် | = | ဖက်ပင်း။ |
| ၆။ | ခြံပေါက် | = | မိမိခြံတွင် ပေါက်ဖွားသောကျွဲ၊ နွား စသည်။ |
| ၇။ | အနိုင်အထက် | = | သူတစ်ပါး၏ ဆန္ဒနှင့် ဆန့်ကျင်လျက် အတင်းအဓမ္မ အတင်း အကျပ်၊ နိုင်ထက်စီးနင်း။ |
| ၈။ | မင်းမျက်မင်းဒဏ် | = | မင်းအစိုးရတို့က အပြစ်အလျောက်စီရင်အပြစ်ပေးမှု။ |
| ၉။ | ယက်မန်းရည် | = | ဆန်ကို နူးသွားအောင် ရေဖြင့် ကျဲကျဲ ကျိုထားသော သောက်ဖွယ်။ |
| ၁၀။ | ယာဂု | = | ဆန်တစ်ဆ၌ ရေခြောက်ဆထည့်ကာ ဆန်လုံးကွဲရုံကျိုထားသော သောက်ဖွယ်။ |
| ၁၁။ | မုသာဝါဒ | = | လိမ်လည်ပြောဆိုခြင်း။ |

| | | | |
|---|---|---|---|
| ၁၂။ | အပါယ် | = | မကောင်းမှု ဒုစရိုက်အတွက် ကျရောက်ရသောဘုံ။ |
| ၁၃။ | ကိုးကွယ်ရာ | = | အားထားမှီခိုစရာ။ ဆည်းကပ်ပူဇော်စရာ။ |
| ၁၄။ | ပဉ္စင်္ဂသီလ | = | ငါးပါးသီလ။ |
| ၁၅။ | ငုံ့လင့် | = | စောင့်ဆိုင်းသည်။ စောင့်မျှော်သည်။ |

## ၆။ လည်ရွဲတရား စီရင်ခန်း

လည်ရွဲတရား ဟူသည်ကား သူဆင်းရဲမတစ်ယောက်သည် ကြွယ်ဝသောမိန်းမများကဲ့သို့ ရွှေ ငွေ ကျောက်မျက် ခြယ်လှယ်အပ်သော လည်ရွဲဘယက်တို့ကို မဆင်ရသဖြင့် အနီ၊ အဝါ၊ အပြာ၊ အစိမ်း စသော ချည်မျိုးတို့ဖြင့် ထိုးချုပ်စီရင်အပ်သော ချည်လည်ရွဲကိုသာဆင်ရ၏။ ထိုမိန်းမသည် ထိုချည်လည်ရွဲကို လည်မှချွတ်၍ အပေါ်ရုံအင်္ကျီတဘက်ပေါ်၌ ထားပြီးလျှင် ဘုရားလောင်းစီရင်အပ်သော ရေကန်သို့ ရေချိုး အံ့သောငှာ ဆင်းသက်လတ်သော် မိန်းမငယ်တစ်ယောက်သည် ထိုလည်ရွဲကိုမြင်၍ လိုချင်သောစိတ်ဖြင့် ထိုလည်ရွဲကို အင်္ကျီတဘက်ပေါ်မှ ကောက်ယူပြီးလျှင် "အမယ် ဤလည်ရွဲသည် အလွန်တင့်တယ် လျောက် ပတ်၏။ အဘယ်မျှ ချည်ကုန်သနည်း။ ဤလည်ရွဲကဲ့သို့ ကျွန်ုပ်လည်း ထိုးချုပ်ချင်ပါသည်" ဟုဆိုလျက် လည်၌ စွပ်ပြီးသော် "ခဏမျှ အတုယူပါရစေ" ဟုဆို၏။ လည်ရွဲရှင်မိန်းမလည်း သဘော ဖြောင့်ဖြောင့် ဆိုသည်ထင်၍ "ကောင်းပြီ၊ ကြည့်ပါလော့" ဟုဆိုလတ်လျှင် ထိုမိန်းမငယ်သည် လည်ရွဲကိုဆင်၍ လျင်စွာ ပြေးလေ၏။ လည်ရွဲရှင် မိန်းမသည် ထိုမိန်းမငယ် ခိုးယူသွားသည်ကို မြင်လျှင် လျင်စွာကန်မှ တက်၍ အဝတ်အင်္ကျီ၊ ထဘီတဘက်ဝတ်ပြီးလျှင်စွာလိုက်၍ "အဘယ်ကြောင့် ငါ့လည်ရွဲကို ယူပြေးဘိ သနည်း" ဟု မိန်းမငယ်၏ တဘက်ကိုဆွဲကိုင်၏။ မိန်းမငယ်လည်း "ငါ့လည်ရွဲကို ငါဆင်၍ ခရီးသွားရာ အဘယ်ကြောင့် ရှင်မလည်ရွဲခိုးဟု ယိုးစွပ်၍ ဆွဲငင်အံ့သနည်း" ဟုဆို၏။ ထိုသို့ အချင်းချင်းငြင်းခုံကြ၍ ကြည့်ရှုနားထောင်အံ့ဟု လာကုန်သော ရွာသူရွာသားအပေါင်းတို့ ဝန်းရံလျက် ဘုရားလောင်းကစားရာ ဇရပ်တံခါးဝ လမ်းမခရီးအနီးသို့ လာလတ် ကုန်၏။

ဘုရားလောင်းသည် ထိုငြင်းခုံကြသောအသံကို ကြားလတ်သော် "အဘယ်အသံနည်း" ဟု မေးပြီး လျှင် ထိုသူနှစ်ယောက်တို့ကို ခေါ်စေ၍ ရောက်သောအခါ ထိုသူနှစ်ယောက်တို့၏ အမူအရာလက္ခဏာကို မြင်လျှင် ဤသူကား ခိုးသူမ၊ ဤသူကား ဥစ္စာရှင်ဟု အတပ်သိပြီးလျှင် သူခပ်သိမ်းလည်း သိစေခြင်းငှာ "သင် တို့ အဘယ်ကြောင့်ငြင်းခုံကြသနည်း" ဟုမေးလျှင် နှစ်ဦးစလုံးကပင် အသီးသီး မိမိတို့ဥစ္စာဖြစ်ကြောင်း ကို ပြောဆိုကြလတ်သော် ဘုရားလောင်းသည် "သင်တို့ စကားနှစ်ရပ်ကို ကြားသိရပြီ။ ငါဆုံးဖြတ်သည့်အတိုင်း သင်တို့ ပြီးကြမည်လော" ဟု မေး၏။ "အရှင့်သား ပြီးပါမည်" ဟု ဝန်ခံကြလျှင် ဘုရားလောင်းသည် "သင်တို့ သည် ဟုတ်မှန်တိုင်း ပြောလော့" ဟုဆို၍ ခိုးသူမကိုရှေးဦးစွာ "သင်၏လည်ရွဲကို အဘယ်နံ့သာရည်ဖြင့် မပြတ်လိမ်းသုတ်သနည်း" ဟု မေး၏။ ခိုးသူမကလည်း "အရှင့်သား၊ အလုံးစုံသော အမွှေးတို့ဖြင့် ပေါင်းနှော၍ လုပ်အပ်သောကြောင့်'သဗ္ဗသာဟာရက'အမည်ရှိသော နံ့သာပေါင်းဖြင့် နေ့တိုင်းအမြဲလိမ်း သုတ်ပါသည်" ဟု ဆို၏။ ထို့နောက် လည်ရွဲရှင်မိန်းမကြီးကို မေးပြန်သော် "အရှင့်သား၊ ဆင်းရဲသားကျွန်ုပ်အား သဗ္ဗသာဟာရ ကနံ့သာ အဘယ်မှာရပါအံ့နည်း။ အကျွန်ုပ်သည် ဤလည်ရွဲကို သျှိသျှားပွင့် ဖြင့်သာလျှင် နေ့တိုင်းမပြတ် လိမ်းသုတ်ရ၏" ဟုဆို၏။ ဘုရားလောင်းသည် ထိုနှစ်ယောက်တို့စကားကို ပရိသတ်တို့အား မှတ်သားစေပြီး လျှင် တစ်ခုသောရေခွက်ကို ဆောင်ယူစေ၍ ထိုရေခွက်၌ လည်ရွဲကိုနှစ်ပြီးသော် ဂန္ဓာရုံ၌ ကျွမ်းကျင်သော

လူတစ်ယောက်ကိုခေါ်၍ မည်သည့်အနံ့နံသည်ဟု သိရအောင် နမ်းစေ၏။

ထိုသူသည် လည်ရွဲကို နမ်းလတ်သော် သျှိသျှားပွင့်နံ့သာရှိသည် အဖြစ်ကိုသိပြီး၍-

သဗ္ဗသာဟာရကောနတ္ထိ၊

သုဒ္ဓကင့် ပဝါယတိ။

အလီကံ ဘာသတိယံ ခုတ္တိ၊

သစ္စမာဟ မဟလ္လိကာ။

ဟု ဇာကနိပါတ်ကျမ်း၌လာသော ဂါထာဖြင့်ဆို၏။

**အနက်ကား။** ။ပဏ္ဍိတ၊ သုခမိန်။ သဗ္ဗသာဟာရကော၊ သဗ္ဗ သာဟာရက နံ့သာနံ့သည်။ နတ္ထိ၊ မရှိ။ သုဒ္ဓကင့်၊ သျှိသျှားပွင့်နံ့ သက် သက်သာ။ ပဝါယတိ၊ လှိုင်၏။ အယံခုတ္တိ၊ ဤမိန်းမငယ်သည်။ အလီကံ၊ မမှန်သောစကားကို။ ဘာသတိ၊ ဆို၏။ မဟလ္လိကာ၊ မိန်းမကြီးသည်။ သစ္စံ၊ မှန်သော စကားကို။ အာဟ၊ ဆို၏။

**အဓိပ္ပာယ်ကား။** ။"အရှင့်သား၊ ဤလည်ရွဲ၌ သဗ္ဗသာဟာရက နံ့သာနံ့မရှိ။ သျှိသျှားပွင့်နံ့ သက်သက်လှိုင်၏။ မိန်းမငယ် စကားမမှန်။ မိန်းမကြီး စကားသာလျှင် ဆိုတိုင်း မှန်ပေသည်" ဟု လည်ရွဲကို နမ်းသောသူသည် ဘုရားလောင်းအား ပြန်ကြား၏။

ဘုရားလောင်းသည် "သင်တို့ရှုကြည့်ကြကုန်လော့" ဟု ပရိသတ်အပေါင်းတို့အား သိစေပြီးလျှင် ခိုးသူမကို "သင့်ဥစ္စာ ဟုသင်ဆိုသည်။ လည်ရွဲကသင့်ကို ခိုးသူမဟုပြ၍ ရှိချေပြီ။ သင်အသို့နည်း၊ လည်ရွဲခိုးမဟုတ်လော" ဟုမေး၏။ ခိုးသူမလည်းလွဲ၍ ပြောခွင့်မရသောကြောင့် "အရှင့်သား၊ အကျွန်ုပ်ခိုးယူမိသည် မှန်ပေ၏" ဟုဝန်ခံ၏။ ထိုအခါ ဘုရားလောင်းသည် ရှေးနည်းဖြင့် နောင်ဤကဲ့သို့ မကျင့်လေနှင့်ဟု အဆုံးအမပေး၏။ ဖွားဖက်သူငယ် တစ်ထောင်တို့သည်လည်း ရှေးနည်းဖြင့် ထောင်းထုခြင်းဒဏ် နာကျင်စွာပေးကြကုန်၍ လွှတ်လိုက်၏။ ထိုအကြောင်းကို အမတ်သိလျှင် အလုံးစုံကို လျှောက်စာတင်၍ မင်းကြီးကိုကြားလျှောက်စေ၏။ ဝိဒေဟရာဇ်မင်းကြီးသည် ထိုစကားကိုကြားလျှင် သေနကအမတ်ကြီးကိုခေါ်၍ စကားအလုံးစုံကို ပြန်ကြားပြီးသော် မဟော်သဓာသုခမိန်ကို ဆောင်ချိန်မသင့်သေးလော့ဟု မေးမြန်းတိုင်ပင်တော်မူပြန်၏။ သေနကအမတ်ကြီးလည်း "အရှင်မင်းကြီး၊ ဤမျှသောအရာနှင့် သုခမိန် မခန့်လောက်သေး။ ငံ့တော်မူဦးလော့" ဟုလျှောက်၏။ မင်းကြီးသည် သေနကအမတ်ကြီး စကားကိုကြားလျှင် စိတ်လျှော့လျှ ဖြစ်ပြန်၏။ တစ်ဖန်အမတ်ထံစုံစမ်းလေဦးဟု စေလိုက်ပြန်၏။

ဤလည်း ဘုရားလောင်း၏ ကောင်းသော ကျေးဇူးဂုဏ်သတင်း ကျော်စောခြင်း တစ်ကြိမ်ဖြစ်ခြင်း တည်း။

# စကားဆစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | အပေါ်ရုံ | = | အပေါ်ကထပ်၍ ခြုံရုံ ဝတ်ဆင်သော အဝတ်အထည်။ |
| ၂။ | သဗ္ဗသာဟာရက | = | နံ့သာပေါင်း။ |
| ၃။ | ဂန္ဓာရုံ | = | အနံ့အာရုံ။ |

## ၇။ ချည်ထွေးတရား စီရင်ခန်း

**ချည်ထွေးတရား** ဟူသည်ကား ဝါခင်းစောင့်သော မိန်းမတစ်ယောက်သည် ထိုဝါခင်း၌ စောင့်နေရင်း ဝါပေါက်စင်စင်ကို ချည်ချောဝင့်ပြီးလျှင် အစာတင်ပြီးမှ ကောင်းစွာလုံး၍ထား၏။ ထိုမိန်းမသည် တစ်နေ့သ၌ ချည်လုံးကို ရင်၌ပိုက်၍ မိမိအိမ်သို့လာလတ်သော် ဘုရားလောင်း၏ ရေကန်၌ ရေချိုးအံ့ဟု ချည်လုံးကို မိမိအကျီပေါ်၌ထား၍ ရေကန်တွင်းသို့ ရေချိုးဆင်းလေ၏။ ထိုအခါ မိန်းမတစ်ယောက်သည် ထိုချည်လုံးကို မြင်လေသော် လိုချင်သောစိတ် ဖြစ်လာလတ်၍ ချည်ချောပေစွ ကောင်းပေစွဟု ချီးမွမ်းလျက် ကိုင်ယူပြီးလျှင် "အမယ်၊ ဤချည်ကို အမယ်ပင်ဝင့်ပေသလော ဖြစ်ခဲပေစွ" ဟုလက်ခုပ်တီး၍ ကြည့်ဟန်ပြုလျက် ရင်ခွင်၌ပိုက်၍ ပြေးလေ၏။ ချည်လုံးရှင်မိန်းမသည်လည်း ရှေးနည်းဖြင့် အလျင်တဆော ရေမှတက်၍လိုက်လျက် "သင်အဘယ်ကြောင့် ချည်လုံးကို ခိုးယူပြေးသနည်း" ဟု အကျီစကို လက်ဖြင့်ကိုင်ဆွဲ၏။ ခိုးသူမသည်လည်း "ငါ့ချည်လုံးကိုငါယူ၍ ငါ့အလိုအလျောက်ခရီးသွားရာ သင်အဘယ်ကြောင့် ချည်လုံးကို ခိုးစွပ်စွဲ၍ ငါ့အကျီစကို ဆွဲကိုင်ဘိသနည်း။ ဆုတ်လော့။ ကောင်းစွာသွားပါရစေ" ဟုဆို၏။ ဤသို့ အချင်းချင်း အငြင်းအခုံဖြစ်၍ လူအပေါင်း ဝန်းရံကုန်လျက် ဘုရားလောင်းကစားရာ ဇရပ်တံခါးဝခရီးမသို့ ရောက်လာကြကုန်၏။

ဘုရားလောင်းသည် ရှေးနည်းဖြင့် ထိုမိန်းမ နှစ်ယောက်ကိုခေါ်စေ၍ ရောက်လတ်သော် ထိုသူတို့၏ အမူအရာလက္ခဏာကို ဆင်ခြင်သဖြင့် ဤသူကား ခိုးသူမ ဤသူကား ချည်လုံးရှင်ဟု အမှန်အတပ် သိငြားသော်လည်း သူတစ်ပါးတို့အား သိစေခြင်းငှာအကြောင်းအရာကိုမေး၍ နှစ်ဦးကပင် ဥစ္စာရှင်ချည်း ဖြစ်ဟန်စကားနှင့် ပြောဆိုချေလည်းပြီးသော် ဘုရားလောင်းသည် "သင်တို့ ငါဆုံးဖြတ်တိုင်း ပြီးကြမည်လော" ဟုမေး၏။ ထိုမိန်းမနှစ်ယောက်တို့လည်း "ပြီးပါမည်" ဟုဝန်ခံကြကုန်၏။ ထိုအခါ ဘုရားလောင်းသည် ခိုးသူမကို "ချည်လုံး၏အတွင်း၌ အဘယ်ကိုထည့်ခံ၍ လုံးသနည်း" ဟုမေး၏။ ခိုးသူမလည်း အရှင့်သားဝါစေ့ကို ထည့်၍လုံးပါသည်" ဟုဆို၏။ ထို့နောက် ချည်လုံးရှင်ကို မေးမြန်းလတ်လျှင် "အရှင့်သား တည်စေ့ကို ထည့်၍လုံးသည်" ဆို၏။ ထိုမိန်းမနှစ်ယောက်တို့၏ စကားကိုပရိသတ်တို့အား မှတ်သားစေပြီး၍ ချည်လုံးကို ဖြေဖွင့်ကြည့်ရှုစေလတ်သော် တည်စေ့ကိုတွေ့လေ၏။ ထိုအခါ ဘုရားလောင်းသည် ဆိုအပ်ပြီးသောနည်းဖြင့် ခိုးသူအဖြစ်ကို ဝန်ခံစေပြီးလျှင် ထိုခိုးသူမအား အဆုံးအမပေး၍ လွှတ်လိုက်လေ၏။ ဤအကြောင်းကို အမတ်သိလတ်သော် အလုံးစုံကို မင်းကြီးအား လျှောက်ထားစေပြန်၏။ မင်းကြီးလည်း ရှေးနည်းအတူ သေနကအမတ်ကြီးကို တိုင်ပင်၍ သေနကအမတ်ကြီး ဖျက်ပြန်လေသော် စိတ်လျှစ်လျူ ဖြစ်သဖြင့် စုံစမ်းလေဦးဟု စေတော်မူလိုက်ပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်သတည်း။

## ခက်ဆစ်အဖွင့်

၁။ ချည်ချောဝင့် = ဗိုင်းတောင့်မှ ဝါမျှင်တို့ကို ဆွဲထုတ်ကာ ချည်ကျစ်သည်။ ဗိုင်းဝင့်သည်။ ဗိုင်းငင်သည်။

၂။ အစာတင် = ချည်ခင်ကို ကျစ်လျစ်သိပ်သည်းစေရန် ကော်ရည်ဆွတ်သည်။

## ၈။ သားတရား စီရင်ခန်း

**သားတရား** ဟူသည်ကား တစ်နေ့သ၌ မိန်းမတစ်ယောက်သည် မိမိသားငယ်ကို ပိုက်ချီလျက် ရေချိုးအံ့သောငှာ မဟော်သဓာသုခမိန် စီရင်သော ရေကန်သို့လာလတ်၍ ထိုရေကန်၌ သားငယ်ကို ရေချိုးပြီးသော် မိမိရေချိုးအံ့သောငှာ သားငယ်ကို အဝတ်ပေါ်၌ သိပ်ထားပြီးလျှင် ရေကန်နားသို့ ဆင်းသက်လေ၏။ ထိုအခါ ဘီလူးမတစ်ယောက်သည် ထိုသူငယ်ကိုမြင်လျှင် စားချင်သောစိတ်ရှိသဖြင့် မိန်းမအသွင် ဖန်ဆင်းလျက် လာလတ်၍ "အဆွေမ၊ ဤသူငယ်သည် ချစ်ဖွယ်သနားဖွယ်ရှိ၏။ သင့်သားပေလော" ဟုမေး၏။ သူငယ်အမိလည်း "အဆွေမ၊ ကျွန်ုပ်သားပင်တည်း" ဟုဆိုလတ်သော် ဘီလူးမသည် ထိုသူငယ်ကိုချီ၍ "နို့တိုက်စမ်းပါရစေ" ဟုဆို၏။ သူငယ်အမိလည်း သဘောရိုးထင်၍ "တိုက်ပါတော့" ဟုဆိုလျှင် ဘီလူးမသည် သူငယ်ကိုပိုက်၍ နို့တိုက်ယောင်ဟန် အတန်ငယ်ရှင်စေ၍ ဆောင်ယူပြေးလေ၏။ သူငယ်အမိလည်း ငါ့သားကိုယူ၍ အဘယ်သို့ သွားမည်နည်းဟုလိုက်လျက် ဘီလူးမကို ကိုင်ဆွဲ၏။ ဘီလူးမသည်လည်း "သင့်သား အဘယ်မှာရှိသနည်း။ ဤသူငယ်ကား ငါ့သားတည်း" ဟုဆို၏။ ဤသို့ ငြင်းခုံကြလျက် ဘုရားလောင်းကစားရာ ဇရပ်တံခါးဝသို့ ရောက်ကြလေ၏။

ဘုရားလောင်းသုခမိန်သည် ဆိုခဲ့ပြီးသောနည်းဖြင့် မေးမြန်းပြီးလျှင် ထိုမိန်းမနှစ်ယောက်ကို ခေါ်စေ၍ ရောက်သောအခါ "သင်တို့ အဘယ်ကြောင့် ခိုက်ရန်ဖြစ်ကြသနည်း" ဟုမေး၏။ ဘီလူးမသည် "အရှင့်သား၊ ကျွန်ုပ်သားကို ကျွန်ုပ်ရင်၌ပိုက်ချီ၍ အလိုအလျောက် ခရီးသွားပါသည်။ ဤမိန်းမသည် ကျွန်ုပ်ကိုမျှ မသိမကျွမ်း ဘဲလျက် သူ့သားကို ယူဘိသည်ဟု ယိုးစွပ်ခဲ့သည်" ဟုဆို၏။ သူငယ်အမိကလည်း "အရှင့်သား၊ ထိုသို့ မဟုတ်ပါ" ဟုဆို၍ အလုံးစုံဟုတ်တိုင်း ပြန်ကြားလေ၏။ ဘုရားလောင်းသည် စကားနှစ်ရပ်ကို ကြားပြီး၍ ထိုမိန်းမတို့ အမူအရာလက္ခဏာကို ဆင်ခြင်လတ်သော် ဤမိန်းမကား မျက်တောင်လည်းမခတ်၊ မျက်ထောင့်လည်းနီ၏။ ရဲလည်းရဲရင့်၏။ ဘီလူးမတည်း။ ဤမိန်းမကား သူငယ်အမိတည်းဟု အဟုတ်အမှန် သိပြီး၍ "သင်တို့ငါ့အဆုံးအဖြတ်၌ တည်ကြအံ့လော" ဟုမေး၏။ "အရှင့်သား၊ တည်ပါမည်" ဟု နှစ်ဦးလုံး ဝန်ခံကြလျှင် မဟော်သဓာသုခမိန်သည် မြေ၌ စည်းသားပြီးသော် စည်းပေါ်၌ ထိုသူငယ်ကိုသိပ်ထား၍ ဘီလူးမကို သူငယ်၏လက်တို့၌ သူငယ်၏အမိကို ခြေတို့၌ကိုင်စေပြီးလျှင် "သင်တို့နှစ်ယောက် လုကြကုန်။ လုနိုင်သောသူ သားရှင်ဖြစ်စေ" ဟုဆို၏။ ထိုမိန်းမနှစ်ယောက်တို့လည်း ဘုရားလောင်းဆိုတိုင်း လုကြလတ်သော် သူငယ်သည် အလွန်နာကျင်သည်ဖြစ်၍ သည်းစွာငိုလတ်လျှင် အမိသည် မိမိနှလုံးကွဲအံ့သကဲ့သို့ ပြင်းစွာပင်ပန်းသည် ဖြစ်၍ သူငယ့်ခြေမှလက်ကို လွှတ်ပြီးလျှင် ရပ်လျက် ညှိုးငယ်စွာနေ၏။

ထိုအခါ မဟော်သဓာသုခမိန်သည် ပရိသတ်အပေါင်းတို့အား "အချင်းတို့၊ သူငယ်တို့ကို မိခင်တည်းသာ၍ချစ်သလော။ အမိမဟုတ်သောသူတည်းသာ၍ ချစ်သလော" ဟုမေး၏။ လူအပေါင်းတို့လည်း "အရှင့်သား၊ အမိသာလျှင် သားတို့၌လွန်စွာချစ်၏" ဟုဆိုကြလတ်သော် ဘုရားလောင်းသည် "အချင်းတို့၊ ယခုသူငယ်ကို လုယူနိုင်သော မိန်းမတည်း၊ ထိုသူငယ်၏ မိခင်လော၊ မလုနိုင်မှိုင်၍နေသော မိန်းမတည်း ထိုသူငယ်၏

မိခင်လော။ သင်တို့ အသို့ထင်ကြသနည်း” ဟုမေး၏။ ပရိသတ်တို့သည် “အရှင့်သား၊ သူငယ်၏ နာကျင်ခြင်းဖြင့် သည်းမခံနိုင်၍ လွှတ်လိုက်သော မိန်းမသည်သာ သူငယ်၏မိခင်ဖြစ်မည်ဟု ကျွန်ုပ်တို့ထင်သည်” ဟုဆိုကြကုန်၏။ ဘုရားလောင်းသည် “အချင်းတို့၊ ထိုသူငယ်ကို ခိုးယူသော မိန်းမကို သင်တို့သိကြကုန်၏လော” ဟု မေး၏။ “အရှင့်သား၊ ကျွန်ုပ်တို့မသိကြကုန်” ဟု ဆိုလတ်သော် “အချင်းတို့၊ ဤမိန်းမကား လူမဟုတ် ဘီလူးမတည်း။ ဤသူငယ်ကိုစားလို၍ ခိုးယူသည်” ဟုဘုရားလောင်းဆို၏။ ပရိသတ်တို့လည်း “အရှင်သား၊ အဘယ်ကြောင့်သိသနည်း” ဟု မေးကြလတ်လျှင် “အချင်းတို့၊ ဤသားခိုးမကို သင်တို့ရှုလော့။ မျက်တောင်လည်းမခတ်။ မျက်ထောင့် လည်းနီ၏။ သူငယ်၌ သနားချစ်ခင်ခြင်းလည်း အလျဉ်းမရှိ။ ထိုသို့သော အကြောင်းတို့ကြောင့် ဘီလူးမဟု သိရသတည်း” ဟုဆို၏။ ဤသို့ပရိသတ်တို့နှင့် ပြောဆိုပြီးလျှင် မဟော်သဓာသုခမိန်သည် ဘီလူးမကို “သင်အဘယ်သူနည်း မှန်တိုင်းပြောလော့” ဟု မေး၏။ ဘီလူးမသည် “အရှင့်သား အကျွန်ုပ် ဘီလူးမပင်မှန်ပေ၏” ဟု ဝန်ခံလတ်သော် “အဘယ်ကြောင့် ဤသူငယ်ကို အသင်ဖမ်းသနည်း” ဟု မေး၏။ ဘီလူးမလည်း “အရှင့်သား၊ ဤသူငယ်ကို အကျွန်ုပ်စားလို၍ ဖမ်းသည်” ဟုဆိုလတ်လျှင် ဘုရားလောင်းသည် “ဟယ် ဘီလူးမ၊ သင်သည် ရှေးသံသရာက မလိမ္မာ မိုက်စွာသောအလျောက် သူ့အသက်ကို သတ်ခြင်းအစရှိသော မကောင်းမှုကို ပြုကျင့်မိဖူးသောကြောင့် ယုတ်မာစွာသော ဤဘီလူး၊ ဖုတ်၊ ပြိတ္တာမျိုး၌ဖြစ်ရလျက် ထိတ်လန့်ခြင်းကိုမျှမရ၊ ယခုတစ်ဖန် မကောင်းမှုကို ပြုကျင့်ပြန်သည်ကား သင်၏အမိုက်သည် အလွန်အံ့ဩဖွယ်ရှိပေစွ” ဟုဆိုပြီးလျှင် ဘီလူးမအား နောင်ဤကဲ့သို့ မကောင်းမှုကို မပြုလေနှင့်ဟု ငါးပါးသီလ၌ တည်စေလျက် လွှတ်လိုက်၏။ သူငယ့်အမိလည်း “အရှင့်သား၊ အကျွန်ုပ်မွေးသော အသက်သည် ဤသူငယ်တွင် မရှိပြီ။ အရှင့်သားပေးသော အသက်သာ ရှိတော့သည်” ဟု ဝမ်းမြောက်ဝမ်းသာ ချီးမွမ်းပြီးလျှင် “အရှင်သားသည် အာယုကပ်ပတ်လုံး အသက်တော် ရှည်စေသတည်း” ဟု ဆုတောင်း ဆုယူပြုလျက် သားငယ်ကို ပိုက်ချီ၍ မိမိအိမ်သို့ သွားလေသည်။ ဤသို့သော အခြင်းအရာကို လျှောက်စာတင်၍ အမတ်သည် မင်းကြီးအား လျှောက်ထားစေပြန်၏။ ဝိဒေဟရာဇ်မင်းကြီးလည်း ရှေးနည်းအတူလျှင် သေနကအမတ်ကြီးနှင့် တိုင်ပင်၍ သေနကအမတ်ကြီး ဟန့်တားပြန်လျှင် စိတ်လျှစ်လျူဖြစ်သဖြင့် စုံစမ်းလေဦးဟု အမတ်ထံသို့စေလိုက်ပြန်၏။

ဤလည်း ဘုရားလောင်း၏ ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်သတည်း။

## စကားလုံးအဖွင့်

၁။ မျက်ထောင့် = မျက်လုံး၏ ထောင့်စွန်း။

၂။ သံသရာ = ဘဝအသစ်ဖြစ်ခြင်းဖြင့် အစဉ်မပြတ်ဘဲ အဖန်တလဲလဲ ကျင်လည်ရာ ဘဝဆက်။ ဘဝအစဉ်။

၃။ ဖုတ် = မြေစောင့်ပြိတ္တာ၊ နာနာဘာဝကောင်။

၄။ ပြိတ္တာ = အပါယ်လေးဘုံသား အပါအဝင် ချမ်းသာ ခြင်းကင်းသော တစ္ဆေ၊ မှင်စာ၊ သရဲ၊ ဘီလူးစသော နာနာဘာဝ သတ္တဝါအမျိုးမျိုး။

၅။ အာယုကပ် = သက်တမ်း။

MCRS
Reference
Library

## ၉။ ရထားတရား စီရင်ခန်း

**ရထားတရား** ဟူသည်ကား ယောက်ျားတစ်ယောက်သည် မျက်နှာဆေးအံ့သောငှာ တစ်ခုသော ရွာမှ လှည်းရထားစီးလျက် ထွက်သွားလေ၏။ ထိုအခါ သိကြားမင်းသည် လောကကိုကြည့်လတ်သော် ဘုရားလောင်းကိုမြင်၍ ဤသုခမိန် ဘုရားအညွန့်အား ပညာဂုဏ်ထင်ရှားသော အဖြစ်ကို ငါပြုခြင်းငှာထိုက်၏ဟု လူ၏အသွင်ဖြင့် လာလတ်၍ ထိုရထားစီးလျက်သွားသော ယောက်ျား၏ ရထားနောက်စွန်းကို ကိုင်လျက် အစဉ်အတိုင်းလိုက်၏။ ရထားရှင်သည် ရထားနောက် မြီးစွန်းကိုကိုင်လျက် အစဉ်တစိုက် လိုက်သော လုလင်ကိုမြင်လျှင် ဤသူသည် အဘယ်အကြောင်းရှိ၍ နောက်သို့ အစဉ်တစိုက်လိုက်သည် မသိဟုကြံလျက် "အချင်းယောက်ျား၊ သင် အဘယ်ကို အလိုရှိ၍ ရထားနောက်စွန်းကို ကိုင်လျက် အစဉ် တစိုက် လိုက်ဘိသနည်း" ဟုမေး၏။ သိကြားလုလင်လည်း "အရှင်၊ အကျွန်ုပ်သည် သင်၏အထံ၌မှီခို၍ နေလိုပါသောကြောင့် လိုက်သည်" ဟုဆို၏။ ထိုစကားကို ကြားလျှင် ရထားရှင်သည် "လုလင် ကောင်းပြီ နေတော့" ဟုဆိုလျက် အတန်ငယ်သွားပြီးသော် ရထားကိုတန့်ရပ်စေပြီးလျှင် ရထားမှဆင်းသက်၍ ကိုယ်လက်သုတ်သင်အံ့သောငှာသွား၏။ ထိုရထားရှင် ကိုယ်လက်အသုတ်အသင် သွားခိုက်တွင် သိကြားမင်းသည် ရထားပေါ်သို့ တက်၍ ရထားကိုစိုင်းနှင်ပြေးလေ၏။ ရထားရှင်လည်း ကိုယ်လက်သုတ်သင်ပြီး၍ လာလတ်သော် ရထားကို လုလင်ခိုးယူပြေးသည်ဟုသိလျှင် "အချင်း၊ ရပ်လော့ ရပ်လော့" ဟု အလျင်တဆောကိုင်လျက် မီလတ်သောအခါ "အချင်း၊ သင်အဘယ်ကြောင့် ရထားကိုခိုး၍ ပြေးနှင့်သနည်း" ဟုဆို၏။ သိကြားမင်းလည်း "သင့်ရထား ဘယ်မှာနည်း ဤရထားကား ငါ့ရထားတည်း။ သင့်ရထားနှင့် အလားတူ၍သာ သင်အထင်မှားသည်ဖြစ်မည်။ သင့်ရထားမဟုတ်" ဟုဆို၏။ ဤသို့အချင်းချင်း အငြင်းအခုံစကားနှင့် လူအများလည်း ရှုကြည့်ဝန်းရံကုန်လျက် ဘုရားလောင်းကစားရာ ဇရပ်တံခါးဝခရီးမသို့ ရောက်လာကြကုန်၏။

မဟော်သဓာသုခမိန်သည် ထိုသူနှစ်ယောက်ကိုခေါ်ချေဟု စေလိုက်သဖြင့် ဖွားဖက်ရွှေဖော်တို့ခေါ်ခဲ့၍ ထိုသူနှစ်ယောက်တို့လာလတ်သော် ဘုရားလောင်းသည် ဤသူကား သူတစ်ပါးကို ခန့်ညား ကြောက်ရွံ့ခြင်း တစိုးတစိမျှမရှိ အလွန်ရဲရင့်၏။ မျက်တောင်လည်း စိုးစဉ်းမျှမခတ်။ စင်စစ် ဤသူသည် လူမဟုတ် သိကြားနတ်တည်း။ ဤသူကား ရထားရှင်တည်းဟု အတပ်အမှန် သိပြားသော်လည်း တရား သူကြီးတို့ စစ်မေးရိုးထုံးစံရှိသည့် အတိုင်း အငြင်းအခုံစကားကိုမေး၍ အသီးသီးထွက်ဆိုကြသည့် စကားနှစ်ရပ်ကို ကြားပြီးသော် "သင်တို့သည် ငါ၏ အဆုံးအဖြတ်၌ တည်ကြအံ့လော" ဟုမေး၏။ "တည်ပါမည်" ဟုနှစ်ဦးစလုံး ဝန်ခံကြလတ်လျှင် မဟော်သဓာသုခမိန်သည် "အချင်းတို့၊ သင်တို့ရထားကို ငါ၏ လူ တစ်ယောက်ကို စိုင်းနှင်စေအံ့။ သင်တို့နှစ်ယောက် ရထားနောက်မြိတ်ကို တစ်ဖက်စီကိုင်ဆွဲ၍ လိုက် ကြလော့။ ရထားကိုမလွှတ်လျှင် ရထားရှင်ဖြစ်စေ။ လွှတ်လျှင်ရထားခိုးဖြစ်စေ" ဟု ဆိုပြီးသော် ရထားကို လုလင်တစ်ယောက်က နှင်စေလျက် ထိုသူနှစ်ယောက်ကိုလည်း ရထားနောက်မြိတ်ကိုဆွဲ၍ လိုက်စေ၏။ ထိုအခါ ရထားရှင်သည် လူဖြစ်သောကြောင့် ပန်းမောသော ကိုယ်ဖြင့် ဆုံးလိုလည်းဆုံးစေတော့ဟု အားလျော့ပါးသဖြင့် ရထားမှလွှတ်လျက် ကြည့်မျှော်ကာ ရပ်နေရစ်၏။

သိကြားမူကား ရထားနှင့်ထက်ကြပ် ကပ်လျက် လိုက်လေ၏။

မဟော်သဓာသုခမိန်သည် ရထားကို ပြန်လည်စေပြီးသော် ပရိသတ် အပေါင်းတို့အား "အချင်းဟို့၊ ဤသူကား ရထားနောက်သို့ အတန်ငယ်မျှလိုက်၍ လွတ်လိုက်သဖြင့်နေရစ်၏။ ဤသူကား ရထားနောက်က ထက်ကြပ်ပင်လျှင် လိုက်၏။ ထိုသို့လျက် ဤရထားကို လွတ်သောသူလောက်မျှပန်းဟန်မထင်။ ကိုယ်တွင်လည်း ချွေးတစ်ပေါက်မျှ မထွက်၊ ထွက်သက် ဝင်သက်လည်း မလှိုက်မဖို။ မည်သည်ကိုမျှလည်း ကြောက်လန့်ခြင်းမရှိ။ မျက်စိကြောင်ကြောင် မျက်တောင်မျှလည်းမခတ်။ ဤအတ္တုပ္ပတ္တိကို ထောက်ထားသော် သိကြားနတ်စင်စစ်ဖြစ်သည် လူမဟုတ်" ဟုဆိုပြီးလျှင် သိကြားကို "သင် သိကြားမဟုတ်လော" ဟုမေး၏။ သိကြားမင်းသည် "သုခမိန်၊ ငါသည် သုခမိန် ဆိုတိုင်းပင် သိကြားမင်းမှန်ပေ၏" ဟုဆိုလတ် သော် "သင်သိကြား နတ်မင်းဖြစ်လျက် အဘယ်ကြောင့် ဤသို့သောအမှုကို ပြုလာဘိသနည်း" ဟုမေး၏။ သိကြားမင်းလည်း "သုခမိန်၊ သင်၏ ပညာကျေးဇူး ထင်ရှားစေလို၍ ငါလာသည်" ဟုဆိုလျှင် "သိကြားနတ်မင်း၊ အသင်သည် နောင်ကိုဤသို့ မပြုလာနှင့်" ဟုဆုံးမပေ၏။ သိကြားမင်းသည် မိမိတန်ခိုးကိုပြုလျက် ကောင်းကင်၌နေ၍ မဟော်သဓာသုခမိန်သည် တရားကိုကောင်းစွာဆုံးဖြတ်ပေ၏ဟု ကောင်းချီးပေးပြီးလျှင် နတ်ပြည်သို့ သွားလေ၏။

ထိုအခါ ဘုရားလောင်း၏ ပညာကျေးဇူးကို ဆင်ခြင်စုံစမ်းလျက် စောင့်နေရသောအမတ်သည် အထက်တရား အဆုံးအဖြတ်များမှာကဲ့သို့ အခြားသူကိုမစေမူ၍ မိမိကိုယ်တိုင်ပင်လျှင် ဝိဒေဟရာဇ်မင်းကြီး ထံသွားပြီးသော် ရထားတရား၌ စီရင်ဆုံးဖြတ်ကြောင်း အတ္တုပ္ပတ္တိရှိတိုင်းကို လျှောက်ထားပြီးလျှင် "အရှင်မင်းကြီး၊ အမှုဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မိမိတန်ခိုးဖြင့် သူတစ်ပါးတို့ စိတ်နှလုံးကို ထင်ယောင်ထင်မှားရှိအောင် ဖန်ဆင်းတတ်သော သိကြားနတ်များမှသော်လည်း တရားမဟုတ်လျှင်မနိုင်။ မဆိုင်လျှင် ရှုံးစေခြင်းငှာစွမ်းနိုင်သောလောကတွင် နှစ်ယောက်မထင် ပညာရှင်ယောကျ်ားထူး ယောကျ်ားမြတ် နတ်မျက်စိသဖွယ်ဖြစ်သော သုခမိန်ကိုဆောင်ယူချိန် အခါရွေးလျက် ဆေးလေးနွဲ့ဖင့်၍ နေသင့်တော့မည်မထင်။ ယခုပင်ဆောင်ယူတော်မူပါ" ဟုလျှောက်ထား၏။ ထိုစကားကိုကြားလျှင် ဝိဒေဟရာဇ် မင်းကြီးသည် "အချင်းအမတ်၊ သင်ဆိုတိုင်းပင် အလျင်တဆော ငါကိုယ်တိုင်သွား၍ သတို့သားကို ဆောင်ယူချင်သော စေတနာသည် ကောင်းကင်မှသားတစ်ကို ဟစ်လိုက်သော အသံနှက်၍ စွန်လက်မှ လွတ်ရသည်ဟု ကြားဦးစကပင် အခါခါ အခေါက်ခေါက် ရောက်၏။ သို့ပင်ဝမ်းမြောက်စိတ်ဖိတ်ယိုခြင်းရှိသော်လည်း အမတ်ကြီး သုခမိန်လေးယောက်တို့သည် ရှေ့နောက်ရှုတွေးလျက် မင်းရေးမင်းခွင်၌ မြင် မြော်ကျွမ်းကျင်လိမ္မာစွာ အရာရာသော သုတပညာဖြင့် ငါ့၏အိပ်မက်တော် အထက်က ဖတ်ကြားသည်လည်း နတ်မျက်စိဖြင့် ကြည့်ရှု၍မြင်သကဲ့သို့ ထင်ရှားစွာသောပညာရှိ ဖြစ်ကြပေသည်နှင့်အညီ ပညာရှိသုခမိန်တို့ကို မတိုင်မပင် အလျင်တဆောမပြုသာသေး ဖြစ်သည်တစ်ကြောင်း၊ ထိုသတို့သားလည်း အရွယ်အားဖြင့် နုနယ်ငယ်ရွယ်သေးသည်၊ ကျေးဇူးပညာလည်း အရာအချက်နည်း သေးသည်တစ်ကြောင်း ဖြစ်၍ သူခပ်သိမ်းတို့ အပြစ်တင်လွတ်လောက်အောင် အမတ်ကြီး သုခမိန်တို့နှင့် တိုင်ပင်ခွင့် ရှိပေသေးသည်" ဟုဆိုပြီးလျှင် သေနကသုခမိန်အမတ်ကြီးကိုခေါ်၍ ရထားတရား၌ သိကြားကိုအရှုံးပေးကြောင်း အလုံးစုံကိုချီးမွမ်းပြောဆိုပြီးသော် "ဆရာအမတ်ကြီး မဟော်သဓာသုခမိန်ကို

ဆောင်ယူရသော် တော်သင့်ပြီ မဟုတ်လော" ဟု ဟိုင်ပင်မေးမြန်း၏။ မင်းကြီးစကားကို ကြားလျှင် သေနကအမတ်ကြီးလည်း "အရှင်မင်းကြီး၊ ဤမျှလောက်သောတရားကို ဆုံးဖြတ်နိုင်ကာမျှနှင့် သုခမိန်မခန့်လောက်သေး။ ပညာရှိသောသူတို့ ခက်ခဲအောင် လျှို့ဝှက်၍ မေးအပ်သော အမေးပြဿနာတို့ကို ဖြေဆိုနိုင်မှ ပညာရှိသုခမိန်ခန့်ခြင်းငှာ ထိုက်ပါသည်။ ပညာရှိမရှိကို သိသာအောင် ယခုငံ့ဆိုင်းနေတော်မူ၍ ပညာစမ်း မေးတော်မူဦးလော့" ဟု လျှောက်ဆို၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်သတည်း။

ဤသို့ဆိုအပ်ခဲ့ပြီးသော မံသ၊ ဂေါဏ၊ ဂန္ထိ၊ သုတ္တ၊ ပုတ္တ၊ ဂေါတ၊ ရထ ဤခုနစ်ပါးတို့ကို သတို့သား လက်ထက် အသက်ခုနစ်နှစ်အရွယ်က သူငယ်များနှင့် ကစားရင်းစီရင်၍ ထင်ရှားစွာ ခုနစ်ခါ၊ ခုနစ်ကြိမ်၊ အရှိန်အစော် ကျော်စောစွာ ဖြစ်သတည်း။

**သတ္တဒါရက ပဥှာခန်း ပြီး၏။**

**မက်ဆစ်အဖွင့်**

| | | | |
|---|---|---|---|
| ၁။ | တစဉ်တစိုက် | = | ထက်ကြပ်မကွာ၊ တောက်လျှောက်၊ မရပ်မနား။ |
| ၂။ | ခန့်ညား | = | ကြောက်သည်။ ရွံ့သည်။ |
| ၃။ | တစိုးတစိ | = | အနည်းငယ်။ |
| ၄။ | စိုးစဉ်း | = | အနည်းငယ်။ |
| ၅။ | ရထားနောက်မြိတ် | = | ရထားနောက်စွန်းပိုင်း။ |
| ၆။ | ထက်ကြပ် | = | အတူတကွ၊ မကင်းမကွာ။ |
| ၇။ | ဆေးလေးနှံဖွင့် | = | လေးပင်ဖင့်နွဲ့သည်။ |
| ၈။ | စေတနာ | = | စေ့ဆော် တိုက်တွန်းတတ်သော တရား။ |
| ၉။ | ပညာစမ်း | = | အရည်အသွေးကို သိရအောင် ပြုသည်။ |

## ၁၀။ ရှားလုံ့တံ ပြဿနာဖြေခန်း

ဆိုလတ္တံ့သော ပညာစမ်းကို စီရင်ခြင်းသည်ကား သေနကအမတ်ကြီး၏ အတတ်ပညာသာတည်း။ ရှားလုံ့တံပြဿနာဟူသည်ကား တစ်နေ့သ၌ ဝိဒေဟရာဇ် မင်းကြီးသည် မဟော်သဓာကို စုံစမ်းအံ့ဟု ရှားနှစ် တစ်ခုကိုယူစေ၍ တစ်ထွာလောက် ဖြတ်ပြီးလျှင် ပန်းပွတ်သမားတို့ကို အလုံးစုံညီစွာ ပွတ်ခံစေပြီးသော် အရှေ့ ယဝမဇ္ဈဂုံးရွာသားတို့ ပညာရှိကြောင်းကို ငါကြားသိတော်မူရသည်။ ဤရှားတုတ်ကို အရင်းအဖျား မည်သည်ကဖြစ်သည်ဟု အတပ်အမှန်သိကြစေ။ ဤရှားတုတ်၏ အရင်းအဖျားကို မသိကုန်သော သူတို့အား ဒဏ်တစ်ထောင်ခတ်မည်ဟု ရာဇသံစကားနှင့် ရှားလုံ့တံကို ပါစီနယဝမဇ္ဈဂုံးရွာ သို့ပို့စေ၏။ ပါစီနယဝမဇ္ဈဂုံး ရွာသားတို့သည် စည်းဝေးရုံးစု၍ ကြည့်ဆင်ခြင်လတ်သော် ထိုလုံ့တံ၏ အရင်းအဖျားကို တစ်ယောက်သောသူမျှ မသိနိုင်ဖြစ်ကြကုန်လျှင် ရွာသားအပေါင်းတို့သည် "အချင်းတို့၊ ငါတို့သည် ဤရှားလုံ့တံ၏ အရင်းအဖျားကို မသိနိုင်ကြဖြစ်၍ ထိုအကြောင်းကို မင်းကြီးအား လျှောက်လျှင်လည်း တစ်ယောက်တစ်ထောင်စီမှန်မှန် ရာဇဒဏ်ခံကြရတော့မည်။ အဘယ်သို့ကြံမည်နည်း" ဟု တိုင်ပင် ကြသော် သီရိဝဍ္ဍနရှင်သူဌေးသားမဟော်သဓာ သုခမိန်သည် ခုနစ်ကြိမ်ခုနစ်ခါ ခဲခက်စွာသော တရားကို ကစားရင်းပင် ဆုံးဖြတ်နိုင်သည်။ သူငယ်ပင်ဖြစ်သည်ဟု မလောက်မလေးပြုသာမည်မဟုတ်။ ပညာသာလျှင် ပဓာနဖြစ်ချေသည်။ ဤရှားလုံ့တံ၏ အရင်းအဖျားကို သူဌေးသားသိကောင်းရာ၏ဟု ပြောဆိုကြ၏။

ထိုအခါ သီရိဝဍ္ဍနသူဌေးကြီးသည် "ကောင်းပြီ။ ငါသားအားမေးစမ်းအံ့" ဟုဆို၍ ကစားရာဇရပ်သို့ သွားပြီးလျှင် မိမိသားတော် ဘုရားလောင်းကိုခေါ်၍ မင်းကြီး၏ရာဇသံနှင့် ရှားလုံ့တံအကြောင်းကို ပြောဆို ပြီးသော် "ချစ်သား၊ ငါတို့သည် ရှားလုံ့တံ၏ အရင်းအဖျားကို မသိနိုင်ကုန်။ ချစ်သား သိနိုင်ပါမည်လော" ဟုမေး၏။ ခမည်းတော်သူဌေးကြီး စကားကိုကြားလျှင် ဘုရားလောင်းသည် ဤသို့ကြံ၏။ မင်းကြီးအား ဤရှားလုံ့တံ တစ်ထွာမျှလောက်ကို အရင်းအဖျားသိရုံဖြင့် အဘယ်အသုံးဝင်အံ့နည်း။ ငါ့အား ပညာစမ်း စေလွှတ်သည်သာ ဖြစ်မည်ဟု ကြံပြီးလျှင် "ဖခင်၊ ဤရှားလုံ့တံကိုဆောင်ယူခဲ့လော့။ အကျွန်ုပ် အရင်းအဖျား ကို သိလတ္တံ့" ဟုဆို၍ ရှားလုံ့တံကို ဆောင်ယူစေပြီးသော် ဘုရားလောင်းသည် လက်ဖြင့်ရှားလုံ့တံ၏ အလယ် ၌ကိုင်၍ ချိန်ကာမျှဖြင့် ဤကားအရင်း၊ ဤကားအဖျား ဖြစ်သည်ဟု သိပြီးသော်လည်း အများအား ထင်ရှား စေခြင်းငှာ ရေခွက်တစ်ခုကိုဆောင်ယူစေပြီးလျှင် ရှားလုံ့တံ၏ အလယ်ချက်တည့်တည့်၌ ချည်ကြိုး ဖြင့်ချည်၍ ကြိုးစွန်ကကိုင်စေလျက် ရေအပြင်၌ တင်ကာထား၏။ ထိုအခါ အရင်းသည် လေးသောကြောင့် ရှေးဦးစွာနစ်၏။ ထိုသို့ရေ၌ချ၍ သိပြီးသော် မဟော်သဓာသုခမိန်သည် "ပရိသတ်အပေါင်းတို့၊ သစ်ပင်တို့၌ အရင်းနှင့် အဖျားသည် အဘယ်မှာလေးမည်နည်း" မေး၏။ လူအပေါင်းတို့သည် "သုခမိန် အရင်းသာလျှင် လေး၏" ဟု ဆိုကြလတ်သော် ဘုရားလောင်းသည် ပရိသတ်အပေါင်းတို့ ထိုသို့တပြီးကား ဤရှားလုံ့တံကို ရှေးဦးစွာ ရေ၌နစ်ရာကို အရင်း၊ နောက်မှ နစ်ရာကို အဖျားဟု မှတ်သား၍ မင်းကြီးအား ဆက်လေလော့ဟုဆို၏။ လူ အပေါင်းတို့သည်လည်း ဘုရားလောင်းဆိုတိုင်းမှတ်သား၍ ဆက်စေ၏။ ဝိဒေဟရာဇ်မင်းကြီးလည်း

"ဤအကြောင်းကို အဘယ်သူသိပါသနည်း" ဟုမေး၍ "သီရိဝဍ္ဍနသူဌေး၏သား မဟော်သဓာသုခမိန် သိပါသည်" လျှောက်သဖြင့် ကြားလတ်သော် သေနကအမတ်ကြီးကိုခေါ်၍ တိုင်ပင်မြဲတိုင်ပင်ပြန်၏။ သေနက အမတ်ကြီးသည်လည်း "အရှင်မင်းကြီး၊ ငုံတော်မူဦးလော့ အထူးအခြားတစ်ပါးသော ပြဿနာဖြင့် ပညာစမ်း သပ်ဖွယ် ရှိသေးသည်" ဟုလျှောက်၍ မင်းကြီးငုံ့နေပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်သတည်း။

## ခက်ဆစ်အဖွင့်

| | | |
|---|---|---|
| ၁။ ပန်းပွတ် | = | သစ်သား၊ ဆင်စွယ်စသည့် ပစ္စည်းဝတ္ထုများကို လိုရာပုံအတိုင်း ချောမွတ်အောင် ပွတ်ခံပြုလုပ်သည့်အတတ်ပညာ။ |
| ၂။ ရာဇသံ | = | နောက်ဆုံးအနေဖြင့် ကမ်းလှမ်းပြောဆို သတိပေးချက်။ |
| ၃။ မလောက်မလေး | = | ရိုသေလေးစားခြင်းမရှိဘဲ၊ အရိုအသေမဲ့ပြုလျက်။ |
| ၄။ ပဓာန | = | လိုရင်း၊ အရေးကြီးသောအခြေခံ။ |

## ၁၁။ ဦးခေါင်းခွံ ပြဿနာဖြေခန်း

**ဦးခေါင်းခွံပြဿနာ** ဟူသည်ကား ထိုရှားလုံတံကို မေးပြီးသည်၏ နောက်တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် မိန်းမဦးခေါင်းခွံ၊ ယောကျ်ားဦးခေါင်းခွံတို့ကို ရအောင်ရှာဆောင်စေပြီးလျှင် "အရှေ့ပါစီနယဝမဇ္ဈဂုံးရွာသားတို့၊ ဤဦးခေါင်းခွံနှစ်လုံးကို ဤကား မိန်းမဦးခေါင်းခွံ၊ ဤကား ယောကျ်ားဦးခေါင်းခွံဟု အတပ်အမှန်သိသာအောင် လျှောက်ရမည်။ မသိလျှင် ရာဇဒဏ် တစ်ထောင်သင့်စေမည်" ဟု ရာဇသံနှင့်ကကွ ဦးခေါင်းခွံနှစ်ခုလုံးကို အရှေ့ပါစီနယဝမဇ္ဈဂုံးရွာသို့ ပို့စေ၏။ အရှေ့ပါစီနယဝမဇ္ဈဂုံးရွာသားအပေါင်းတို့သည် မသိနိုင်ကြကုန်သည်ဖြစ်၍ ရှေးနည်းဖြင့် မဟော်သဓာသုခမိန်ထံ မေးမြန်းကြကုန်၏။

မဟော်သဓာသုခမိန်လည်း ဦးခေါင်းခွံနှစ်လုံးကိုမြင်လျှင် သိမ်မွေ့သောအရာကို ထင်စွာသိတတ်သော ဉာဏ်အစွမ်းဖြင့် ယောကျ်ားတို့၏ ဦးခေါင်းခွံ၌ ဦးခြားရေးသည်ဖြောင့်၏။ မိန်းမတို့၏ ဦးခေါင်းခွံ၌ ဦးခြားရေးသည် ယှက်တင်ကွေ့ကောက် နောက်သို့ပြန်လိမ်၍ သွား၏ဟုသိပြီးသော် "ဤဦးခေါင်းခွံကား မိန်းမဦးခေါင်းခွံ၊ ဤဦးခေါင်းခွံကား ယောကျ်ားဦးခေါင်းခွံတည်းဟု သင်တို့မှတ်သား၍ မင်းကြီးအားပို့ဆက်လေလော့" ဟုဆို၏။ ရွာသားအပေါင်းတို့လည်း ဘုရားလောင်းဆိုတိုင်းပင်လျှင် မင်းကြီးအား ပို့ဆက်ကုန်၏။ ဝိဒေဟရာဇ်မင်းကြီးလည်း "ဤအရာကိုသိသည်ကား အဘယ်သူ့ပညာနည်း" ဟုမေး၏။ ရွာသား တို့သည် "မဟော်သဓာ၏ ပညာဖြစ်ပါသည်" ဟုလျှောက်ကြား ကုန်လတ်သော် သေနကအမတ်ကြီးကို ရှေးနည်းဖြင့် တိုင်ပင်ပြန်၏။ သေနကအမတ်ကြီးလည်း "အရှင်မင်းကြီး ဤမျှသောအရာဖြင့်ပညာရှိသုခမိန် မခန့်လောက်သေး။ အသစ်စီမံ၍ စုံစမ်းရန်ပြဿနာရှိပါသေးသည်။ ငံ့တော်မူဦးလော့" ဟုလျှောက်ပြီး လျှင် ပြဿနာတစ်နည်းကို စီရင်ပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်သတည်း။

### ခက်ဆစ်အဖွင့်

၁။ ရာဇဒဏ် = မင်းပေးသော အပြစ်ဒဏ်။

## ၁၂။ မြွေ ပြဿနာဖြေခန်း

**မြွေပြဿနာ** ဟူသည်ကား ဦးခေါင်းခွံကို စမ်းပြီးသည့် နောက်တစ်နေ့သ၌ မြွေဖို၊ မြွေမနှစ်ခုကို ဖမ်းစေပြီးသော် မင်းကြီးသည် အရှေ့ယဝမဇ္ဈဂုံးရွာသားတို့ ပညာရှိသည်ဟု ငါကြားသိတော်မူရသည်။ ဤမြွေနှစ်ခုကို ဤကားမြွေဖို ဖြစ်သည်၊ ဤကားမြွေမ ဖြစ်သည်ဟု အတပ်အမှန် လျှောက်ဆိုကြရမည်။ အတပ်အမှန်မသိကုန်သော သူတို့အား ဒဏ်တစ်ထောင်သင့်စေဟု ရာဇသံနှင့်တကွ အရှေ့ယဝမဇ္ဈဂုံး ရွာသို့ပို့စေ၏။ ရွာသူရွာသားအပေါင်းတို့လည်း ရှေးနည်းအတူ မိမိတို့ပညာဖြင့် မသိနိုင်လတ်သော် မဟော်သဓာသုခမိန်ကို မေးမြန်းကြကုန်၏။

မဟော်သဓာသုခမိန်လည်း ထိုမြွေနှစ်ခုကိုမြင်လျှင် ဒိဗ္ဗစက္ခု အဘိညာဉ်ကိုရသော အရှင်တို့၏ မြင်ခြင်းကဲ့သို့ ပိတ်ဆို့ခြင်းကင်းသော ပညာအစွမ်းဖြင့် ဤမြွေကား ဦးခေါင်းလည်းကြီး၏။ အမြီးလည်းဖွံ့၏။ မျက်စိလည်းကျယ်၏။ လည်ရေးလည်းစပ်၏။ ဤသို့သော အခြင်းအရာရှိသောကြောင့် မြွေဖိုတည်း။ ဤမြွေကား ဦးခေါင်းလည်းငယ်၏။ အမြီးလည်းသွယ်၏။ မျက်စိလည်းကျဉ်း၏။ လည်ရေးလည်းမစပ်။ ဤသို့သော အခြင်းအရာရှိသောကြောင့် မြွေမတည်းဟု အတပ်အမှန်သိပြီးသော် "ဤကားမြွေဖို၊ ဤကားမြွေမ ဟုသင်တို့မှတ်သား၍ မင်းကြီးအား ပို့ဆက်လေလော့" ဟုဆို၏။ ရွာသားအပေါင်းတို့လည်း မဟော်သဓာဆိုတိုင်းပင်လျှင် မြွေဖို၊ မြွေမကို မှတ်သား၍ ဝိဒေဟရာဇ်မင်းကြီးအား ပို့ဆက်လေ၏။ မင်းကြီးလည်း "ဤမြွေနှစ်ခုကို အဖို၊ အမပြဆို နိုင်သူကား အဘယ်သူ့ စကားနည်း" ဟုမေး၏။ ရွာသားတို့လည်း "သူဌေးသား မဟော်သဓာ၏ပညာသာဖြစ်ပါသည်" ဟုလျှောက်ကြားကုန်လတ်သော် ဝိဒေဟရာဇ် မင်းကြီးသည် သေနက အမတ်ကြီးကိုခေါ်၍ ရှေးနည်းဖြင့်တိုင်ပင်ပြန်၏။ သေနကအမတ်ကြီးသည်လည်း "အရှင်မင်းကြီး၊ ဤမျှလောက်သော ပြဿနာသည် ခဲခက်သေးသည်မဟုတ်၊ ထို့ထက်သာ၍ ခက်ခဲသော ပြဿနာဖြင့် စုံစမ်းရန်ရှိပါသေးသည်။ သည်းခံတော်မူဦးလော့" ဟုလျှောက်၏။ မင်းကြီးလည်း အမတ်ကြီး သုခမိန်စကားကိုကြားလျှင် စိတ်လျှစ်လျူ ဖြစ်ပြန်၍ ပြဿနာတစ်နည်းကို စီရင်စေပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်သတည်း။

### ခက်ဆစ်အဖွင့်

၁။ ဒိဗ္ဗစက္ခုအဘိညာဉ် = နတ်မျက်စိကဲ့သို့ သိမြင်သောဉာဏ်။

၂။ လည်ရေး = လည်ပင်းအရေပြား၌ထင်သော အရေတွန့် အခေါက်အရစ်။

## ၁၃။ ကြက် ပြဿနာ ဖြေခန်း

**ကြက် ပြဿနာ** ဟူသော်ကား ထိုမြွေပြဿနာကို မေးပြီးသည်၏ နောက်တစ်နေ့သ၌ ဝိဒေဟရာဇ် မင်းကြီးသည် ဤသို့စေလိုက်ပြန်၏။ ပါစီနယဝမဗ္ဗဂုံးရွာသားတို့ ပညာရှိကြောင်းကို ငါကြားသိတော်မူ ရသည်နှင့်လျော်စွာ ငါအလိုရှိတော်မူသည်။ ထိပ်ပေါ်၌ လပို့ရောက်လျက် ခြေနှစ်ဖက်၌ ဦးချိုနှင့် ကိုယ်လုံး ကျွတ်ဖြူစွာ အခါသုံးတန်တို့၌ အမှန်တွန်တတ်သော ဥသဘတစ်ခုကို ယခုအလျင်အမြန် ငါ့ထံရောက်စေ။ မရောက်လျှင် ရာဇဒဏ်တစ်ထောင်ခံ ကြရမည်ဟု စေလိုက်၏။ ရွာသားအပေါင်းတို့လည်း ဦးခေါင်း၌ လပို့နေ၍ ခြေနှစ်ချောင်း၌ ဦးချိုရှိသောနွားကို တွေ့ဖူးမည်ကားထား၍ ကြားမျှမကြားဖူးလျက် အထူးငါတို့ သိနိုင်တော့မည်မဟုတ်ရာ။ မဟော်သဓာ၏ အရာသာတည်းဟု ဤအကြောင်းကို ဘုရားလောင်းအား ပြန်ကြားမေးမြန်းကြကုန်၏။

ဘုရားလောင်းသည် ထိုစကားကိုကြား၍ မဆုံးမီကပင် အလုံးစုံသောအနက်ကို ထက်လှစွာ ဉာဏ်ဖြင့် လျင်စွာသိလျက် "သင်တို့ ယခု မင်းကြီးစေလိုက်တော်မူသည်မှာ မင်းကြီးသည် သင်တို့ကို ကြက်ဖြူတစ်ဖဆက်စေတော်မူလိုသည်။ အဘယ်ကြောင့်နည်းဟူမူကား ကြက်သာလျှင်ခြေ၌ အတက် ထိပ်ထက် အမောက်ရောက်သည် တစ်ထူး၊ ညဉ့်ဦးယံ၊ သန်းခေါင်ယံ၊ မိုးသောက်ယံ ဤသုံးတန်သော အခါကိုမှန်စွာ မယုတ်မလွန် တွန်တတ်သည် ကိုစွဲ၍ အခဲအခက် လျှို့ဝှက်သော အမိန့်တော်ဖြစ်သည်။ ထို့ကြောင့် ကြက်ဖြူလှလှတစ်ဖရှာ၍ သင်တို့ယခု ပို့ဆက်ကြလေတော့" ဟုဆို၏။ ရွာသားအပေါင်း တို့လည်း ဘုရားလောင်းဆိုတိုင်း ကြက်ဖြူတစ်ဖကိုရှာ၍ မင်းကြီးအား ပို့ဆက်လေ၏။ ဝိဒေဟရာဇ်မင်းကြီး လည်း ရှေးနည်းအတူမေး၍ ဘုရားလောင်းဖြေကြောင်း အတ္ထုပ္ပတ္တိကို အတပ်အမှန်သိရပြီးသော် သေနကအမတ်ကြီး ကိုခေါ်၍ တိုင်ပင်ပြန်၏။ သေနကသုခမိန်သည် "အရှင်မင်းကြီး၊ ဤအရာလည်း ပညာမရှိလျှင် မသိနိုင်ရာ။ ဤအရာမျှကို သိတတ်သော ပညာရှိလည်း အများပင်ရှိရာသည်။ ပညာကျေးဇူးထူး သည် မယူလောက်သေး။ နောက်ကိုတစ်သွယ်စီမံ၍ စုံစမ်းရန် ပြဿနာရှိပါသေးသည်။ သည်းခံတော်မူပါဦးလေ" ဟုလျှောက်၍ မင်းကြီးငံ့နေပြန်သဖြင့် တစ်ဖန် ပြဿနာကို စီရင်ပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်သတည်း။

## ခက်ဆစ်အဖွင့်

၁။ လပို့ = နွား၊ ကုလားအုတ် စသည်၏ လည်ကုပ်ပေါ်၌ မို့မောက်သော အရိုးဆစ်ခုံး။

၂။ ကိုယ်လုံးကျွတ် = ခန္ဓာကိုယ် တစ်ခုလုံး။

၃။ ဥသဘ = နွားအုပ်ကို ဦးစီးသောနွား။

# ၁၄။ ပတ္တမြား ပြဿနာ ဖြေခန်း

**ပတ္တမြားပြဿနာ** ဟူသည်ကား ထိုဝိဒေဟရာဇ်မင်းကြီး၌ ဘုရားလောင်းကုသမင်း ဖြစ်တော်မူသောအခါ သိကြားမင်းပေးအပ်သော ပတ္တမြားသည် ထီးနန်းဖောက်သော်လည်း မပျောက်မပျက်၊ အဆက်ဆက်မင်းတို့လည်း သုံးဆောင်ရာဖြစ်၍ ဝိဒေဟရာဇ်မင်းကြီးလက်ထက်တိုင်ရှိ၏။ ထိုပတ္တမြားသည် ကြိုးထားရာ အပေါက်အကောက် ရှစ်ပါးရှိသည်ဖြစ်၍ ဝိဒေဟရာဇ်မင်း လက်ထက်အထက်က ကြိုးဟောင်း ပြတ်သဖြင့် ကြိုးတပ်၍ မသုံးဆောင်ရ ဖြစ်၏။ ဝိဒေဟရာဇ်မင်းကြီးသည် ထိုပတ္တမြားကို ပြဿနာပြု၍ မဟော်သဓာသုခမိန်ကို စုံစမ်းလိုသောကြောင့် အရှေ့မဗ္ဗဂုံးရွာသားတို့ ပညာရှိကြောင်းကို ငါကြားသိတော်မူရသည်နှင့်အညီ ဤပတ္တမြား၌ ကြိုးဟောင်းစကို နုတ်ပစ်၍ ကြိုးသစ်တပ်ကြရမည်။ ကြိုးသစ်မတပ်နိုင်ကြလျှင် ရာဇဒဏ်တစ်ထောင်သင့်စေဟု ရာဇသံနှင့် ပတ္တမြားကို ပါစီနယဝမဗ္ဗဂုံးရွာသို့ပို့စေ၏။ ရွာသူ ရွာသားအပေါင်းတို့သည် ထိုပတ္တမြား၌ ကြိုးဟောင်းကို မည်သို့နုတ်ရမည်။ ကြိုးသစ်ကိုကား မည်သို့တပ်ရမည်ဟု မသိနိုင်ကြသဖြင့် ရှေးနည်းအတူ မဟော်သဓာသုခမိန်ကို မေးကြကုန်၏။

မဟော်သဓာသုခမိန်သည် ထိုပတ္တမြားကိုမြင်လျှင် သင်တို့မစိုးရိမ်ကြလင့်။ ပျားရည်သာ ဆောင်ယူကြချေဟုဆို၍ ပျားရည်ကိုဆောင်ယူစေပြီးသော် ပတ္တမြား၌ အပေါက်ဝနှစ်ဖက်ကို လိမ်းသုတ်ပြီးမှ နူးညံ့သိမ်မွေ့လှစွာသော ကမ္ဗလာချည်ကြိုးကို ကျစ်ပြီးလျှင် ထိုကမ္ဗလာကြိုးစ၌ ပျားရည်ဖြင့်သုတ်၍ ကမ္ဗလာကြိုးစကို ပတ္တမြားပေါက်ဝ ကြိုးဟောင်းစတစ်ဖက်နှင့်တွေ့ပြီး စဉ်းငယ်သွင်း၍ထားပြီးသော် ပတ္တမြားဝ တစ်ဖက်က ပုရွက်၊ ပိုးရွ၊ ကျဉ်နီများကို စားသောက်စေခြင်းငှာ ပုရွက်၊ ကျဉ်နီ၊ ပိုးရွများကို နေရာလမ်းဝ၌တွေ့လျှက် ပတ္တမြားကိုထား၏။ ထိုအခါ ပုရွက်၊ ကျဉ်နီ၊ ပိုးရွတို့သည် ပျားရည်အနံ့ဖြင့် ထွက်လာလျှက် တစ်ဖက်သော ပတ္တမြားဝ၌ ကြိုးဟောင်းစ ဆွေးဆွေးကို ထွေးရောသုတ်ထားသော ပျားရည်ရမ္မက်ဆော်နှိုးသဖြင့် ကြိုးနှင့် ပျားတို့ခြားနား မထင်၊ သူ့အလျင် ငါ ဦးအောင်သာ ကိုက်ခဲသောက်စားကာ ပတ္တမြားတွင်းသို့ ဝင်လျှက် တစ်ဖက်ကမ္ဗလာကြိုးသစ်ကို ကိုက်ငင်၍ဝင်ခဲ့သောအပေါက်ကို နောက်ဆုတ်ဆောင်ယူထွက်ကုန်၏။

ဤသို့ အကောက်ရှစ်ပါးနှင့် ပတ္တမြားမျက်မြတ်ကို ကြိုးတပ်၍ ပြီးပြီးသော် မဟော်သဓာသုခမိန်သည် ရွာသားအပေါင်းတို့အား "ဤပတ္တမြား၌ ကြိုးဟောင်းကိုနုတ်ပစ်၍ ကြိုးသစ်တပ်ခြင်းသည် သူဌေးသားမဟော်သဓာ ပညာဖြစ်သည်ဟုလျှောက်ထား၍ မင်းကြီးအားဆက်လေတော့" ဟုဆို၏။ ရွာသူရွာသားအပေါင်းတို့လည်း ဘုရားနေလာင်းဆိုတိုင်းပင်လျှင် မင်းကြီးအားလျှောက်ထား၍ ပတ္တမြားကို ပို့ဆက်ကုန်၏။ ဝိဒေဟရာဇ်မင်းကြီးသည် ပတ္တမြား၌ ကြိုးနုတ်ကြိုးသွင်း အခြင်းအရာ၊ ပညာဂုဏ်သတ္တိကို ကြားသိရလျှင် အလွန်နှစ်သက်သဖြင့် သေနကအမတ်ကြီးကိုခေါ်၍ တိုင်ပင်မြဲတိုင်ပင်ပြန်၏။ သေနကအမတ်သုခမိန်သည် "အရှင်မင်းကြီး၊ ဤမျှဖြင့် မဆောင်ယူသင့်သေး။ ပညာစမ်းရန် ရှိပါသေးသည်။ ငံ့တော်မူဦးလော့" ဟု လျှောက်သဖြင့် မင်းကြီးငံ့နေပြန်၍ တစ်ဖန်ပြဿနာတစ်နည်း စီရင်ပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်သတည်း။

## ခက်ဆစ်အဖွင့်

၁။ ကမ္ဗလာ = သက္ကလတ်။ နူးညံ့သော ချည်တစ်မျိုး။

၂။ စဥ်းငယ် = နည်းနည်း၊ အနည်းငယ်။

၃။ ကျဥ်နီ = ပုရွက်ကောင်ကြီးတစ်မျိုး။

၄။ ရမ္မက် = တပ်မက်နှစ်သက်ခြင်း။

## ၁၅။ သားဖွား ပြဿနာ ဖြေခန်း

သားဖွားပြဿနာ ဟူသည်ကား ထိုပတ္တမြားကို ကြိုးတပ်စေပြီး သည်၏နောက်တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီး၏ တစ်ခုသော မင်္ဂလာနွားလားကို သားရှိသောဝမ်းကဲ့သို့ ရမ်းရမ်းမို့အောင် ပဲပြုတ်ကို သာ အခါခါ တိုက်ကျွေး၍ နေ့ရက်စေ့ပြီး ဖွားလုနီးသော နွားမကဲ့သို့ ရှိစေပြီးသော် ဦးချိုနှစ်ဖက် ကိုလည်း သန့်သက်စွာ ပွတ်ဆေး၍ ဆီဖြင့်သုတ်လိမ်းလျက် ကိုယ်ကိုလည်း နနွင်းရည်ဖြင့် သုတ်လိမ်းပြီးလျှင် အရှေ့ ယဝမဇ္ဈဂုံးရွာသားတို့ ပညာရှိကြောင်းကို ငါကြားသိတော်မူရသည်နှင့် လျော်ညီစွာ ငါ၏မင်္ဂလာရှိသော ဤနွားလားဥသဘသည် ကိုယ်ဝန်ဆောင်၍ ယခုလစေ့နေ့စေ့ပြီးဖြစ်သည်။ ထိုနွားလားဥသဘကို သားဖွား စေပြီးလျှင် သားငယ်နှင့်တကွ ထိုနွားလားဥသဘကို ငါ့ထံသို့ပို့ဆက်ရမည်။ ဆိုတိုင်း မပို့ဆက်ကြလျှင် ရာဇဒဏ်တစ်ထောင်သင့်စေဟု ရာဇသံနှင့် နွားလားဥသဘကို အရှေ့ယဝမဇ္ဈဂုံးရွာသို့ပို့စေ၏။ ရွာသား အပေါင်းတို့လည်း ဤနွားလားကို သားဖွားစေရမည်ဟူသည် ငါတို့အရာမဟုတ်။ မဟော်သဓာ သုခမိန် ၏ အရာသာတည်းဟု မဟော်သဓာသုခမိန်ကို အဘယ်သို့ ပြုရအံ့နည်းဟု နွားလားကိုပြ၍မေးကြကုန်၏။

မဟော်သဓာသုခမိန်သည် မင်းကြီးစားနှင့် နွားလားကို ဝိဘဇ္ဇ ဗျာကရဏဖြင့် ဖြေခြင်းငှာမထိုက် ပဋိပုစ္ဆာဗျာကရဏဖြင့် မေးတုံ့မေး၍ ဖြေခြင်းငှာထိုက်၏ဟု ကြံပြီးသော် "ရွာသားအပေါင်းတို့၊ သင်တို့သည် မင်းကြီးနှင့် အကျွမ်းဝင်သည်ဖြစ်၍ ရဲရင့်စွာ မင်းကြီးအား မကြောက်မရွံ့ လျှောက်ထားဝံ့သောသူကို ရနိုင် ပါမည်လော" ဟု မေး၏။ ရွာသားတို့လည်း "သုခမိန်၊ မင်းကြီးအား လျှောက်ထားဝံ့သောသူကို ရလွယ်ပါ၏" ဟု ဆိုကြကုန်၏။ မဟော်သဓာသုခမိန်သည် "ကောင်းပြီ။ ထိုသူကိုရလျှင် သင်တို့မစိုးရိမ်လင့်" ဟုဆို၍ မင်းကြီးအား လျှောက်ထားဝံ့သောသူကိုခေါ်စေ၍ ထိုသူ ရောက်လျှင် မင်းကြီးအား လျှောက်ထားစိမ့်သောငှာ မဟော်သဓာသုခမိန်သည် ဤသို့ မှာထား၏။ "အချင်းယောကျ်ား၊ ငါမှာထားအံ့။ သင်သည် ဆံပင်ဖြန့်ထား ဖားလျားချလျက် ထိပ်ထက်လက်တင်၊ ရင်အုံခတ်တီး ရှိုက်ကြီးတငင် ပင်ပန်းစွာ ဤရွာမှ မင်းကြီးနန်းတော် အရှေ့တံခါးဝတိုင် ငိုမြည်တမ်း၍ သွားလော့။ မင်းကြီးမှတစ်ပါး မေးငြားသော်လည်း မည်သို့မျှ မပြန်ကြားနှင့်။ မင်းကြီးနားကြားတော်မူ၍ အမေးတော်ရှိမှ ဤသို့လျှောက်လေ။ ကြီးမြတ်တော်မူလှသော ဘုန်းတော်ဖြင့် ကျွန်တော်မျိုးတို့၏ ချမ်းသာကို ပေးတော်မူတတ်သော အရှင် မင်းကြီး၊ အကျွန်ုပ်အား သနားကိုးကွယ်ရာ ဖြစ်တော်မူပါ။ အကျွန်ုပ်၏အဘသည် လောက၌ ယောကျ်ား သားမွေးဖူးသည် မရှိဖူးလျက် အထူးအခြား သားဖွားမည်ပြုလျက်မဖွားနိုင်၍ ယနေ့ခုနစ်ရက်တိတိရှိခဲ့ပြီ။ အကျွန်ုပ်အား သနားတော်မူသဖြင့် အကျွန်ုပ် အဘသားဖွားခြင်း အကြောင်းကို အရှင်မင်းကြီး ဖန်ဆင်း စီရင်တော်မူပါလော့" ဟု မကြောက်မဝံ့ လျှောက် လေလော့။ ထိုသို့ တင်လျှောက်ထားသဖြင့် မင်းကြီးသည် "အချင်းယောကျ်ား၊ သင်အဘယ်သို့ မြည်တမ်း သနည်း။ ရူးသလော။ အဘယ်သို့လျှင် ယောကျ်ားစင်စစ် ဖြစ်လျက် သားဖွားအံ့နည်း" ဟုဆိုလျှင် "အရှင် မင်းကြီး၊ ထိုသို့အမိန့်တော်ရှိတိုင်း ယောကျ်ားသားဖွားရိုး မဟုတ်ခဲ့သော် အရှေ့ယဝမဇ္ဈဂုံး ရွာသားတို့သည် မင်္ဂလာနွားလားကို သားဖွားစေခြင်းငှာ အဘယ်သို့ တတ်နိုင်ရာလိမ့်မည်နည်းဟု သင်လျှောက်ထားလေ" ဟု

ဆို၏။ ထိုယောကျ်ားလည်း ဤသို့ မဟော်သဓာ သူခမိန်မှာတိုင်း အလုံးစုံကိုပြု၏။ ထိုစကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် "အချင်းယောကျ်ား၊ ဤပြဿနာတို့ကို အဘယ်သူစီရင်သနည်း" ဟုမေး၏။ ထိုယောကျ်ားလည်း "အရှင်မင်းကြီး၊ သူဌေးသား မဟော်သဓာ စီရင်ပါသည်" ဟုလျှောက်လျှင် ဝိဒေဟရာဇ် မင်းကြီးသည် အလွန်နှစ်သက်ခြင်းရှိသဖြင့် ရှေးနည်းအတူ သေနကအမတ်ကိုတိုင်ပင်ပြန်လတ်သော် သေနကအမတ်သည် "အရှင်မင်းကြီး၊ စုံစမ်းရန် ပြဿနာရှိပါသေးသည်။ ငံ့တော်မူဦးလော့" ဟုလျှောက်၍ မင်းကြီး ငံ့နေတော်မူသဖြင့် ပြဿနာ တစ်နည်းကို စီရင်ပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာတစ်ကြိမ် ဖြစ်သတည်း။

## ခက်ဆစ်အဖွင့်

| | | | |
|---|---|---|---|
| ၁။ | နွားလား | = | နွားအုပ်ကိုဦးစီးသောနွား။ |
| ၂။ | ရမ်းရမ်းမို့ | = | ဖောရောင်မို့မောက်သော။ |
| ၃။ | သန့်သက်စွာ | = | သန့်ရှင်းစွာ။ |
| ၄။ | ဝိဘဇ္ဇဗျာကရဏ | = | ခွဲခြမ်းစိတ်ဖြာ၍ ဖြေဆိုချက်။ |
| ၅။ | ပဋိပုစ္ဆာဗျာကရဏ | = | ပြန်မေး၍ ဖြေဆိုချက်။ |
| ၆။ | ရှိုက်ကြီးတငင် | = | ဝင်သက်ရှည်ကြာစွာ ပြင်းစွာရှိုက်လျက် (ငိုသည်)။ |

## ၁၆။ ထမင်းပြဿနာဖြေခန်း

**ထမင်းပြဿနာ** ဟူသည့်ကား ထိုသားဖွားပြဿနာ မေးပြီးသည်၏ နောက်တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် အရှေ့ယဝမဇ္ဈဂုံး ရှာသားတို့ပညာရှိကြောင်းကို ငါကြားသိတော်မူရသည် နှင့်အညီ ဆန်လည်းမဟုတ်၊ ရေလည်း မဟုတ်၊ ထမင်းအိုးလည်းမဟုတ်၊ ခုံလောက်လည်း မဟုတ်၊ မီးလည်း မဟုတ်၊ ထင်းလည်းမဟုတ်၊ မိန်းမယောကျ်ားလည်း မဟုတ်သည်တို့ဖြင့် ထမင်းချဉ်ချက်၍ လမ်းမဟုတ် သည်ဖြင့် ပို့ဆက်လာရမည်။ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ထမင်းချဉ်မရောက်လျှင် ရာဇဒဏ်တစ်ထောင် သင့်စေဟု စေလိုက်၏။ ရှာသားအပေါင်းတို့သည် မကြံနိုင်ကုန်သည်ဖြစ်၍ မဟော်သဓာ သုခမိန်ကိုသာလျှင် မေးကြကုန်၏။

မဟော်သဓာသုခမိန်လည်း ထိုစကားကိုကြားလျှင် "သင်တို့မစိုးရိမ်ကြလင့်။ ဆန်မဟုတ် ဆိုသောကြောင့် ဆန်ကွဲကိုယူချေ။ ရေမဟုတ် ဆိုသောကြောင့် ဆီးနှင်းကိုယူချေ။ ထမင်းအိုးမဟုတ် ဆိုသောကြောင့် ထမင်းဟင်းမချက်ရသေးသော အိုးသစ်ကိုယူချေ။ ခုံလောက်မဟုတ်ဆိုသောကြောင့် သစ်သားစိမ်းသုံးချောင်းကိုယူ၍ သုံးခုဆိုင်နှက်၍ မီးမဟုတ်ဆိုသောကြောင့် တစ်ပါးမီးမှာမညှိဘဲ ပွတ်မီးကို ယူချေ။ ထင်းမဟုတ်ဆိုသောကြောင့် သစ်ရွက်ခြောက်ကိုယူချေ။" ဤသို့ဆိုတိုင်းယူစေ၍ စီရင်ခင်းကျင်း လျက် ချဉ်သောအရသာ အတန်ငယ်ရောစ၍ ထမင်းချဉ်ချက်စေပြီးသော် အိုးသစ်၌ထည့်ပြီးမှ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ထမင်းချဉ်တော်ဟု တံဆိပ်ခတ်နှိပ်ပြီးလျှင် မိန်းမ ယောကျ်ား မဟုတ်ဟူသောကြောင့် နပုံသက ပဏ္ဍုက်ကို ရွက်စေလျက် လမ်းခရီးမဟုတ်ဟူသောကြောင့် ခရီးလမ်းမကိုမသွားစေဘဲ အိမ်ကြားဝင်းနား ခြေဖြင့်သွားလောက်သော ခြေကြောင်းခရီးဖြင့်သာသွားစေ၍ မင်းအား ပို့ဆက်စေ၏။ ဝိဒေဟရာဇ် မင်းကြီးလည်း ဤပြဿနာကို အဘယ်သူဖြေစီရင်သနည်းဟု မေး၏။ မဟော်သဓာသုခမိန် စီရင်ပါသည်ဟု လျှောက်လျှင် အလွန်နှစ်သက်ခြင်းဖြစ်သဖြင့် ရှေးနည်းအတူ သေနကသုခမိန်အမတ်ကြီးကိုခေါ်၍ တိုင်ပင်ပြန်၏။ သေနကအမတ်လည်း "အရှင်မင်းကြီး၊ သည်းခံတော်မူဦးလော့" ဟုလျှောက်၍ ပြဿနာတစ် နည်းကို စီရင်ပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်သတည်း။

### ခက်ဆစ်အဖွင့်

၁။ ခုံလောက် = ထမင်းအိုး၊ ဟင်းအိုး တည်ရာတွင် အောက်ခံခုံအဖြစ် သုံးရသော မြေစိုင် မြေခဲ၊ ကျောက်တုံး ကျောက်ခဲ စသည်။

၂။ ပွတ်မီး = ပွတ်ခုံစသည်တို့ဖြင့် ပွတ်ယူရရှိသော မီး။

၃။ နပုံသကပဏ္ဍုက် = ယောကျ်ားကိုယ်၊ မိန်းမကိုယ် မထင်ရှား ချို့တဲ့သူ။

# ၁၇။ သဲလွန်ပြဿနာဖြေခန်း

**သဲလွန်ပြဿနာ** ဟူသည်ကား ထိုနောက် တစ်နေ့သ၌ ဝိဒေဟရာဇ် မင်းကြီးသည် ပါစီန ယဝမဇ္ဈကိုး ရွာသားတို့ ပညာရှိကြောင်းကို ငါကြားသိတော်မူသည်နှင့်အညီ ငါယခုပုခက်ယာဉ်ညင်စီး၍ ကစားတော်မူလိုသည်။ ပုခက်ယာဉ်ညင်ဆွဲမြဲဖြစ်သော သဲလွန်ကြိုး ဟောင်းပြတ်သည် ဖြစ်သောကြောင့် ယခု ပုခက်ယာဉ် ညင်ဆွဲရန် သဲလွန်ကြိုးသစ်ကျစ်၍ ဆက်ပို့ကြရမည်။ သဲလွန်ကြိုးသစ်ကျစ်၍ မဆက်မပို့နိုင်လျှင် ရာဇဒဏ် တစ်ထောင်သင့်စေဟု စေလိုက်၏။ ရွာသားအပေါင်းတို့သည် မကြံနိုင်ကြကုန်သဖြင့် မဟော်သဓာသုခမိန်ကို မေးကြကုန်၏။

မဟော်သဓာသုခမိန်သည် ထိုစကားကိုကြားလျှင် ဤအရာကား ပဥှာတို့မေး၍ ဖြေခွင့်ဖြစ်သည်ဟု သိပြီးသော် "သင်တို့ မစိုးရိမ်ကြလင့်။ စကားအရာ၌ လိမ္မာကျစ်လျစ်ပြေပြစ်ကျွမ်းကျင်စွာ အရှင်မင်းကြီးအား လျှောက်ထားဝံ့သူ နှစ်ယောက်ကိုသာ ရစေလော့" ဟုဆို၍ စကားအရာ၌ လိမ္မာသောသူ နှစ်ယောက်ကို ရှာ၍ရသဖြင့် ထိုသူနှစ်ယောက်တို့အား မဟော်သဓာသုခမိန်သည် ဤသို့သော အကြောင်းကို မှာကြား လျှောက်ထားစေ၏။ "အချင်းတို့၊ သင်တို့သည် ငါမှာတိုင်းမှတ်သား၍ မင်းကြီးအား လျှောက်ထားချေ။ "ဘုန်း တော်အလွန်ကြီးမြတ်တော်မူလှသောအရှင်မင်းကြီး၊ အရှေ့ယဝမဇ္ဈကိုးရွာသားတို့ကို သဲလွန်ဟောင်း ပြတ်၍ သဲလွန်သစ်ကျစ်ရမည် အမိန့်တော်ရောက်သည်မှာ သဲလွန်အကြီး အငယ်ပမာဏ ကျစ်ရမည့် သဏ္ဌာန် အလုံးအထွာကို မသိရဖြစ်ပါသည်။ သဲလွန်အဟောင်းပြတ်စတစ်ထွာ လက်လေးသစ်ခန့်မျှ ပုံတော်ရပါမှ အတုပုံယူ၍ တူအောင်ကျစ်နိုင်ပါမည် ဖြစ်သောကြောင့် သဲလွန်ဟောင်းစတစ်ခုကို သနား တော်မူပါ" ဤသို့ လျှောက်ချေ။ မင်းကြီးသည် သင်တို့စကားကိုကြားလျှင် "အချင်းတို့၊ ငါ၏နန်းတော်ထဲ၌ သဲလွန်စဘယ်မှာရ မည်နည်း။ မအပ်မရာသောစကားကို အဘယ်ကြောင့်သင်တို့ လျှောက်ထားကြသနည်း" ဟုအ မိန့်တော်ရှိလျှင် "အရှင်မင်းကြီး၊ အလိုတော်ရှိတိုင်း ပြီးစေနိုင်လျက် ဘုန်းကြီးလှသော အရှင်မျှ သဲလွန်ကိုကျစ်၍ မဖြစ်နိုင်ခဲ့သော် ဘုန်းညံ့သော အရှေ့ယဝမဇ္ဈကိုးရွာသား ကျွန်တော်မျိုးတို့မှာ အဘယ်သို့ သဲလွန် ကျစ်ရပါမည်နည်း" ဤသို့ လျှောက်ချေလော့" ဟုစေလိုက်၏။ ထိုယောကျ်ားနှစ်ယောက်တို့သည် မဟော်သဓာသုခမိန်မှာတိုင်း အလုံးစုံကို ဝိဒေဟရာဇ်မင်းကြီးအား လျှောက်ထားကြကုန်၏။ ဝိဒေဟရာဇ် မင်းကြီးသည် ဤပြဿနာကို အဘယ်သူ ဖြေစီရင်ပါသနည်းဟုမေး၍ မဟော်သဓာဖြေစီရင်ပါသည်ဟု လျှောက်လျှင် အလွန်နှစ်သက်ခြင်း ဖြစ်သဖြင့် ရှေးနည်းအတူ သေနက အမတ်ကြီးကိုခေါ်၍ တိုင်ပင်ပြန်၏။ အမတ်ကြီးလည်း "အရှင်မင်းကြီး၊ သည်းခံ တော်မူဦးလော့။ အထူးစုံစမ်းရန် ပြဿနာရှိပါသေးသည်" ဟု လျှောက်၍ ပြဿနာတစ်နည်း စီရင်ပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာတစ်ကြိမ်ဖြစ်သတည်း။

## ခက်ဆစ်အဖွင့်

၁။ ပဥှာ = အမေးပုစ္ဆာ။

## ၁၈။ ရေကန်ပြဿနာဖြေခန်း

**ရေကန်ပြဿနာ** ဟူသည်ကား ထိုသဲလွန်ပြဿနာဖြင့် စုံစမ်းပြီးသည်၏ နောက်တစ်နေ့သဉ္စ ဝိဒေဟရာဇ်မင်းကြီးသည် အရှေ့ယဝမဇ္ဈဂုံးရွာသားတို့ ပညာရှိကြောင်းကို ငါကြားသိတော်မူရသည်နှင့် အညီ ယခုရေကစားတော်မူလိုသောကြောင့် ကြာမျိုးငါးပါးတို့ဖြင့် ဖုံးလွှမ်းအပ်သော ရေကန်တစ်ခုကို ယခုပို့ဆက်ကြရမည်။ မပို့မဆက်နိုင်လျှင် ဒဏ်တစ်ထောင်သင့်စေဟု စေလိုက်၏။ ရွာသားအပေါင်း တို့လည်း မကြံနိုင်ကြသဖြင့် မဟော်သဓာကိုသာ မေးကြကုန်၏။

**မဟော်သဓာ**သုခမိန်သည် ထိုစကားကိုကြားလျှင် ဤအရာလည်း ပြဿနာ တို့ပြန်ခြင်းငှာထိုက်၏ ဟု သိပြီးသော် "အချင်းတို့၊ မစိုးရိမ်ကြလင့်။ စကားအရာ လိမ္မာရဲရင့်သော လူနှစ်ယောက် သုံးယောက်ကို ခေါ်ချေ" ဟုစေ၍ခေါ်ပြီးလျှင် "သင်တို့၊ ငါမှာအပ့်သောစကားကို နားရွက်ကြကုန်။ သင်တို့သည် မျက်စိများ နီအောင် ရေကစားပြီးလျှင် ဆံပင်အဝတ်၊ စွတ်စွတ်စိုစို ကိုယ်၌အလိမ်းလိမ်း လူးကပ်သော ရွှံ့ညွန်၊ လွန်ကြိုး၊ လှံတံ၊ တုတ်၊ အုတ်၊ ကျောက်ခဲ စွဲကိုင်ကုန်လျက် နန်းတော်အရှေ့မျက်နှာတံခါးဝသို့ ရှေးရှု သွားပြီး သော် တံခါးဝ၌ရပ်နေ၍ အတွင်းတော်မြဲမင်းများကို အရှေ့ယဝမဇ္ဈဂုံးရွာသားတို့က အသနား တော်ခံ နန်းတော် တံခါးဝသို့ရောက်ကြောင်းနှင့် မင်းကြီးအား လျှောက်ထားစေပြီးမှ မင်းကြီးကဝင်စေ အမိန့်တော်ပြန်လျှင် အလျှင်လိုဟန်နှင့်ဝင်၍ အရှင်မင်းကြီးအား ဤသို့လျှောက်ထားကြလေ။ "ဘုန်းတော် ကြီးလှသောအရှင်မင်းကြီး၊ အရှေ့ယဝမဇ္ဈဂုံးရွာသားတို့ကို ရေကန်ပို့ဆက်ရမည် အမိန့်တော်မြွက်ရောက်၍ အရှင်မင်းကြီးနှင့် ထိုက်တန် သော ရေကန်တစ်ခုကို တောအရပ်၌ ရှာဖွေလိုက်လံဖမ်းဆီးလျက် မထွက်မပြေးသာအောင် ခိုင်ခံ့စွာသော ကြိုးလွန်တို့ဖြင့် စည်းနှောင်ချည်တုပ်ပြီးလျှင် ဆွဲငင်ဆောင်ယူ၍ မြို့တော်သို့အပို့အဆက် အကျွန်ုပ်တို့တစ်စု ယခုလာပါသည်တွင် ထိုရေကန်သည် လူသံမကြား တောသားအရိုင်း ဖြစ် သည်နှင့် အရှင့်မြို့တော် ကျုံးတော်၊ ပြအိုး၊ တန်ဆောင်း၊ သူရဲခို၊ မုခ်တံခါး၊ သွားလာ မြူးရွှင်ကြသော လူသံ၊ ဆင်သံ၊ မြင်းသံ အတန်တန် အတည် တည်၊ စည်ပင်လှသောမြို့အင်္ဂါကို တစ်ရံတစ်ခါ ဤနေ့မှ တွေ့ကြုံရသည်ဖြစ်၍ ဆွေ့ဆွေ့ခုန် ထိတ်လန့် ကြောက်ရွံ့ခြင်းဖြင့် ငြင်းဆန်ဖယ်ရှုံ၍ ကြိုးလွန်အားလုံး ကို ပြုန်းပြုန်းဖြတ်လျက် အလွတ်ထွက် ပြေးသဖြင့် အကျွန်ုပ်တို့ ဤတုတ်၊ အုတ်၊ လှံတံ၊ ကျောက်ခဲဖြင့် ရိုက်ပုတ် ပစ်ခတ်၍ ကျပ်တည်းစွာ ချည်နှောင်ဆောင်ယူ ပါသော်လည်း အရိုင်းတောသားကို မတားမြစ်နိုင်ရှိပါသည်။ အကျွန်ုပ်တို့အား သနားတော်မူသဖြင့် လိမ္မာယဉ် ကျေးသော အရှင်မင်းကြီး ရေကန်တော် ဟောင်းနှင့် တွဲယှဉ်၍ဆောင်ယူရပါမှ မြို့တော်သို့ ထိုရေကန်ရောက်နိုင် ပါမည်။ ရေကန်ဟောင်း သနားတော်မူပါ" ဟုမင်းကြီးအား လျှောက်ထားကြလေ။ သင်တို့စကားကို မင်းကြီး ကြားလျှင် "အချင်းတို့၊ ငါသည် ထီးနန်းစိုးစံတော်မူသည်လည်းကြာလေပြီ။ တောအရပ်မှာ ရေကန်ကိုဆောင်ယူ ရသည်ဟူ၍လည်း မကြားစဖူး။ ရေကန်ရိုင်းကို ရေကန်ယဉ်နှင့် တွဲယှဉ်ဆောင်ယူရသည်ဟူ၍လည်း မရှိစဖူး။ သင်တို့အဘယ်ကြောင့် ဤစကားကို လျှောက်ထားကြသနည်း" ဟုမေးလတ္တံ့။ ထိုအခါ သင်တို့သည် "အရှင် မင်းကြီး အလိုတော်ရှိလျှင် ပြီးစေနိုင်လျက် ဘုန်းတော်ကြီးလှသော အရှင်မှတော၌ရေကန်ရိုင်းကို မဆောင်

ယူနိုင်ခဲ့သော် ဘုန်းနည်းသော အရှေ့ယဝမဇ္ဈဂိုးရွာသား ကျွန်တော်မျိုးတို့သည် အဘယ်သို့ ရေကန်ကိုဆောင်ယူနိုင်ပါအံ့နည်း" ဟုမင်းကြီး အား သင်တို့လျှောက်ထားလေ" ဟုဆို၏။

ထိုသူတို့လည်း မဟော်သဓာသုခမိန်စီရင်တိုင်း အလုံးစုံကိုပြု၍ မင်းကြီးအား လျှောက်ထားကြလေ၏။ ဝိဒေဟရာဇ်မင်းကြီးလည်း ထိုစကားကို ကြားလျှင် "ဤပြဿနာကို အဘယ်သူ ဖြေစီရင်သနည်း" ဟုမေး၏။ "မဟော်သဓာသုခမိန် စီရင်ပါသည်" ဟုကြားလတ်သော် ရှေးထက်အလွန်နှစ်သက်ခြင်း ဖြစ်သဖြင့် သေနကသုခမိန်ကိုခေါ်၍ ရှေးနည်းအတူတိုင်ပင်ပြန်၏။ သေနကအမတ်ကြီးလည်း "အရှင်မင်းကြီးငံ့တော်မူပါဦး။ အထူးအခြား တစ်ပါးသော ပြဿနာရှိပါသေးသည်" ဟုလျှောက်၍ ပြဿနာ တစ်နည်းကို စီရင်ပြန်၏။

ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်သတည်း။

**ခက်ဆစ်အဖွင့်**

| | | | |
|---|---|---|---|
| ၁။ | ကြာမျိုးငါးပါး | = | ကုမုဒြာကြာ၊ ကြာပုဏ္ဍရိတ်၊ ပဒုမ္မာကြာ၊ ကြာနီ၊ ကြာညို။ |
| ၂။ | လွန်ကြိုး | = | တုပ်ချည်ဆွဲဆိုင်းရန် လိမ်ကျစ်ထားသောကြိုး။ |
| ၃။ | အတွင်းတော်မြဲမင်း | = | နန်းတော်ဆောင်အတွင်းတွင် အမြဲမပြတ်ခစားရသော မှူးမတ်၊ ဝန်စသည်။ |
| ၄။ | အလျင်လို | = | လျင်မြန်စေလိုသောအားဖြင့်။ အရေးတကြီး။ |
| ၅။ | ကျုံးတော် | = | နန်းမြို့ကို ပတ်ရံတူးဖော်ထားသော မြောင်းကြီး။ |
| ၆။ | ပြအိုး | = | မြို့ရိုးပေါ်တွင် အရပ်မျက်နှာတိုင်း၌ ပြာသာဒ်နှင့်တကွ ဆောက်လုပ်ထားသော အဆောင်။ |
| ၇။ | တန်ဆောင်း | = | အမိုးတွင် အထွတ်တပ်ထားသော အဆောင်။ |
| ၈။ | သူရဲခို | = | စစ်သည်သူရဲတို့ အကာအကွယ်ပြု၍ခိုလှုံရာ မြို့ရိုးထက်ရှိ အုတ်ထရံငယ်။ |
| ၉။ | မုခ်တံခါး | = | အပေါက်ဝ။ တံခါးပေါက်။ |
| ၁၀။ | အတန်တန်အတည်တည် | = | ထပ်ကာထပ်ကာ။ အကြိမ်ကြိမ်အဖန်ဖန်။ |
| ၁၁။ | ဆွေ့ဆွေ့ခုန် | = | တုန်လှုပ်ချောက်ချားသည်။ |